

အကောင်းဆုံးသိုင်းသမား၏
ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၉၇၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၅၂၀၂၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

သစ္စာမှန်
စာပေနှင့် စာအုပ်ချုပ် လုပ်ငန်း၊
မိုက်ကျိုး၊ မန္တလေး။

(၁)

ဆောင်းဦးရာသီဖြစ်သည်။

အနောက်ဘက်တောင်တန်းတခိုတွင် ရွက်နီပင်ကလေးများ နီတျာတျာအဆင်းတန်ဆာဆင်လျက် ပွင့်ငုံဝေစည်နေပေပြီ။ တောနှင့်တောင်သည် လှချင်တိုင်းလှလျက် ဆောင်းနှင်းပွင့်များသည် တဖွဲဖွဲ ကြွေသက်နေပေသည်။

တောတောင်နှင့်တကွ ပတ်ဝန်းကျင်အဝှမ်း ရှုမြင်လေရာတိုင်းသည် ဆီးနှင်းမြူခိုးများ ဝေ့ဝန်းယှက်ဖြာလျက် မှိုင်းမှုန်ရီဝေကာ ဟေမန္တရာသီ၏ ရသအလှကို ဖော်ကျူးနေပါ၏။

ဤလိုရာသီသမယ၊ အေးမြနေသော အလှနံနက်ဦးတွင် လမ်းသွားလမ်းလာများ နည်းပါးသည်။ ပြတ်တောက်သည်။ အေးစိမ့်သော ဆောင်းနံနက်ဦးတွင် အိမ်ထဲ၊ ယာထဲမှာသာ နွေးနွေးထွေးထွေး၊ ငြိမ့်ငြိမ့်ကလေးနေချင်ကြပေလိမ့်မည်။ နေကြပေလိမ့်မည်။

သို့ရာတွင် ယနေ့သည် ကိုးလ၊ ဆယ့်သုံးရက်နေ့ဖြစ်၏။

သည်နံနက်တွင် သူသည် အများသူငါနှင့်တမူထူးလျက် ဆောင်းနှင်းများ ကြွေသည်းနေရာ တစ်ခုသောလမ်းမပေါ်တွင်လျှပ်ရှားလျက် ရှိနေပါ၏။ သူဆိုသည်က လီရက်ပေ။

မှန်သည်။ လီရက်ပေသည် သူပိုင်ရိပ်သာသုံးဆယ်အနက် ဆယ့်သုံးခုမြောက်သော ရိပ်သာမှထွက်ကာ နှင်းများသဲသဲအုပ်အုပ် ကြွေသက်နေရာလမ်းတစ်လမ်းပေါ်တွင် ခြေလှမ်းမှန်မှန်လျှောက်လှမ်းလျက် ရှိနေပါ၏။

သူ့ဝန်းကျင်တွင် ပောမန္တ၏အဆင်းတန်ဆာ ငွေနှင်းပွင့်ဖြူဖြူကလေးများ အပြေးကလေး မိုးပမာ တသဲသဲ ကြွေသက်လျက်ရှိနေပါသည်။

ခြောက်ပေရှည်သော သူ့အရပ်၊ တုတ်ခိုင်တောင့်တင်းသော ကိုယ်လုံး၊ ထူထဲသောမျက်ခုံးမွေးများနှင့် ရူးရှသောမျက်လုံးစုံအပြင် သိမ်းငှက်နှုတ်သီးကဲ့သို့သောနှာတံကောက်၊ တည်ကြည်သောမျက်နှာထားတို့က လီရက်ပေ၏ခန့်ငြားခြင်း အသရေကိုဖော်ပြနေပါ၏။





သူ့သွင်ပြင်ဟန်နှင့်တကွ၊ တစ်ကိုယ်လုံးကိုပါ မြှုရှုကြည့်သော် သူသည် တောနက်ထဲမှ အရှိန်အဟုန်ဖြင့် ပြေးထွက်လာသောကျားသစ်နက်တစ်ကောင်ပမာ အင်အားဖြိုးပြည့်လှပေသည်။

ထို့ကြောင့် သူ၏သွင်ပြင်ဟန်ကိုမြင်လိုက်သည်နှင့်မည်သူမဆို သူ့အား လေးစားရွံ့ကြောက်လိုစိတ် တဖွားဖွား ဖြစ်ပေါ် လာတတ်ပေ၏။

မှန်ပါသည်။ လီရက်ပေသည် တကယ်လည်း လေးစားရွံ့ကြောက်ဖွယ်ရာကောင်းသောပုဂ္ဂိုလ်ကြီးတစ်ဦးပင်ဖြစ်သည်။

ကုန်လွန်ခဲ့သော ဆယ်နှစ်ကာလဆီကဆိုလျှင် ဤကျင်းလိမ် နေပြည်တော်အတွင်း အင်အားအရှိဆုံး လူပုဂ္ဂိုလ်သုံးလေးဦးထဲတွင် လီရက်ပေသည် တစ်ဦးအပါအဝင်ဖြစ်သည်မဟုတ်ပါလား။

ယခု လီရက်ပေသည် နှင်းတောထဲတွင် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလျက်ရှိသည်။

ဟော… သူ့နောက်မှာလည်း လူအုပ်တစ်အုပ်က လိုက်လာနေပါ၏။

သို့သော် သူတို့တွေ အပြေးကလေးလိုက်လာတော့မှ လီရက်ပေ၏ခြေလှမ်းကို မှီနိုင်တော့သည်။

ယင်းလူအုပ်ထဲတွင် ထိပ်ထိပ်ကျဲပုဂ္ဂိုလ်နှံ့ပါကြသည်။ တချို့က အာမခံဌာနမှအကြီးအကဲများ၊ အချို့က နေပြည်

တော်တွင်းရှိ ဂိုဏ်းအဖွဲ့အသီးသီးမှဆရာကြီးများ၊ တချို့ကျတော့လည်း လွန်စွာ စီးပွားရေးအောင်မြင်နေသော သူဌေးသူကြွယ်များ၊ ဘဏ်သူဌေးကြီးများအထိ ဂုဏ်ကယ့်ထိပ်ထိပ်ကျဲ ပုဂ္ဂိုလ်များချည်းဖြစ်လေသည်။

ထူးတော့ထူးသည်။ ဤလိုထိပ်ထိပ်ကျဲ ဇိမ်ခံလူတန်းစားတွေက လွန်စွာဇိမ်ခံ၍ကောင်းသော ဆောင်းအလှနံနက်ဦးတွင် အဘယ်ကြောင့် ဇိမ်ခံခြင်းကိုစွန့်လွှတ်၍ လီရက်ပေနောက်သို့ ကောက်ကောက်ပါအောင် လိုက်နေရပါသနည်း။

တစ်နေ့လည်းမဟုတ်၊ နှစ်နေ့လည်းမဟုတ် နေ့စဉ်နေ့တိုင်း နိစ္စဓူဝပမာ လီရက်ပေနောက်သို့ လိုက်ပါလမ်းလျှောက်ထွက်နေခြင်းကပင် ထူးခြားခြင်းတစ်ရပ်မဟုတ်ပါလော။

မှန်သည်။ လီရက်ပေသည် နေ့စဉ်နေ့တိုင်း သည်လိုနံနက်ဦးတွင် သည်လမ်းမအတိုင်း နာရီဝက်ခန့် လမ်းလျှောက်တတ်စမြဲ။

သည်လူတွေကလည်း သူ၏နောက်မှလိုက်ပါတတ်မြဲ။

အဘယ့်ကြောင့်ဟူမူ ဤနယ်ပယ်ဒေသဝန်းကျင်တွင် လီရက်ပေ၏အရှိန်အဝါက ကြီးသည်။ ဩဇာကထက်သည်။ ဘုရင်တစ်ပါးပမာ ဘုန်းသမ္ဘာရင့်သည်။

ယင်းကြောင့် ဤပုဂ္ဂိုလ်များသည် သူ့နောက်သို့အလိုပါသည် ဖြစ်စေ အလိုမပါသည်ဖြစ်စေ ရန်ရွှေတော်များပမာလိုက်ကြရ



သည်မှာ ဆန်းသလိုရှိသော်လည်း တကယ်ကား အဆန်းမဟုတ်ပါချေ။

သို့ဖြင့် လီရက်ပေ၏ခြေလှမ်းများသည် မြို့ပြလမ်းကိုဖြတ်ကျော်၍ လူသူတိတ်ဆိတ်သော မြို့ပြင်နားသို့ ရောက်ရှိလာသည်။

ထိုစဉ်မှာပင် လီရက်ပေက တစ်စုံတစ်ယောက်အားလှမ်း၍ အသံပြုလိုက်သည်။

"စွန်းချုံး...."

"ခင်ဗျား...."

အသံနှင့်အကူ နောက်တော်ပါးရှိ လူအုပ်ထဲမှပုဂ္ဂိုလ်တစ်ယောက် လီရက်ပေနားသို့အပြေးကလေးရောက်လို့လာသည်။

ထိုသူမှာ လီရက်ပေ၏လက်အောက်ငယ်သားတစ်ဦး။ တစ်နည်း လက်နက်ပစ္စည်းမျိုးစုံ ထုတ်လုပ်တတ်သော ကျွမ်းကျင်သူတစ်ဦး။

လီရက်ပေက ခြေလှမ်းမှန်မှန်လျှောက်ရင်း....

"ငါ မင်းကိုမှာထားခဲ့တယ် မဟုတ်လား... ဒီဆယ့်လေးငါးရက်အတွင်း ဘာအရောင်းအဝယ်မှ မလုပ်ပါနဲ့လို့ဆိုတာ"

လီရက်ပေအသံက မာလှသည်။ မျက်နှာသွင်ပြင်ကလည်း ခက်ထန်နေသည်။

"ဟုတ်... ဟုတ်ပါတယ်"

"ဒါနဲ့များ ဘာဖြစ်လို့ တို့ရဲ့လက်နက်တိုက်က ကျန်တဲ့ဓားအလက်ငါးဆယ်နဲ့ လေးကိုင်းအားလုံးကို ရောင်းထုတ်ပစ်လိုက်ရတာလဲကွ"

စွန်းချုံး မျက်နှာကွက်ခနဲပျက်သွားသည်။ ရွံ့ကြောက်ဟန်ချက်ခြင်း ပေါ်လာသည်။ ပြီး ခေါင်းကိုငုံ့ထားလိုက်သည်မှာလည်း အတန်ကြာပင်။

"ဟော့... မင်း ခေါင်းမော့လိုက်စမ်း၊ ငါမေးတာကိုဖြေဦး"

"ဟုတ်... ဟုတ်ကဲ့... ဒီအရောင်းအဝယ်က သိပ်အမြတ်အစွန်းများလွန်းလို့ ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းနိုင်ဖြစ်ပြီး ရောင်းမိတာပါ"

"ဘာ..."

လီရက်ပေ၏မျက်နှာ ပို၍တင်းမာလာသည်။ အာမေဋိတ်ပြုလိုက်သောအသံက ထိုလူဦးခေါင်းကို မိုးကြိုးပစ်ခွင်းလိုက်သလိုပြင်းထန်သည်။

လီရက်ပေ ဒေါသူပုန်ထသောအခါ သူ့ဟန်အတိုင်း လက်သီးဆုပ်ကာ မျက်ထောက်နီလျက် တစ်ဘက်သားကို စူးစူးဝါးဝါး



စိုက်ကြည့်တတ်သည်။

"ဟော့ကောင်... အဲဒီပစ္စည်းတွေကို မင်း ဘယ်သူ့ကိုရောင်းလိုက်မိမှန်း မင်းသိရဲ့လားကွ"

"မ... မ... မသိပါဘူး"

စွန်းချုံးက ထစ်ထစ်ငေါ့ငေါ့ဖြေရင်း ဝန်းကျင်ကိုမသိမသာလှည့်ပတ်ကြည့်သည်။

သူ ထိတ်လန့်သွားပါ၏။ ကြည့်လေ ဘာလိုလိုနှင့် သူတို့လမ်းကြားတစ်ခုထဲသို့ ရောက်နေမိပြီမဟုတ်လား။

ပြီးတော့ ဘေးတစ်ဖက်တစ်ချက်ရှိ ဆိုင်ခန်းတွေလည်း ပိတ်ထားဆဲ။ အားလုံးတိတ်ဆိတ်လျက်နေသည်။

လမ်းကြားကလည်း နှင်းမြူအောက်မှာ လင်းတစ်ဝက်မှောင်တစ်ဝက် လမ်းကြားကလေး။

ယင်းအခိုက် သူတို့ရောက်ရှိနေရာ လမ်းကြားကလေး၏တစ်ဖက်ထိပ်မှ မြင်းလှည်းနှစ်စီး အပြင်းမောင်းနှင်ဝင်လာပြီး သူတို့အား ရုတ်တရက် ထွက်ပေါက်ပိတ်ထားလိုက်ပါ၏။

သူတို့အံ့သြနေကြခိုက်မှာပင် မြင်းလှည်းနှစ်စီး၏ အမိုးအကာများ ရုတ်ခြည်းပွင့်သွားပြီး လူဆယ်ယောက်ခန့် မားမားမတ်မတ်ပေါ်လို့လာသည်။

ပြီးတော့ ထိုလူဆယ်ယောက်၏လက်ထဲမှာလည်း ပစ်အား

အကောင်းဆုံး လေးကိုင်းကိုယ်စီတွေနှင့်။

သူတို့ကိုပစ်ရန် မြားကလေးများ အရန်သင့်တပ်ဆင်ထားလျက် အားလုံးအသင့်ချိန်ရွယ်ထားပြီး အနေအထားနှင့်ရှိနေပါ၏။

စွန်းချုံးက မြင်းလှည်းနားသို့ပြေးဝင်ရန် ကြိုးစားကြည့်လိုက်ပါသေးသည်။

သို့သော် သူ နောက်ကျသွားပေပြီ။

လီရက်ပေ၏ပြုတ်တူလို သန်မာသောလက်တစ်ဖက်က စွန်းချုံးကိုမလှုပ်နိုင်အောင် ချုပ်ထားလိုက်ပြီ မဟုတ်ပါလား။

ယင်းအခိုက် စွန်းချုံးက ‘မလုပ်ကြနဲ့’ ဟု အော်ပြောရန် အပြု။

တထုံးထုံး အသံများနှင့်အတူ လေးကိုင်းမှပစ်လွှတ်လိုက်သောမြားကလေးများ တဝီဝီအော်မြည်ကာ ပိတုန်းအကောင်တစ်ထောင်ပျံဝဲလာသည့်အလား တိုးဝင်လာလေတော့သည်။

ထိုစဉ်လီရက်ပေက ရုတ်တရက် လက်ကိုဝှေ့ယမ်းလိုက်ရာ စွန်းချုံး၏ခန္ဓာကိုယ်က တစ်ပတ်လည်သွားပြီး ချက်ချင်းလီရက်ပေရှေ့မှ ဒိုင်းသဖွယ်ကာလိုက်ပြီး ဖြစ်သွားသည်။

“အား… အား”

စွန်းချုံး၏မချိမဆန့် အော်လိုက်သံများ ပဲ့တင်ထွက်သွားသည်နှင့်အတူ စွန်းချုံး၏ခန္ဓာကိုယ်အနှံ့ မြားကလေးများ တိုးဝင်နစ်မြုပ်သွားပါတော့၏။



လီရက်ပေသည် စွန်းချုံး၏ကိုယ်ကို ရုတ်တရက် တွန်းထုတ်ပစ်လိုက်သည်။

ပြီးတစ်ဖက်လေးသမားများ နောက်တစ်ကျော့ မြားမတပ်ဆင်နိုင်မီ ပြန်လည်တိုက်ခိုက်ရန် ကြိုးစားလိုက်ပါ၏။

သို့သော်လီရက်ပေ နောက်ကျသွားသည်။

ဟုတ်ပါ၏။ လီရက်ပေ တွက်ခြေမှားသွားပြီဖြစ်ပါသည်။

အကြောင်းကား လေးသမားများသည် ပထမတစ်ကြိမ်မြားကလေးများ ပစ်လွှတ်ပြီးသည်နှင့် ဒုတိယမြားကိုမတပ်ဆင်တော့ဘဲ ရုတ်တရက် ထိုနေရာတွင်ပင် ကိုယ့်ကိုဝပ်ချလိုက်ကြသည်။

တစ်ချိန်တည်းမှာပင် ပစ်ခတ်ရန် အရန်သင့်ပြင်ဆင်ထားသော နောက်ထပ်လေးသမားများ ရုတ်တရက် ပေါ်လာပြီး ပထမလေးသမားများနေရာတွင် နေရာဝင်ယူကြပြီမဟုတ်ပါလား။

ထိုအခါလီရက်ပေ၏မျက်နှာ ပို၍တင်းမာသွားသည်။

သူ့တစ်ကိုယ်လုံးလည်း တောင့်တင်းသွားသည်။

သို့သော် သူ့ခန္ဓာကိုယ် ဘယ်မျှပင် တောင့်တင်းခိုင်မာသွားစေဦး သည့်နှယ် ပစ်အားအပြင်းဆုံး လေးကိုင်းညို့များမှ ဝိုင်းဝန်းပစ်လွှတ်လိုက်တော့မည် မြားအစင်းပေါင်းများစွာကိုမူ လီရက်ပေခန္ဓာကိုယ်က ခုခံနိုင်စွမ်းရှိမည်မဟုတ်ပေ။

လီရက်ပေ မျက်လုံးအစုံပြူးကျယ်သွားပြီ။ သူ အနှစ်နှစ်

သစ္စာမှန်

ဆယ်မျှ ရှန်းကန်ကြိုးစားတည်ဆောက်ခဲ့ရသော ယခုအဆင့်လိုဘဝမျိုးရောက်ပါလေမှ တစ်ဘက်ရန်သူ၏ ထောင်ချောက်ထဲသို့ သက်ဆင်းရတော့မည့်အဖြစ်ကို လီရက်ပေ ရင်နာစွာ တွေးလိုက်မိပြီ။

ထို့ကြောင့်ထင်သည်။ လီရက်ပေ တစ်ကိုယ်လုံး တောင့်တင်းသွားရုံမက ရင်ထဲမှာလည်း ဒေါသအစိုင်အခဲများ တလိမ့်လိမ့်လှုပ်ရှားလို့လာပါ၏။

ထို့အပြင် မျက်လုံးအစုံကလည်း ကျားရဲတစ်ကောင်၏မျက်လုံးနှယ် နီမြန်းလာသည်။

တကယ်လည်း ဒေါသ ချောင်းချောင်းထွက်နေသော ကျားပေါက်တစ်ကောင်လိုဖြစ်နေပါ၏။

ဖြစ်ရှာပေမပေါ့။ တစ်ပြိုင်နက် မြားအစင်းပေါင်းများစွာက လေးညို့မှလွှတ်ခဲ့သော် သူ့ဘဝတစ်ခုလုံးချုပ်ငြိမ်းရမည့် တကယ့်သည်းထိတ်ရင်ဖိုအချိန်လေးပင် မဟုတ်ပါလား။

သို့သော် ရင်ခုန်နှုန်းလုံးတုန့်ဖွယ်ရာ အချိန်ကလေးအတွင်းမှာပင် မမျှော်လင့်သောဖြစ်ရပ်တစ်ခုက ရုတ်ခြည်းဖြစ်ထွန်းလို့လာပါ၏။

ရုတ်တရက် လွန်စွာစူးရှသော လေတိုးသံတစ်ချက်ကြားရချိန်တွင် ငွေရောင်တန်းကလေးတစ်ခုက လျှပ်ပြက်သည့်ပမာ ထိုနောက်ဖက် ခေါင်မိုးဆီမှပေါ် ထွက်လာပြီး တတင်းတင်း မြည်သံကလေးကိုဖြစ်ပေါ် သွားစေပါ၏။



ထိုအသံများကပင် လီရက်ပေအား ဝိညာဉ်ချုပ်ငြိမ်းစေအံ့မူးမူး လေးသမားများ၏ လေးညို့ကိုင်းကြီးများကို ဖြတ်တောက်ပစ်လိုက်ပြီးဖြစ်သွားသည်။

ပြီး ထိုအရောင်တန်းကလေးသည် လျှပ်ပြက်တန်းပမာ လွင့်ပြေးသွားပြီး တစ်ခုသော ဆိုင်တံခါးရွက်အတွင်းသို့ စူးနစ်ဝင်သွားပါတော့၏။

လီရက်ပေတို့ ကြည့်လိုက်မိချိန်တွင်မူ တံခါးရွက်တွင် စူးဝင်နစ်မြုပ်နေသောအရာသည် အရောင်တလက်လက်ပြိုးပြက်နေသော ငွေဒင်္ဂါးပြားကလေးတစ်ပြား ဖြစ်နေပါတော့သည်။

သည်အမှုကို ပြုနိုင်သူမှာ ရှာမှရှားသောလူမျိုး....။

တစ်နည်း လက်နက်ပုန်းပစ်ပညာ အထွတ်အထိပ် ရောက်နေသူလူစားမျိုးမှသာ သည်နှယ် ငွေဒင်္ဂါးပြားကလေးတစ်ပြားဖြင့် လေးညို့ကြိုးများကို တစ်ပြိုင်တည်း ပြတ်တောက်သွားစေစွမ်းနိုင်ပေသည်။

ယင်းအဖြစ်ကိုရိပ်စားမိဟန်တူသည်။ လီရက်ပေအား အသေသတ်တော့မည့် လေးသမားများသည် မြင်းလှည်းပေါ်မှ အသီး

သီး ခုန်ချကြသည်။

ပြီး ခြေဦးတည့်ရာလမ်းကြားကလေး၏ တစ်ဖက်သို့ ကသုတ်ကယက် ထွက်ပြေးသွားကြလေသည်။

ယခုမှပင် လီရက်ပေ သက်ပြင်းကလေးချနိုင်တော့သည်။ သူ့မျက်နှာလည်း တဖြေးဖြေး ပျော့ပျောင်းလာသည်။ ပုံမှန်မျက်နှာထားမျိုး ပြန်လည်ဖြစ်ပေါ်လာသည်။

ထွက်ပြေးသွားသောလေးသမားများ နောက်သို့လည်း သူမလိုက်တော့။

နေရာတွင်ပင် ခပ်တည်တည် လှမ်းကြည့်ရင်း...

"ဟေ့ကောင်တွေ... မင်းတို့ သေပြေးရှင်ပြေး ပြေးနေစရာမလိုပါဘူး၊ ဖြည်းဖြည်းသာ သွားကြပါကွာ၊ ဟေ့ ဒီမှာ မင်းတို့ဆရာကို ပြောလိုက်စမ်း၊ လီရက်ပေကို ဒီနေ့လုပ်ကြံတာမအောင်မြင်တဲ့အတွက် တစ်နေ့ကျရင် လီရက်ပေက မင်းတို့ဆရာကိုလာတွေ့ပါ့မယ်လို့ ဟုတ်လား၊ ဟား... ဟား... ဟား"

"ဖြောင်း... ဖြောင်း... ဖြောင်း"

"ဟား... ဟား... ဟား"



ရုတ်တရက် တစ်ခုသော ဆိုင်ခေါင်မိုးထက်မှ တစ်စုံတစ်ယောက်၏ လက်ခုပ်လက်ဝါးတီးလိုက်သည်နှင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သောအသံများ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင်....

"ဟေ့ ဟန်ဆောင်ကောင်းလှချည်လားကွ၊ ဒါကြောင့်လဲ လီရက်ပေဆိုတဲ့နာမည် ဒီနေပြည်တော်တခွင်မှာ ဟိုးဟိုးကျော်နေတာကိုး... ဟား... ဟား... ဟား"

လီရက်ပေက ခေါင်မိုးဆက်သို့ ရုတ်တရက် မော့ကြည့်လိုက်ရင်း....

"ဟား... ဟား... ဟား၊ လီရက်ပေ ဘယ်လောက်ပဲ နာမည်ကြီးကြီး ခေါင်းနှစ်လုံး လက်ခြောက်ဖက်ရှိတာတောင်မှ လုရှောင်ဖုန့် ဆိုတဲ့လူ့ရဲ့ လက်နှစ်ချောင်းကို ယှဉ်လို့မရပါသေးဘူးကွာ... ဟား... ဟား... ဟား"

"ဟား... ဟား... ဟား"

ခေါင်မိုးထက်မှလူသည် တဟားဟား ရယ်ရင်း မြေပေါ်သွက်လက်ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။

ထိုလူ၏ရုပ်သွင်က ချောသည်။ ခန့်သည်။ ဉပဓိရုပ် အလွန်ကောင်းသည်။

အထူးခြားဆုံးကား ထိုလူတွင် မျက်ခုံးမွေးနှယ် လွန်စွာ

လှ ပသေသပ်သော နှုတ်ခမ်းမွေးများရှိနေခြင်းပင် ဖြစ်ပါ၏။

ထိုလူကား အခြားသူမဟုတ်။ လူသိ အလွန်များသော မျက်ခုံးမွေးလေးခုရှင် လုရှောင်ဖုန့်ပင်ဖြစ်ပါ၏။

ဝက်နံရိုးဟင်းရနံ့က သင်းသင်းပျံ့ပျံ့ အငွေ့တွေကလည်း တထောင်းထောင်း ထလျက်။

လုရှောင်ဖုန့် အကြိုက်တွေ့နေပါပြီ။

ဤဟင်းလျာက ဤနေပြည်တော်တခွင်မှာ နာမည်ကြီးလှသောအစားအစာတစ်ခုပင် မဟုတ်ပါလော။

လုရှောင်ဖုန့်က ဝက်နံရိုးတစ်တုံးကို တူဖြင့်ညှပ်ရင်း လီရက်ပေအား မေးသည်။

"မင်း ဘာလို့ ဟိုကောင်တွေကိုလွှတ်လိုက်ရတာလဲကွ"

လီရက်ပေက မျက်မှောင်တစ်ချက်မျှကျုံ့ရင်း....

"ငါ့ကို မင်းက သွေးဆာနေတဲ့လူသတ်သမားများ အောင်မေ့နေသလား လုရှောင်ဖုန့်"

လုရှောင်ဖုန့်က ရယ်မောလျက်....

"အေးလေ... မင်းသာ သွေးဆာနေတဲ့လူဆိုရင် မင်းကနေ



ထိ သက်ဆိုးဘယ်ရှည်နိုင်လိမ့်မလဲ၊ ဒါပေမယ့် အဲဒီကောင်တွေကို ဘယ်သူနောက်ကနေကြိုးကိုင်ပြီး ခိုင်းလိုက်တယ်ဆိုတာလောက်တော့ မင်းမေးဖို့သင့်ပါတယ်"

"ငါမေးဖို့ မလိုပါဘူး"

လီရက်ပေက မဲ့ပြုံးပြုံးရင်း ဖြေသည်။

လုရှောင်ဖုန့် အံ့အားသင့်လျက်....

"ဟင်... ဒါဖြင့် မင်းကိုလုပ်ကြံခိုင်းတဲ့လူကို မင်းသိနှင့်ပြီးသားပေါ့ဟုတ်လား"

လီရက်ပေက ခေါင်းတစ်ချက်ညိတ်ပြီး....

"တောင်ပိုင်းက ဟိုကောင်ကလွဲရင် ဘယ်သူများ ဒီလောက် အတင့်ရဲဝံ့ပါ့မလဲကွာ"

"မင်း တုတုန်ကျန်းကိုပြောနေတာလား"

လီရက်ပေက နှုတ်ဖြင့်မဖြေ။ ခေါင်းညိတ်၍သာ အဖြေပေးသည်။

လုရှောင်ဖုန့်က နားမလည်ဟန်ဖြင့် ဆက်မေးသည်။

"ဒီဆယ်နှစ်ကာလအတောအတွင်းမှာ မင်းလဲမင်းမို့... သူလဲသူမို့ ကိုယ့်နေရာနဲ့ကိုယ်၊ ကိုယ့်ပိုင်နက်နဲ့ကိုယ် လူစည်းဘီလူးစည်း နေနေကြတာပဲကွ၊ ဒါနဲ့များ သူက ဒီလိုမကြံအပ် မစည်အပ်တာတွေ ဘာလို့လုပ်ရတာလဲ"

လီရက်ပေက တစ်ချက်မျှပြုံးရင်း....

"ဒီလိုလေကွာ... အခုတလော သူနဲ့ငါ အလောင်းအစား တစ်ခုလုပ်ထားတယ်ကွ၊ လောင်းကြေးကလဲ မနည်းဘူးလေ၊ ငွေသားခြောက်သိန်းနဲ့ သူ့ရဲ့ဓားသိုင်းပညာတစ်ခုလုံးပဲ ဆိုပါတော့"

"ဪ... ဒီလိုလား၊ ဒါနဲ့နေစမ်းပါဦး... မင်းတို့က ဘာအတွက် လောင်းကြတာလဲ"

"ဟဲ... ဟဲ... ဟဲ အခုလာမယ့် ကိုးလဆယ့်ငါးရက်နေ့ရဲ့ တိုက်ပွဲအရှုံးအနိုင်ကိုလောင်းကြတာပေါ့ကွ... ဟဲ... ဟဲ... ဟဲ"

မှန်သည်။ ယခုတလော ဤကျင်းလိမ်နေပြည်တော်တွင် လူတိုင်းစိတ် ဂင်တစားဖြစ်နေသော ယှဉ်ပြိုင်တိုက်ပွဲလေးတစ်ခု ရှိသည်။

ယှဉ်ပြိုင်တိုက်ပွဲကျင်းပမည့်နေ့က လပြည့်နေ့။ ကျင်းပမည့်နေရာက ကျယ်ကျင်းတောင်ကုန်း။ သူသေ ကိုယ်သေတိုက်မည့်လူ နှစ်ယောက်က ဓားဝိဇ္ဇာစီးမင်းချွေးရှက်နှင့် ရက်ကူးချန်။

နှစ်ဦးစလုံး သိုင်းလောက၏ ထိပ်သီးအကျော်အမော်များ ဖြစ်ကြသည်။



ယင်းကြောင့် သူတို့၏ သူသေကိုယ်သေတိုက်ပွဲကို လူတိုင်း စိတ်ဝင်စားကြသည်။

တချို့က သူတို့နှစ်ဦး၏သိုင်းပညာကို လေ့လာလိုပြီး တချို့မှ အလောင်းအစားအတွက် စိတ်ဝင်စားကြသဝည်။

လီရက်ပေက လုရှောင်ဖုန့်ကို တစ်ချက်မျှ အကဲခတ်ပြီးနောက် စကားဆက်သည်။

"အမှန်ဆိုရင် ဒီတိုက်ပွဲကို ရှစ်လဆယ့်ငါးရက်နေ့မှာ ကျင်းပဖို့ သတ်မှတ်ထားတယ်၊ ဒါပေမယ့် စီးမင်းချွေးရှက်က နောက်တစ်လ ရွှေ့ဆိုင်းဖို့ပြောလိုက်လို့ အခုလို ကိုးလဆယ့်ငါးရက်နေ့ကို ပြောင်းလဲသတ်မှတ်လိုက်ရတာကွ၊ ကျင်းပမယ့်နေရာကိုလဲပဲ ကျယ်ကျင်းတောင်ကုန်းအစား နေပြည်တော်ထဲကို ရွှေ့ပြောင်းလိုက်တယ်"

"ဒါတွေ ငါအားလုံး သိပြီးသားပါကွာ"

လီရက်ပေက ဆက်လက်၍...

"ဒီမှာလုရှောင်ဖုန့်... တစ်ခုထူးဆန်းတာက ဟိုရှစ်လဆယ့်ငါးရက်နေ့စပြီး ဘယ်သူကမှ စီးမင်းချွေးရှက်ကို မတွေ့ကြရတော့ဘူး

တဲ့ကွ"

လုရှောင်ဖုန့် လေးလေးပင်ပင် သက်ပြင်းချသည်။ သည်အချက်ကိုလည်း သူသိနှင့်ပြီးသားပင်ဖြစ်သည်။

သူကိုယ်တိုင်သည်ပင်လျှင် ရုတ်တရက် ပျောက်ပုံဆန်းနေသော စီးမင်းချွေးရှက်အားတွေ့နိုင်ရန် အပူတပြင်း လိုက်လံရှာဖွေနေသည် မဟုတ်ပါလား။

လီရက်ပေက စကားဆက်ပြန်သည်။

"ဒါကြောင့် လူတွေက ပြောလာကြတာပေါ့... စီးမင်းချွေးရှက်က ရက်ကူးချန်ကိုကြောက်လို့ပုန်းနေတာတဲ့ကွ"

လုရှောင်ဖုန့်က မခံမရပ်နိုင်ဟန်ဖြင့်....

"ဒီမှာလီရက်ပေ... စီးမင်းချွေးရှက်ဆိုတဲ့ကောင်ဟာ လူတချို့ထင်နေကြတဲ့အကောင်းစားမျိုး မဟုတ်ဘူးဆိုတာ မင်းလဲသိပါတယ်နော်"

လီရက်ပေက ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

"အေးလေ... ငါကလဲ စီးမင်းချွေးရှက်အကြောင်းကို မင်းသိသလို သိထားလို့အားလုံးက သူကျိန်းသေရှုံးမယ်လို့ ပြောနေလောင်းနေကြတဲ့ကြားက သူ့ဘက်ကနေ ငါ ယုံယုံကြည်ကြည်နဲ့ လောင်းလိုက်တာပေါ့ကွ"

လုရှောင်ဖုန့်က တစ်စုံတစ်ခုကို သတိရလိုက်ဟန်ဖြင့်....



"တုတုန်ကျန်းက သူ့ဘက်ကအပိုင်ဆိုပြီး ဒီအခွင့်အရေးကို လက်လွှတ်မခံဘဲ မင်းနဲ့လောင်းလိုက်တာပေါ့ ဟုတ်လား"

လီရက်ပေက ခေါင်းညိတ်ဝန်ခံရင်း....

"ဟုတ်တယ်... သူက အပိုင်တွက်ပြီး ငါနဲ့လောင်းတာကွ"

"နေပါဦး... သူကလောင်းကြေးငွေ ခြောက်သိန်းအပြင် သူ့ဓားသိုင်းပညာကိုပါ တစ်ခါတည်းပုံလောင်းတာလား"

"ဟုတ်တယ်"

"သူ့ဘက်က သေချာလှချည့်လား"

"သေချာဆို စောစောက ငါပြောသလိုပေါ့၊ အားလုံးက စီးမင်းချွေးရှက် ကျိန်းသေရှုံးမယ်ဆိုပြီး ရက်ကူးချန်ဘက်ကချည်း အပိုင်တွက်လောင်းနေတာကိုး။ မနေ့တစ်နေ့ကအထိ ဒီကောင်အပိုင်တွက်တုန်းပဲကွ"

"မနေ့တစ်နေ့ကအထိ ဟုတ်လား"

"ဟုတ်တယ်... မနေ့ညနေကမှ ဒီကောင်အခြေအနေတစ်မျိုးပြောင်းသွားတာကွ"

"ဩော်... ဘယ့်နှယ်ရုတ်တရက် စိတ်ပြောင်းသွားရတာလဲ"

"မင်း အင်မတန်ထူးခြားတဲ့ သတင်းတစ်ခုကို မကြားရသေးဘူးထင်တယ်"

"ဘာသတင်းလဲ... ပြောစမ်းပါဦး မြန်မြန်"

"ရက်ကူးချန်... ဒဏ်ရာရသွားတယ်ဆိုတဲ့သတင်းလေ"

လုရှောင်ဖုန့် အံ့ဩတကြီးဟန်ဖြင့်....

"ဘယ်လို... ရက်ကူးချန်ဒဏ်ရာရတယ် ဟုတ်လား။ ဘယ်လိုကြောင့်ဒဏ်ရာရသွားတာလဲ၊ ဘယ်လိုလူမျိုး သူ့ကိုဒဏ်ရာရအောင် လုပ်နိုင်ခဲ့တာလဲ"

လီရက်ပေက တစ်လုံးချင်းပြောသည်။

"ထန်ထင်းရိပေါ့"

လုရှောင်ဖုန့် မျက်မှောင်ကုပ်လျက်....

"တုကျုံးမြို့က ထန်ထင်းရိလား"

"ဟုတ်တယ်"

"ရက်ကူးချန်က ဘယ်လို လုပ် ထန်ထင်းရိနဲ့ပြဿနာဖြစ်ရတာလဲ"

"ပြောသံကြားတော့ သူတို့နှစ်ယောက်ဟာ နေပြည်တော်ရဲ့ မြောက်ဘက် မိုင်၅၀အကွာ ကျန်းကျားရွာထိပ်မှာတွေ့ကြတာတဲ့၊ ဘာအကြောင်းနဲ့တွေ့ကြမှန်းတော့ ဘယ်သူမှတိတိပပ မသိပါဘူး။ အဲဒီမှာ ရက်ကူးချန်က သူ့ရဲ့မိုးပျံနတ်သမီးဓားကွက်နဲ့ ထန်ထင်းရိကိုတိုက်တော့ ထန်ထင်းရိဒဏ်ရာ အတော်ကိုပြင်းပြင်းထန်ထန်ရသွားသလို၊ သူကိုယ်တိုင်လဲပဲ ထန်ထင်းရိရဲ့ အဆိပ်သဲမှုန့်ဒဏ်



ခံလိုက်ရတယ်ဆိုပဲကွ"

"ဪ... ဒီလိုကိုး"

လုရှောင်ဖုန့်က ထန်လူမျိုးတို့၏ အဆိပ်လက်နက်အကြောင်းကိုသိပြီး ဖြစ်သည်။

တုကျုံးမြို့ရှိ ထန်မျိုးဆက်တို့၏ အဆိပ်လက်နက်မှာ အလွန်ထူးဆန်းသည်။

ပြီး ထန်လူမျိုးဆက် တပည့်တပန်းများမှလွဲလျှင် အဆိပ်ကိုပြန်ဖြေပေးနိုင်မည့်သူမရှိပေ။

ဘယ်မည်သောလူမျိုးမတူ သူတို့၏အဆိပ်ဒဏ်ကိုသာ သင့်ခဲ့လျှင် နေရာတွင် ပွဲချင်းပြီးမသေသည့်တိုင် သက်ဆိုးရှည်ရန် မလွယ်တော့ချေ။

လီရက်ပေက သူ့စကားကိုဆက်ပြန်သည်။

"ဒီသတင်းကိုလဲကြားရော ရက်ကူးချန်ဘက်က လောင်းမိကြတဲ့လူတွေဟာ စိတ်ဓာတ်ကျကုန်တော့တာပဲကွ၊ တချို့များဆိုရင် ဖွဲကြိုးချပြီးတော့တောင် သေလိုက်ကြသတဲ့၊ အချို့ကျတော့လဲ နည်းအမျိုးမျိုးနဲ့ လောင်းကစားပွဲပျက်သွားအောင် ကြိုးစားဖျက်ပစ်ကြတယ်ကွ"

လုရှောင်ဖုန့် တစ်ချက်မျှ စဉ်းစားဟန်ပြုပြီးနောက် စကားဆိုလာသည်။

သစ္စာမှန်

"လောင်းထားတဲ့လူနှစ်ယောက်ထဲက တစ်ယောက်သေသွားရင် အလောင်းအစား အလိုလိုပျက်သွားတာပေါ့ ဟုတ်လား"

"အေးပေါ့ကွာ… ဒါကြောင့်လဲ တုတုန်ကျန်းက ငါ့ကို အသေ သတ်ဖို့ ကြိုးစားတာပေါ့"

လုရှောင်ဖုန်း သက်ပြင်းချသည်။ ယခုမှပင် အကြောင်းစုံကို သူလိပ်ပတ်လည်အောင် နားလည်တော့သည်။

"နေပါဦး လီရက်ပေ… ရက်ကူးချန်နဲ့ထန်ထင်းရိတိုက်ခိုက်ကြတာကို မျက်စေ့နဲ့တပ်အပ်မြင်တဲ့သူ ရှိသလား"

"ဘယ်သူမှတော့ မျက်မြင်မရှိခဲ့ဘူး"

"ဒီလိုဆိုရင် ဘယ်လိုကြောင့် အဲဒီသတင်းကိုလူတိုင်းက ယုံကြည်နေရတာလဲကွ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီသတင်းကို စတင်သယ်ဆောင်လာတဲ့ပုဂ္ဂိုလ်ကို အားလုံးက ယုံကြည်လို့ပဲပေါ့၊ ဒီပုဂ္ဂိုလ်က မုသားမပြောတတ်တဲ့ပုဂ္ဂိုလ်လေကွာ"

"အဲဒီပုဂ္ဂိုလ်က ဘယ်သူမို့လဲ"

"ရိုးသား ဘုန်းဘုန်း"

လုရှောင်ဖုန့် အလိုလိုနှုတ်ပိတ်သွားသည်။

မှန်သည်။ ဤနယ်တခွင်တွင် ရိုးသားဘုန်းဘုန်းကို လူတိုင်းက မုသားမသုံးသောပုဂ္ဂိုလ်၊ အလွန်တော်ဖြောင့်မှန်ကန်သူဟု အ



ကြွင်းမဲ့ယုံကြည်ထားကြောင်း လုရှောင်ဖုန့်သိပြီးဖြစ်သည် မဟုတ်ပါလား။

လီရက်ပေက ဆက်ပြောပြန်သည်။

"ရိုးသားဘုန်းဘုန်း မနေ့နေ့လယ်က နေပြည်တော်ကို ရောက်လာတယ်… ရွှင်ရွှင်ပျပျ မရှိဘူး၊ အကျိုးအကြောင်းမေးကြည့်တော့ ရက်ကူးချန်နဲ့ထန်ထင်းရိသတင်းကို ပြောပြတာက စတာပဲကွ"

"အင်း… စိတ်ဝင်စားစရာပဲ၊ ကဲ… ဆက်ပြောစမ်းပါဦး လီရက်ပေ"

"အခု နေပြည်တော်ကိုရောက်လာကြတဲ့ သိုင်းသမားတွေဟာ ရိုးသားဘုန်းဘုန်း အပါအဝင်ဆိုရင် လူလေးရာကျော်သွားပြီကွ"

လုရှောင်ဖုန့် ချက်ချင်းသွင်ပြန်ပြောင်းသွားသည်။ စားလက်စဟင်းလျာကိုလည်း ဆက်မစားချင်တော့ ရုတ်တရက် စားပွဲခုံကိုလက်သီးဖြင့်ထုလျက် မကျေနပ်သံဖြင့်….

"ဒီမှာ အဲဒီလူတွေက စီးမင်းဈေးရှက်နဲ့ရက်ကူးချန်ကို ဘာများထင်နေကြသလဲဟင်၊ ဘာလဲ မျက်လှည့်ဝိုင်းက မျောက်နှစ်ကောင်လို့များ ထင်နေကြသလားကွဟေ"

လီရက်ပေ အံ့ဩသွားသည်။

လုရှောင်ဖုန့် သည်မျှစိတ်လှုပ်ရှားလိမ့်မည်ဟု သူမထင်ခဲ့။

ယင်းကြောင့် လုရှောင်ဖုန့်အား မေးသည်။

"မင်းကရော ဒီပွဲကိုကြည့်ဖို့လာတာပဲ မဟုတ်လား"

လုရှောင်ဖုန့်က လက်သီးနှစ်ဖက်ကိုတင်းကျပ်စွာ ဆုပ်လိုက်ရင်း ....

"မဆိုင်ပိုက်တာကွာ... ဒီမှာ ငါက သူတို့နှစ်ယောက် ဒီလိုပွဲမျိုး ဒီတစ်သက် မယှဉ်ပြိုင်ပါစေလို့ဆုတောင်းနေတဲ့ကောင်ပါကွ"

"ဘာပဲဖြစ်ဖြစ်ကွာ အခုရက်ကူးချိန်က ဒဏ်ရာရနေပြီပဲ၊ စီးမင်းချွေးရှက် သူ့ကိုနိုင်ဖို့ သေချာနေပြီပေါ့"

"ဘယ်သူနိုင်နိုင် အတူတူပဲ"

"ဘာဖြစ်လို့"

လုရှောင်ဖုန့် သက်ပြင်းချလျက်....

"မင်း စဉ်းစားကြည့် ဒီပွဲမှာ စီးမင်းချွေးရှက်နိုင်တယ်ပဲထားဦး၊ မင်းကတော့ တုတုန်ကျန်းရဲ့ဓားသိုင်းပညာတစ်ခုလုံးနဲ့ ငွေခြောက်သိန်းရမယ်၊ ဟိုသိုင်းသမားတွေကျတော့လဲ သူတို့နှစ်ယောက်ရဲ့ပွဲကို ကြည့်ရင်း သူတို့ဆီက ဓားသိုင်းကွက်အသစ်အဆန်းတွေ မြင်ရမယ်၊ ဒါပေမယ့် ကာယကံရှင်တစ်ယောက်ဖြစ်တဲ့ စီးမင်းချွေးရှက်ကျတော့ ဘာရမလဲ၊ သူကိုယ်တိုင် ဘာအကျိုးအမြတ်တစ်ခုခံစားရမှာလဲ"

မှန်သည်။ တိုက်ပွဲဆိုသည်မှာ အနတ်လက္ခဏာ။ နိုင်သူ



ရော ရှုံးသူပါ ဘာအကျိုးမျှမရှိသော အလုပ်မဟုတ်ပါလား။

လီရက်ပေက လုရှောင်ဖုန့်၏သဘောထားကို သိသွားသည်။

အတန်ကြာစကားမပြောဘဲ ငြိမ်သက်နေပြီးမှ....

"ဒါပေမယ့် ဒီပွဲဖြစ်ဖို့ ဘယ်သူကမှ သူတို့ကိုအတင်းအကျပ်တိုက်တွန်းနေကြတာ မဟုတ်ဘူးကွ၊ သူတို့ကိုယ်တိုင် သူတို့သဘောနဲ့ လုပ်ကြမယ့်ပွဲ"

လုရှောင်ဖုန်း ခေါင်းခါယမ်းရင်း....

"တော်ပြီ လီရက်ပေ... ငါ သိပ်ပင်ပန်းသွားပြီကွာ၊ ငါ ရေချိုးချင်နေပြီ"

လုရှောင်ဖုန့် အမှန်တကယ် ပင်ပန်းနွမ်းနယ်နေပြီဖြစ်ပါ၏။ ခန္ဓာရုပ်ပင်ပန်းခြင်းထက် စိတ်အစဉ်က ပင်ပန်းခြင်းဖြစ်သည်။

သည်ပင်ပန်းမှုမျိုးက လူကိုပို၍ နုံးနွမ်းစေသည် မဟုတ်ပါလား။

သူက ကိစ္စကြီးငယ်တစ်ခုခုဆောင်ရွက်ပြီးမြောက်တိုင်း သည်တို့ပင် စိတ်ပင်ပန်းနွမ်းနယ်တတ်သောအကျင့် ရှိသည်။

ယခု သူ့အတွေးများ ပျံ့လွင့်နေသည်။

ကုန်လွန်ဖြတ်သန်းခဲ့ရသော အတိတ်အတွေ့အကြုံဆီသို့ စိတ်အစဉ်က ဝေ့ဝဲနေသည်။

ပန်းထိုးယောက်ျား ကျင်းကြိုလင်၊ ကုံးစွန်းမမ၊ ကျန်းချုံ၊ အိုရန်ချင်း၊ ချီမင်း။

အမှန်မူ သည်လူတွေအကြောင်း လုရှောင်ဖုန့် လုံးဝမစဉ်းစားချင် မစဉ်းစားချင်သည့်ကြားကပင် သည်လူတွေ၏အဖြစ်အပျက်များနှင့် ရုပ်သဏ္ဌာန်များက သူ့မျက်ဝန်းတွင် အလိုလိုထင်ဟပ်လို့လာသည်။

ချီမင်း၏အကြောင်းကို သူ့အတွေးရုပ်ပုံထဲ လုံးဝနေရာပေးချင်သည်မှာ အမှန်။

ချီမင်းအကြောင်း အတွေးရိပ်ဝယ်ထင်လာသည်နှင့်အမျှ သူ့တွင်ဝေဒနာဖြစ်ရသည်။ ခံစားရသည်။ နှလုံးသားတို့နာကျင်ရသည်။

မွန်းကျပ်ဆို့နစ်သော အဖြစ်တို့က နှလုံးသားကို ဆုပ်ညှစ်ခံလိုက်ရသကဲ့သို့ ခံစားရတတ်မြဲ။

ချီမင်းနှင့်ယှက်နွယ်သော ဝေဒနာအသစ်များ မခံစားချင်တော့၍လည်း သူက ကုံးစွန်းမမကိုပင် မတွေ့အောင် တမင်ရှောင်ပြီး နေပြည်တော်သို့ ထွက်လာခဲ့သည် မဟုတ်ပါလား။

လုရှောင်ဖုန့်အတွေးများက စီးမင်းချွေးရှက်၊ ရက်ကူးချန်၊



တုတုန်ကျန်း၊ ရိုးသားဘုန်းဘုန်းတို့ဆီသို့ ပျံ့လွင့်သွားပြန်သည်။

စီးမင်းချွေးရှက်....။

သူ့အကြောင်းကို လုရှောင်ဖုန့် အတွင်းသိ အစင်းသိပင် ဖြစ်သည်။

စီးမင်းချွေးရှက်ကား နားလည်ရခက်သောလူစားမျိုး။

အကြောင်းကြီးငယ်မရှိလျှင် စုံးစုံးမြုပ်နေတတ်ပြီး အရေးပေါ်လာမှသာ မိုးပေါ်က ရုတ်တရက် ကျလာသလို ဘွားခနဲ ပေါ်လာတတ်သောလူစားမျိုး။

လုရှောင်ဖုန့်အတွေးက ရုတ်တရက် စွန်းရှုကျင်းဆိုသော မိန်းကလေးဆီသို့ ကူးလူးရောက်ရှိသွားပြန်သည်။

လုရှောင်ဖုန့်နှင့်စီးမင်းချွေးရှက် နောက်ဆုံးတွေ့ဆုံစဉ်က စီးမင်းချွေးရှက်နှင့်အတူ စွန်းရှုကျင်းကိုပါ တွေ့ရသည်။

ထိုစဉ်က စီးမင်းချွေးရှက်နှင့် စွန်းရှုကျင်းတို့၏အနေအထားကို လုရှောင်ဖုန့် အကဲခတ်ခဲ့သည်။

သူတို့နှစ်ဦးကား သာမန်ခင်မင်မှုထက် အဆင့်ပိုမြင့်သည်။

သူငယ်ချင်းထက် သမုဒယနွယ်သော အချစ်မျိုးကပိုသည်ဟု လုရှောင်ဖုန့် နားလည်ခဲ့သည်။

သို့ဆိုလျှင် ယခု စီးမင်းချွေးရှက် ဘယ်ပုံဘယ်နည်း ပျောက်ပုံဆန်းနေပါသနည်း။ သူ အဘယ်သို့ရောက်လို့နေပါသနည်း။

လုရှောင်ဖုန့် လုံးဝစဉ်းစား၍မရတော့အောင် အတွေးများ ရှုပ်ထွေးကုန်လေသည်။



## (နှစ်)

လုရှောင်ဖုန့် ရေချိုးပြီးလျှင်ပြီးချင်း လီရက်ပေက စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ခေါ်ခဲ့သည်။

ယင်းဆိုင်က နေပြည်တော်တခွင်တွင် နာမည်ကြီးလှသော စားသောက်ဆိုင်တစ်ဆိုင်ပင် ဖြစ်ပါ၏။

သို့သော် လီရက်ပေ ဩဇာညောင်းသော ပိုင်နက်ထဲတွင် ဖြစ်၍ အစစ လုံခြုံစိတ်ချရသော အနေအထားပင် ဖြစ်သည်။

လီရက်ပေအဖို့ နံနက်ကကဲ့သို့လုပ်ကြံခံရမှုမျိုး မဖြစ်ပွားအောင် အစစ သတိထားနေရသောအချိန်အခါပင် မဟုတ်ပါလား။

စားသောက်ဆိုင်ကြီးမှာ အမြဲကန်းလိုလို ပရိသတ်များဖြင့် ပြည့်ကျပ်နေတတ်သည်။

ယခုလည်း နေရာလွတ်မရှိအောင် ပရိသတ်များဖြင့် စည်ကားနေပြီ။

သို့သော် လီရက်ပေလို အလွန်ဩဇာညောင်းသော မျက်နှာကြီးများအဖို့ နေရာထိုးပေးလိုသူက အဆင်သင့်။ ပျူပျူငှာငှာ ကြိုဆိုလက်ကမ်းလာသူတွေက အရန်သင့်။

လုရှောင်ဖုန့်နှင့်လီရက်ပေသည် ဆိုင်အပေါ်ထပ်သို့ တက်သည့်လှေကားကို မျက်နှာမူထားသောစားပွဲဝိုင်းကို သီးသန့်ရွေး၍ ထိုင်လိုက်ကြ၏။

သို့မှသာ အပေါ်ထပ်သို့တက်လာသည့်လူတိုင်းကို မြင်ရမည် မဟုတ်ပါလား။

သူတို့အရက်နှင့်တကွ ဟင်းလျာများ စတင်မှာယူစားသောက်ကြသည်။

ထိုအခိုက် လူတစ်ယောက်အပေါ်ထပ်သို့ တက်လာသည်။

ထိုလူကို မြင်လိုက်သည်နှင့် လီရက်ပေသည် အရက်ခွက်ကိုကိုင်ရင်း တွေသွားသည်။ ကြက်သေသေသလို ဖြစ်သွားတော့သည်။



အပေါ်ထပ်သို့တက်လာသူမှာ အရပ်ရှည်ပြီး အဖိုးတန်ဝတ်ကောင်းစားလှများကို သေသေသပ်သပ် ဝတ်ဆင်ထားသည်။

လူပုံဟန်က သိမ်မွေ့ပြီး ရုပ်သွင်ချောမောသည်။ သို့သော် မျက်နှာထား တည်လွန်းသဖြင့် မူလချောဟန် သိမ်မွေ့ဟန်ပျောက်လျက် တည်ခန့်သောအသွင်ဆောင်သွားသည်။

သူ့သွင်ဟန်တစ်ခုလုံးကို ခြုံကြည့်လျှင် သာမန်အရပ်သားတစ်ယောက်နှင့် မတူ။ နန်းတွင်းစာဆိုတော် တစ်ဦးနှင့်ပင် တူသေးတော့သည်။

ယင်းကြောင့်ထင်သည်။ သူ့ကို လူတိုင်းလိုလိုက စာဆိုတော်ကြီးဟု တင်စားခေါ်ဝေါ်ကြသည်။

သူကိုယ်တိုင်ကလည်း ယင်းသို့ခေါ်ဝေါ်ကြသည်ကိုသဘောကျသည်။ နှစ်သက်သည်။

သို့သော် ထိုသူကား တကယ့်နန်းတွင်း စာဆိုတစ်ဦးတော့

မဟုတ်ပါချေ။

ထိုသူသည် အပေါ်ထပ်သို့တက်သော လှေကားအတိုင်း တစ်ထစ်ချင်း တစ်လှမ်းချင်း လှမ်းတက်လာနေသည်။

သူ့မျက်နှာသွင်ပြင်က ချိုမြလျက် အပြုံးရိပ်များ လွှမ်းလျက်ရှိသည်။

သို့သော် သူ့အပြုံးမျက်နှာကိုကြည့်ပြီး လူတိုင်းမပြုံးနိုင်ကြ။

အထူးသဖြင့် လီရက်ပေ၏မျက်နှာက ထိုလူ့မျက်နှာသွင်ပြင်နှင့် ဆန့်ကျင်စွာ အပျက်ကြီးပျက်လျက်ရှိသည်။

အရက်ခွက်ကိုကိုင်ရင်း လီရက်ပေ တခဏမျှ တွေကြောင်သွားသည်။

ချက်ချင်းပင် မျက်နှာသွင်ပြင် တင်းမာခက်ထန်သွားသည်။

မှန်သည်။ လီရက်ပေနှင့်တုတုန်ကျန်း မမျှော်လင့်ဘဲ ဤနေရာတွင် တွေ့ဆုံနေကြပြီမဟုတ်ပါလား။

လီရက်ပေ၏ အမူအယာ ခက်ထန်နေသလောက် တုတုန်ကျန်း၏မျက်နှာက ချိုမြလျက် ပြုံး၍ပင် လီရက်ပေကိုစတင်နှုတ်ဆက်နေသေးသည်။

လုရှောင်ဖုန့်မှ တစ်ချိန်လုံး တုတုန်ကျန်း၏အမူအရာကိုသာ မျက်ခြေမပြတ် အကဲခတ်နေ၏။

အကယ်၍သာ တုတုန်ကျန်း၏အကြောင်းကို ကြိုတင်၍



မသိထားပါလျှင် မကြားဘူးပါလျှင် တုတုန်ကျန်းသည် သွေးအေးအေးဖြင့် လူသတ်တတ်သောလူသတ်သမားဟု ထင်မြင်ယုံကြည်ဖွယ်ရာ စိုးစဉ်းမျှရှိမည် မဟုတ်ချေ။

တုတုန်ကျန်း၏အမူအရာက သည်မျှ ပီရိသည်။ ဟန်ဆောင်ကောင်းသည်။

ထိုစဉ် လီရက်ပေက ခက်ထန်သောအသံဖြင့် တုတုန်ကျန်းအား စတင်မေးသည်။

"မင်း... ဘာလို့ ဒီနေရာကိုလာရတာလဲ၊ ငါသာ မင်းဆိုရင် ဒီနေရာကိုခြေဦးလှည့်ဖို့ စဉ်းစားမှာတောင်မဟုတ်ဘူး"

တုတုန်ကျန်းက ခနဲ့ပြုံးတစ်ချက်ပြုံးရင်း....

"ငါက မင်းမဟုတ်ဘူးလေကွာ၊ ဒါကြောင့် ဒီနေရာကိုလာတာပေါ့... ဟဲ... ဟဲ... ဟဲ"

လီရက်ပေ တစ်စုံတစ်ရာက ပြန်မပြောနိုင်မီ တုတုန်ကျန်းကပင် စကားဆက်ပြန်သည်။

"မင်းကိုမေးစရာ နည်းနည်းပါးပါးရှိလို့ ငါ ဒီကိုလာတာကွ"

လီရက်ပေက မျက်ခုံးပင့်လျက်....

"ဘာမေးမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ငါတို့လျှောင်းထားတဲ့လောင်းကြေးနဲ့ပတ်သက်လို့ နည်းနည်းမေးချင်တာပါ"

"ကဲ... ပြော"

"လောင်းကြေး ထပ်တိုးကြဦးမလား"

"ဘာ...."

လီရက်ပေ ရုတ်တရက် အံ့အားသင့်သွားသည်။

ပြီးမှ....

"မင်းက လောင်းကြေး ထပ်တိုးချင်သေးတယ်ဟုတ်လား"

ဟု ကမန်းကတန်း မေးသည်။

"ဘာလဲ... မင်းမတိုးရဲဘူးလား"

တုတုန်ကျန်းမှာလည်း ခနဲ့ပြုံးပြုံးရင်း ပြန်မေးသည်။

"ဘာလို့မတိုးရဲရမှာလဲ... နေပါဦး မင်း ဘယ်လောက်ထပ်တိုးချင်လဲ ပြောလေ"

"မင်း ဘယ်လောက်တိုးနိုင်တယ်ဆိုတာသာ အရင်ပြောစမ်းပါ"

တုတုန်ကျန်း၏တန့်ပြန်စကားကြောင့် လီရက်စိတ်လှုပ်ရှားသွားသည်။

စားပွဲစောင်းကို ရုတ်တရက် တင်းကျပ်စွာဆုပ်လျက် စိတ်ကိုထိန်းရင်း....

"ဆီးကေးဘဏ်မှာ ငါပိုင်ငွေ ရှစ်သိန်းရှိသေးတယ်"

"ဟုတ်ပြီ... ဒါဆိုရင် ငါ့ဘက်က ဆယ့်နှစ်သိန်းကျော်ထပ်



တိုးရမှာပေါ့၊ ငါက မင်းကိုသုံးလေးတလေး ကျော်ပေးပါ့မယ်"

လီရက်ပေ မျက်လုံးစုံဝင်းတောက်လာသည်။ မခံချင်စိတ်များ နိုးကြွလာသည်။

တုတုန်ကျန်းအား စူးစူးစိုက်စိုက်ကြည့်ရင်း တစ်လုံးချင်းဆို လာပြန်သည်။

"ဒီမှာတုတုန်ကျန်း... ဒီပွဲမှာ ငါရှုံးရင် ချက်ချင်းနေပြည်တော်က ငါထွက်သွားမယ်၊ မင်းအသက်ရှင်နေသမျှ ဘယ်တော့မှ နေပြည်တော်ကို ငါပြန်မလာတော့ဘူး"

"အေး... လီရက်ပေ၊ ဒီပွဲမှာ ငါရှုံးရင်လဲ မင်းလိုပဲ နေပြည်တော်က ငါချက်ချင်းထွက်သွားမယ်၊ မင်းအသက်နဲ့ကိုယ်မြဲနေသမျှ ဘယ်တော့မှ ငါနေပြည်တော်ကို ပြန်မလာတော့ဘူး"

အခြေအတင် စကားအဆုံးတွင် သူတို့နှစ်ဦး အသီးသီး လက်ဝါးထောင်လိုက်ကြသည်။

တစ်ယောက်ကိုတစ်ယောက်လည်း ကျားရဲများပမာ အတန်ကြာ စိုက်ကြည့်နေကြသည်။

အပေါ်ထပ် အခန်းတစ်ခုလုံး တိတ်ငြိမ်သွားသည်။

သောက်စားနေသူအားလုံး သူတို့နှစ်ဦး၏ ထောင်ထားသော လက်ဝါးပြင်ကိုသာ စိတ်ဝင်တစားဖြင့် စူးစိုက်ကြည့်နေမိကြသည်။

တချို့ဆိုလျှင် သူတို့ကိုကြည့်ရင်း ခေါင်းချွေးများပင်ပြန်လာသည်။

တခဏအတွင်းမှာပင် ဖတ်ခနဲ လက်ဝါးပြင်နှစ်ဖက်ရိုက်ခတ်သံ ထွက်ပေါ်လာသည်။

ဤသည်မှာ လီရက်ပေနှင့်တုတုံကျန်းတို့ ရှိသမျှ ဥစ္စာဓနသာမက ဘဝကိုပါ ပုံလောင်းကြေးသဘောတူကြကြောင်း အထိမ်းအမှတ် သင်္ကေတပင်ဖြစ်ပါ၏။

တုတုန်ကျန်းက အားရကျေနပ်သံဖြင့်....

"မင်းစိတ်ထဲမှာ သိပ်အံ့သြနေမှာပဲလို့ ငါပြောရဲတယ် လီရက်ပေ၊ ဘာဖြစ်လို့လဲဆိုတော့ ရက်ကူးချန် ဒဏ်ရာရနေမှန်းသိရက်နဲ့ငါက ရက်ကူးချန်ဘက်ကနေပြီး ဘာဖြစ်လို့များ အခုလိုလောင်းကြေးထပ်တိုးနေရသလဲဆိုတာ မင်းစဉ်းစားလို့မရဘူး မဟုတ်လား"

မှန်သည်။ လီရက်ပေ အမှန်တကယ် အံ့သြနေမိပါသည်။

လီရက်ပေသာမဟုတ်။ လူတိုင်းလည်း အံ့သြသွားကြသည်။

တုတုန်ကျန်းသည် သာမညလူမဟုတ်။ အလွန်စေ့စပ်သေချာလှသူဖြစ်ကြောင်း လူတိုင်းသိသည်။

မသေချာသောအလုပ်ဆိုလျှင် တုတုန်ကျန်း ဘယ်တော့မှ လုပ်ရန် မစဉ်းစား။ ပိုင်မှသာ လုပ်တတ်သူ။



ယခုလည်း သူ့ဘက်က အဘယ်မျှ သေချာ၍နေပါသနည်း။ အပိုင်တွက်ထားပါသနည်း။

လီရက်ပေ အပါအဝင် လူအားလုံးစိတ်ထဲဝယ် ပဟေဋ္ဌိတစ်ခုဖြစ်ပေါ်သွားရပါ၏။

သို့သော်တစ်ခဏအကြာမှာပင် ပဟေဋ္ဌိ၏အဖြေက ထွက်ရှိလာပြီလေ။

ကြည့်။ သူတို့ရှိရာ အပေါ်ထပ်သို့ လူတစ်ယောက်လှေကားထစ်ကို တစ်ထစ်ချင်းနင်း၍ တက်လာပြီ။

တက်လာသူ၏မျက်နှာက အနည်းငယ် ဖြူဖပ်ဖြူရော်ဖြစ်နေသော်လည်း မျက်လုံးအစုံကမူ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ရွှန်းလက်တောက်ပနေသည်။

တစ်လှမ်းချင်းတက်လာပုံ၊ အခန်းတွင်းသို့ တစ်လှမ်းချင်းလှမ်းဝင်လာပုံက တုံ့နှေးဟန်ရှိသော်လည်း လေးလေးမှန်မှန်နှင့် လွန်စွာကျက်သရေရှိ... 

သူ့ကိုကြည့်ရသည်မှာ သာမန်လူတစ်ယောက်လျှောက်ဝင်လာဟန်နှင့်မတူ။ ဘုရင်တစ်ပါးက သူ့နန်းမဆောင်အတွင်းသို့ အေး

အေးလူလူ ထွေ့မြွေရှိရှိ လှမ်းဝင်လာပုံနှင့်တူနေသည်။

လီရက်ပေအပါအဝင် အပေါ်ထပ်ရှိ လူအားလုံး ထိုလူ့ကို ရှောင်တခင်မခတ် ကြည့်လိုက်မိကြသည်။

ထိုလူ့ကို မည်သူမည်ဝါဖြစ်ကြောင်း လီရက်ပေမသိပါ။ တွေ့မြင်ဖူးခြင်းလည်း မရှိခဲ့ပါ။

သို့သော် ယခု ထိုလူ၏သွင်ပြင်ကို ကြည့်မိသည်နှင့် ထိုသူမည်သူဖြစ်ကြောင်း လီရက်ပေ ခန့်မှန်း၍သိလာပါ၏။

ထိုသူကား အခြားမဟုတ်။ အလွန်ပြင်းသော ထန်လူမျိုးတို့၏ အဆိပ်သဲမှုန့်ဒဏ်ခံထားရသည်ဆိုသော ပေရှင်မြို့စားကြီးရက်ကူးချန်ပင် ဖြစ်ပါ၏။

ယခုရက်ကူးချန် ပြန်လာပြီ။ ရက်ကူးချန် မသေသေးပါ သေး။

သည်သို့သည်နှယ် လူတိုင်းက ပါးစပ်အဟောင်းသားဖြင့် သူ့ကိုစိတ်ဝင်တစားဖြစ်နေချိန်တွင် သူကမူ အခြားလူအားလုံးနှင့်တကွ လီရက်ပေနှင့်တုတုန်ကျန်းတို့ကိုပါ လုံးဝအရေးစိုက်ဟန်မပြ။

လီရက်ပေနှင့်တုတုန်ကျန်းတို့နံဘေးတွင် အေးအေးလူလူထိုင်နေသော လုရှောင်ဖုန့်ကိုသာ စူးစိုက်ကြည့်နေပါ၏။

လုရှောင်ဖုန့် တစ်ချက်မျှ ပြန်လည်ပြုံးပြလိုက်ချိန်တွင်တော့ သူ့ထံမှစကားပွင့်ကလေးများ ထွက်ပေါ်လာသည်။



"ကြေဉ်.. မင်းလဲလာတယ်"

"ဟုတ်တယ်"

လုရှောင်ဖုန့်က အေးအေးလူလူပင် အသံမှန်ဖြင့် ပြန်ဖြေသည်။

ရက်ကူးချန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

"အေး... ကောင်းတယ်၊ ငါအစထဲက သိတယ်၊ မင်း အသေအချာလာမှာပဲလို့"

လုရှောင်ဖုန့် စကားတုံ့မပြန်တော့ချေ။ အဘယ်ကြောင့်ဟူမူ ရက်ကူးချန်၏မျက်လုံးအကြည့်က သူ့ထံမှခွာ၍ အခန်းတွင်းရှိ လူအား လုံးဆီသို့ရွေ့ရောက်သွားပြီး တစ်ချိန်တည်းမှာပင် ခက်ထန်စွာ မေး လိုက်သောအသံကပါ ထွက်ပေါ်လာပြီမဟုတ်ပါလား။

"ဒီအခန်းထဲမှာ ထန်ထင်းရိဆိုတဲ့လူ ရှိသလားဟေ့"

ယင်းမေးသံအဆုံးတွင် ရက်ကူးချန်၏မျက်လုံးအကြည့်သည် အခန်းဘယ်ဖက်ထောင့်ရှိ တစ်ခုသောစားပွဲဝိုင်းတွင် ထိုင်နေသည့်လူရွယ်တစ်ဦးဆီသို့ ကျရောက်ပြီး ဖြစ်သွားသည်။

လူရွယ်ကလည်း ချက်ချင်းထိုင်ရာမှ ထလိုက်သည်။

လူရွယ်၏မျက်နှာက မာကျောလျက် မျက်လုံးအစုံဝင်းတောက်နေသည်။

လုရှောင်ဖုန့် လွန်စွာ အံ့ဩသွားသည်။

ထိုလူရွယ် ထိုနေရာဟွင်ထိုင်နေကြောင်းကို သူပင်လျှင် လုံးဝသတိမထားမိခဲ့။

လူရွယ်၏အဝတ်အစားက တောက်ပြောင်လှပနေသော်လည်း လူရွယ့်မျက်နှာရိပ်ကမူ အေးစက်မာကျောလှသည်။

လုရှောင်ဖုန့် လူရွယ်ကိုကြည့်လိုက်စဉ် လူရွယ်က ရက်ကူးချန်၏အမေးကို တုံ့ပြန်ဖြေသည်။

"ကျုပ် ထန်ထင်းရိပဲ"

ရက်ကူးချန်နှင့်လူရွယ်အကြားတွင် စားပွဲဝိုင်းနှစ်ဝိုင်းမျှခြားနေသည်။

ထိုဝိုင်းများတွင် ထိုင်နေသူအားလုံး ချက်ချင်းနံဘေးသို့ရှဲပေးလိုက်ကြသည်။

"ငါ ဘယ်သူလဲဆိုတာ မင်းသိတယ်မဟုတ်လား"

ရက်ကူးချန်က ထပ်မေးသည်။

လူရွယ်က နှုတ်ကမဖြေ။ ခေါင်းသာညိတ်ပြသည်။

ရက်ကူးချန်က စကားဆက်ပြန်သည်။

"ငါ အခုအချိန်အထိ မသေသေးလို့ မင်း သိပ်အံ့သြနေမှာပဲနော်"

ထန်ထင်းရိ မျက်နှာကွက်ခနဲပျက်သွားသည်။

"ခင်ဗျားကို ဘယ်သူဖြေဆေးပေးလိုက်တာလဲ"



ထန်ထင်းရိ အမေးကိုထောက်ထားခြင်းဖြင့် ရိုးသားဘုန်းဘုန်းပြောသော သတင်းစကားမှာ မှန်ကန်နေကြောင်း အားလုံးသိသွားကြသည်။

မှန်ပါသည်။ ရက်ကူးချန် အမှန်တကယ် ဒဏ်ရာရခဲ့ပါသည်။

ထန်ထင်းရိ၏အဆိပ်သဲမှုန့်ဒဏ်ကို ခံလိုက်ရခြင်းပင် ဖြစ်သည်။

သို့သော် သိုင်းလောကတစ်ခုလုံး ဖိတ်ဖိတ်တုန်အောင်ကြောက်နေရသော အဆိပ်သဲမှုန့်သည် ယခုမူ ရက်ကူးချန်၏ ခန္ဓာကိုယ်အား မည်သို့မျှပြိုလဲပျက်စီးသွားအောင် မပြုနိုင်သကဲ့သို့ ဖြစ်နေပါတကား။

ရက်ကူးချန်အား မည်သူက ဖြေဆေးပေးနေပါသနည်း။ ဖြေဆေးပေးလိုက်သူကိုလည်း လူတိုင်းက သိချင်လာကြသည်။

ယင်းအဖြေကို ရက်ကူးချန် ပြောပြလိုက်မလား အထင်ဖြင့် အားလုံးနားစွင့်နေမိကြပါ၏။

သို့ရာတွင် ရက်ကူးချန်သည် အများမျှော်လင့်နေသောအဖြေကိုမဖြေဘဲ လူတိုင်းမမျှော်လင့်သည့်စကားကိုသာ ဆိုလာသည်။

"ဒီလိုဖုန်မှုန့်များ ဘာအဆိပ်ရှိလို့လဲ"

ထန်ထင်းရိ မျက်နှာအပျက်ကြီးပျက်သွားသည်။ မျက်လုံးစုံ

ပို၍ ဝင်းတောက်လာသည်။

"ကျုပ်တို့ဂိုဏ်းရဲ့မဟာအဆိပ်သဲမှုန့်ကို ခင်ဗျားက ဖုန်မှုန့်လို ရှိုင်းတယ် ဟုတ်လား"

"ဟုတ်တယ်... အလကား ဖုန်မှုန့်"

ထန်ထင်းရှိ ဒေါသချောင်းချောင်းထွက်လာပြီ။ ရက်ကူးချန် ဆီတစ်လှမ်းချင်းလျှောက်လာရင်း သူ့အပေါ်အင်္ကျီကို ဆတ်ခနဲ ချွတ်လိုက်သည်။

အခန်းတွင်းရှိ လူအားလုံးလိုလို ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြသည်။ အကြောက်ကြီးကြောက်လန့်သွားကြသည်။

ထန်ထင်းရှိ၏အပေါ်အင်္ကျီကိုကြောက်ကြခြင်းတော့ မဟုတ်။

အပေါ်အင်္ကျီချွတ်လိုက်သည်နှင့် ဘွားခနဲ ပေါ်လာသော ထန်ထင်းရှိ၏ ခါးတစ်ဖက်တစ်ချက်မှ အဆိပ်သဲမှုန့်အိတ်နှစ်လုံးကို ပင် ဖြစ်ပါ၏။

တချို့သူများ ထိုင်ရာမှချက်ချင်း ထပြေးချင်ကြသည်။ တချို့ ကာလုပ်ရမှန်းမသိအောင် ကြောင်ငေးသွားကြသည်။ တဒင်္ဂအချိန်အ တွင်း အခန်းတစ်ခုလုံး အပ်ကျသံကြားမျှ တိတ်ဆိတ်သွားပါ၏။

မှန်သည်။ တခဏတာ အချိန်အတွင်းမှာပင် အလွန် ကြောက်မက်ဖွယ်ကောင်းသော တိုက်ပွဲတစ်ခု ပေါင်ဖြစ်ပေါ်လာ



တော့မည်မဟုတ်ပါလား။

ထို့ကြောင့် လူအားလုံး ဘေးကင်းရန်ကင်း ဤအခန်းထဲမှ ရှောင်ရှားထွက်သွားလိုသည့်စိတ်များ ဖြစ်ပေါ်နေကြခြင်းပင်။

သို့သော် မည်သူမှလည်း လှုပ်လှုပ်ရှားရှားမပြုဝံ့ကြ။ ငြိမ် သက်၍သာ ထန်ထင်းရှိကို ကြည့်နေမိကြသည်။

ထန်ထင်းရှိသည် အင်္ကျီချွတ်ပြီးသည်နှင့် လက်နှစ်ဖက်တွင် လက်အိတ်စွပ်လိုက်သည်။

လက်အိတ်က စိမ်းပြာရောင်အကွက်တစ်ကွက် ထင်နေ သော ငါးသားရေလက်အိတ်။

ရက်ကူးချန်ကမူ အေးအေးလူလူပင် ရပ်၍နေသည်။ စိုး လှုပ်ရှားသောအမူအရာ စိုးစဉ်းမျှပင်မရှိ။ နက်ရှိုင်းသောမျှ အကြည့်ရှိ သောမျက်လုံးအစုံဖြင့်သာ ထန်ထင်းရှိအား စိုက်ကြည့်နေသည်။

ယင်းအချိန်တွင် အင်္ကျီဖြူဝတ်စုံဝတ်ထားသော လူငယ် တစ်ဦးက ရက်ကူးချန်အား ဓားရှည်တစ်ချောင်းကမ်းပေးသည်။

ယခု ရက်ကူးချန်လက်ထဲ ဓားရှည်ရောက်သွားပြီ။ ဓားဦး ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ထန်ထင်းရှိကိုစိုက်ကြည့်နေပြီ။

ထန်ထင်းရှိက ရက်ကူးချန်၏လက်ထဲမှ ဓားရှည်ကိုတစ် ချက်မျှ ကြည့်ပြီးနောက် အခန်းတွင်းရှိသူအားလုံးသို့ လှမ်းပြောသည်။

"ကျုပ်တို့ဂိုဏ်းရဲ့အဆိပ်သဲမှုန့်ကို ဖုန်မှုန့်လို့ပြောင်ပြောနေ ခဲ့တဲ့

ခန်းထဲမှာ ရှိသေးသလား"

ထန်ထင်းရိ အသံကဟိန်း၍ထွက်လာသလောက် တစ်ဖက်မှတုံ့ပြန်သံ လုံးဝမကြားရချေ။ အားလုံးမင်သက်မိသလို ငြိမ်သက်နေကြသည်။

ထန်ထင်းရိက ထပ်ဆိုပြန်သည်။

"ကောင်းပြီ... မရှိဘူးဆိုရင် ခင်ဗျားတို့အားလုံး အောက်ထပ်ကိုဆင်းပေးကြပါ၊ မတော်တဆ ခင်ဗျားတို့ကိုထိမိရင် ကျုပ်တာဝန်မယူနိုင်ဘူး"

ထန်ထင်းရိ စကားအဆုံးတွင် အခန်းတွင်း၌လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ ဘေးကင်းရန်ကင်း ရှောင်ရှားသွားကြရန်ပင်ဖြစ်သည်။

အမှန်မှ ဤလိုပွဲကြီးပွဲကောင်းမျိုးကို သူတို့လက်လွှတ်မခံချင်ကြ။

သို့သော် အလွန်ကြောက်စရာကောင်းသော အဆိပ်သဲမှုန့်အန္တရာယ်ကြောင့် သူတို့ရှောင်ရှားရပေတော့မည်။

ယင်းအခိုက် ရက်ကူးချန်က အားလုံးကိုလှမ်းတားလိုက်သည်။

"ဘယ်သူမှရှောင်ဖို့ မလိုဘူး"

အခန်းတွင်းရှိ ရှောင်ကြရှားကြတော့မည့်သူများ ထိုင်ရခက်ထရခက်ဖြစ်သွားကြသည်။



ထန်ထင်းရိ စကားကိုပင်နားထောင်ရမည်လား။ ရက်ကူးချန်စကားကိုပင် နားထောင်ရမည်လား။ ဘာလုပ်၍လုပ်ရမည်မှန်းမသိအောင် ဖြစ်သွားရသည်။

ထိုစဉ် ထန်ထင်းရိက ရက်ကူးချန်အား မေးသံထွက်ပေါ်လာသည်။

"ရှောင်ဖို့မလိုဘူး ဟုတ်လား"

"ဟုတ်တယ်... ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့အဆိပ်သဲမှုန့်ကို မင်းလုံးဝမထုတ်နိုင်တော့ဘူးလို့ ဟောဒီအခန်းထဲမှာရှိတဲ့လူအားလုံးကို ငါရဲရဲကြီး အာမခံတယ်"

ထန်ထင်းရိ မျက်နှာအပျက်ကြီးပျက်သွားသည်။

သူတို့ထန်မျိုး၏အဆိပ်လက်နက်က အလွန်ကြောက်စရာကောင်းသည်တော့ မှန်သည်။

ထို့ထက်ကြောက်စရာကောင်းသည်က အဆိပ်လက်နက်ကို ပစ်လွှတ်ရာတွင်အသုံးပြုသော သူတို့၏ လက်နှစ်ဖက်ပင် ဖြစ်သည်။

သူတို့သည် အဆိပ်ကို လျှပ်တစ်ပြက်ထုတ်၍ ပစ်လွှတ်ရာတွင် အလွန်မြန်သည်။

ဘယ်ရွေ့ဘယ်မျှ မြန်သည်ကိုလက်တွေ့မြင်ဖူးသူတွေက

ပင် ပြန်မပြောပြနိုင်အောင်ကိုပင် မြန်လှသည်။

ယင်းသို့မြန်လွန်း လျင်လွန်းသောသူတို့၏လက်နှစ်ဖက်ကို ယခုရက်ကူးချန်က အလကားဖြစ်အောင် သရော်လိုက်ရာ ထန်ထင်းရှိအဖို့အသည်းကို အပ်ဖြင့် အကြိမ်ပေါင်းများစွာ ထိုးဆွခံလိုက်သကဲ့သို့ ဆတ်ဆတ်ခါမျှ နာကျင်တုန်လှုပ်သွားပြီး ဒေါသအမျက်ခြောင်းခြောင်း ထွက်လာတော့သည်။

သို့သော် ရက်ကူးချန်က အပြောနှင့်အလုပ်ကို လက်တွေ့ပြလိုက်ပြီဖြစ်ပါ၏။

ထန်ထင်းရှိ၏လက်များက အဆိပ်အိတ်ဆီသို့ရွေ့လျားလှုပ်ရှားသွားမည်ပြုချိန်တွင်ပင် ရက်ကူးချန်၏ဓားက လက်ခနဲဖွေးခနဲ အရောင်တစ်ချက် ဝင်းလက်သွားသည်။

မျက်တောင်တစ်ခတ်အချိန်မျှသာ ဖြစ်ပေါ်သွားပြီး ရက်ကူးချန်က သူမှုလနေရာတွင် ရပ်မြဲရပ်လျက် ထန်ထင်းရှိလည်း သူ့နေရာမှာပင် ရှိမြဲရှိလျက်။

သို့ရာတွင် ထန်ထင်းရှိ၏လက်နှစ်ဖက်က တွဲလောင်းကျသွားပြီဖြစ်ပါ၏။

ပြီးတော့ လက်မောင်းနှစ်ဖက်ဆီမှ ရဲခနဲ စီးကျလာသောသွေးများ။ ထန်ထင်းရှိ၏မျက်နှာက ခက်ထန်နေသည်။ သို့သော် မျက်ဝန်းအစုံမှမူ မျက်ရည်များ စီးသွယ်ကျလျက်။



မှန်သည်။ ထန်ထင်းရှိ သူ့ကိုယ်သူ သိလိုက်ပြီ။

ဤတစ်သက်တာတွင် ဘယ်သောအခါမှ လျှို့ဝှက်လက်နက်ပုန်းကို သူပစ်လွှတ်နိုင်တော့မည်မဟုတ်ကြောင်း သူကောင်းစွာ သိလိုက်ပြီဖြစ်ပါ၏။

ထန်မျိုးတို့၏ဂိုဏ်းသားများအနေဖြင့် ဤသို့လက်နှစ်ဖက်မလှုပ်ရှားတော့ခြင်းမှာ သေသည်ထက် ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ပင် မဟုတ်ပါလား။

ရက်ကူးချန်က လုရှောင်ဖုန့်ဘက်သို့ အသာအယာလှည့်ကြည့်လိုက်သည်။

လုရှောင်ဖုန့်မှ မအောင့်အည်းနိုင်တော့ဟန်ဖြင့် စကားဆိုလေသည်။

"တယ်ကောင်းတဲ့ဓားသိုင်းကွက်ပါလား... အင်း... ဒါကြောင့်လဲ မိုးပျံနတ်သမီးသိုင်းကွက်က နာမည်ကြီးတာကိုး"

ရက်ကူးချန်က တည်ငြိမ်အေးစက်သောအမူအရာဖြင့်....

"ဒီသိုင်းကွက်က သိုင်းလောကမှာ တစ်ခုတည်းသာရှိတဲ့ ပြိုင်စံရှားသိုင်းကွက်ပဲကွ"

"ဟုတ်ပါတယ်… ငါ ဝန်ခံပါတယ်ကွာ့"

ရက်ကူးချန်က ကျေနပ်စွာ တစ်ချက်မျှသာပြုံးပြပြီး စကား တစ်ခွန်းမျှပင် မဆက်တော့ဘဲ အောက်ထပ်သို့ဆင်းသွားလေတော့သည်။

ထိုအခါမှပင် တစ်ချိန်လုံးငြိမ်သက်နေသော အပေါ်ထပ် တစ်ခန်းလုံး ရုတ်တရက် ပြန်လည်အသက်ဝင်လာသည်။ ဆူဆူညံညံ အသံဗလံများ ကြားလာရသည်။

အချင်းချင်း ဝေဖန်သံများ၊ ငြင်းခုန်သံများ၊ ထင်မြင်ချက် များ ကျွက်စီကျွက်စီ ဆူဆူဝေအောင် ကြားလာရသည်။

တချို့လည်း ရက်ကူးချန်၏သတင်းကိုလွှင့်ရန် အောက်ထပ် သို့ ပြေးဆင်းသွားကြသည်။

အများထင်သလို ရက်ကူးချန် ဒဏ်ရာအပြင်းအထန် ရမ ထားပါ။ မသေသေးပါ။

စားသောက်ဆိုင်အပေါ်ထပ်တွင် ရောက်ရှိနေသူတိုင်းပင် ရက်ကူးချန်၏ သူမတူသောသိုင်းကွက်ဆန်းကို မျက်မြင်တွေ့လိုက် ရပေပြီ။

တကယ်ပင် ပြိုင်စံရှားသော ဓားသိုင်းကွက်ဖြစ်ကြောင်းမြင် ရသူတိုင်း မငြင်းနိုင်အောင် ရက်ကူးချန်က လက်တွေ့ပြသသွားပြီမ ဟုတ်ပါလား။



ထိုသူတွေထဲတွင် လီရက်ပေလည်း မျက်ဝါးထင်ထင်မြင်ရ ပြီ။

ယင်းကြောင့် ရုတ်ခြည်းပင် သူ့ဦးခေါင်းတစ်ခုလုံး နောက် ကျိသွားသည်။ ထုံထိုင်းသွားပြီ။

တုတုန်ကျန်းကမူ လီရက်ပေအား အောင်နိုင်ဝင့်ကြွား သော အပြုံးဖြင့် ကြည့်ရင်း…..

"ဒီမှာလီရက်ပေ… ငါ ဘာလို့လောင်းကြေးထပ်တိုးလိုက် တယ်ဆိုတာ အခုလောက်ဆို မင်း သဘောပေါက်လောက်ပါပြီနော်"

လီရက်ပေက ပြန်မဖြေပါ။ ဖြေစရာလည်း မလိုတော့မှန်း သူကောင်းစွာ သိလိုက်ပြီမဟုတ်ပါလား။

လောင်းကြေး….။

လူသေလျှင် လောင်းကြေးထုတ်ပေးရန် မလိုပါ။

သို့သော် လီရက်ပေသည် ယခုအချိန်တိုင် အသက်နှင့်ခန္ဓာ မြဲလျက်ပင် ရှိနေပါသေးသည်။

ယင်းသို့ လီရက်ပေတစ်ယောက် အသက်ရှင်နေသမျှ ကာ လပတ်လုံး လောင်းကြေးကိုမူ မလွဲမသွေ ထုတ်၍ပေးရဦးမည်။

ဤနယ်ပယ်ဒေသတွင် ကတိမတည်သူအတွက် နေရာလပ်မရှိပေ။ ဤသည်မှာ ဤဒေသ၏ထုံးထမ်းတစ်ရပ်ပင် ဖြစ်သည်မဟုတ်ပါလား။

လီရက်ပေ စိတ်ဓာတ်ကအကျကြီးကျနေသည်။

ပွဲမဝင်ခင် အပြင်ကတည်းက ရှုံးနေသလို ခံစားနေရသည်။ လူတိုင်းလူတိုင်းကလည်း ဤပွဲတွင် လီရက်ပေရှုံးပြီဟု တွက်ထားကြသည်။

သို့ဆိုလျှင် လီရက်ပေသည် သူလောင်းထားသော လောင်းကြေးကို မုချမသွေပေးရပေတော့မည်။

အကယ်တန္တု လီရက်ပေသာ လောင်းကြေးကိုထုတ်ပေးရ ရိုးမှန်လျှင် သူ့ဘဝသည် အသက်ရှင်လျက်သေရသူနှင့် မခြားတော့ပါချေ။ လူမသေသော်လည်း ဘဝသေရပေတော့မည်။

ယင်းအဖြစ်ကိုတွေးမိတိုင်း တွေးမိတိုင်း လီရက်ပေတစ်ယောက် စိတ်ဓာတ်အကျကြီးကျလျက်ရှိသည်။

လုရှောင်ဖုန့်သည် လီရက်ပေ၏ခံစားချက်ကိုရိပ်စားမိသည်။

ယင်းကြောင့် လီရက်ပေ၏ ခံစားချက်သောကတို့ ပြေလိုပြေငြား အားပေးစကားပြောလာပါ၏။

"စိတ်ဓာတ်မကျစမ်းပါနဲ့ဦး လီရက်ပေရာ... ဘယ်လိုပဲဖြစ်



ဖြစ် အခုချိန်ထိတော့ မင်း မရှုံးသေးပါဘူးကွာ"

လီရက်ပေက ခေါင်းသာညိတ်သည်။ သိပ်တော့ အားတက်လာဟန်မပြပေ။

လုရှောင်ဖုန့်က လီရက်ပေအား စိုက်ကြည့်ရင်း....

"ဘယ်လိုလဲ လီရက်ပေ... မင်းကိုကြည့်ရတာ အရင်ကလောက် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်မရှိတော့သလိုဘဲ"

လီရက်ပေ မည်သို့မျှမငြင်း၊ သက်ပြင်းရှည်တစ်ချက်သာချရင်း အားငယ်သံဖြင့် မေးသည်။

"ရက်ကူးချန်ရဲ့ ဓားသိုင်းကွက်က တကယ်ကိုပြိုင်စံရှားတဲ့ ဓားသိုင်းကွက်တဲ့လား"

လုရှောင်ဖုန့်က တစ်ချက်မျှပြုံးလျက်....

"ပြိုင်စံရှားတဲ့ဓားသိုင်းကွက်ဆိုတာ တိုက်တိုင်းအောင် ဓားသိုင်းကွက်ဖြစ်ရမယ်လို့ ဘယ်သူမှအသေအချာ မပြောရဲပါဘူးကွာ"

"ဪ... ဒါဖြင့်"

လီရက်ပေ ဆက်မပြောမီ လုရှောင်ဖုန့်က ဆက်ဆိုသည်။

"ဒီလောကမှာ တိုက်တိုင်းအောင် ဓားသိုင်းကွက်မပေါ်သေးပါဘူး"

"ငါလဲ သိပါတယ်... စီးမင်းချွေးရှက်က ဓား ရးမှာ ဘယ်သူ့ကိုမှမရှုံးဖူးသေးဘူးဆိုတာလေ၊ ဒါပေမယ့် ခုအချိန်ထိသူ...."

"ဘာလဲ... သူက အခုချိန်ထိ ပေါ်မလာသေးတော့ မင်း စိတ်ထဲမှာ သူ့ရက်ကူးချန်ကိုကြောက်လို့ ရှောင်သွားပြီလို့ မင်းထင်နေတယ် မဟုတ်လား"

"ဒီလိုပဲ ပြောရတော့မှာပေါ့ကွာ... မင်းကကော ဘယ်လိုထင်သလဲ"

"ငါတော့ မပြောတတ်သေးပါဘူး... ငါ ဘာမှမသိသေးတဲ့ ကိစ္စမှာ အရမ်းထင်မြင်ချက်မပေးချင်ဘူး"

လီရက်ပေ စကားမဆက်သေး။ အတန်ကြာအောင် စဉ်းစားနေဟန်ပြုပြီးနောက် ဖြည်းညင်းသောလေသံဖြင့်....

"အေးလေ.... မင်းက နေပြည်တော်ကိုရောက်လာတာ မကြာသေးတော့ မြို့ထဲမှာ လျှောက်လဝည်ချင်မှာပေါ့၊ သူငယ်ချင်း မိတ်ဆွေတွေနဲ့လဲ တွေ့ချင်နေမှာပေါ့"

လုရှောင်ဖုန့်က ပြုံးလျက် ခေါင်းညိတ်ပြသည်။

မှန်သည်။ လုရှောင်ဖုန့် ရိုးသားဘုန်းဘုန်းကို ရှာချင်နေသည်။ တွေ့ချင်နေသည်။ မရှင်းသည်များကို မေးချင်နေပြီ။

"ဒီညတော့ မင်း ငါ့အိမ်မှာပဲ ညစာလိုက်စားပေါ့"

"ကောင်းသားပဲ"

လုရှောင်ဖုန့်က ရုတ်တရက် ပြုံးလျက်....

"နို့ နေပါဦး... ငါ ဘယ်အိမ်လိုက်စားရမှာလဲကွ"



လီရက်ပေကလည်း ရွှင်လန်းလာဟန်ဖြင့်....

"ဒီနေ့ ဆယ့်သုံးရက်နေ့ဆိုတော့ ငါ့ရဲ့ ဆယ့်သုံးယောက်မြောက်မိန်းမရဲ့ အိမ်မှာပဲ ငါရှိနေရမယ်လေ၊ သူကလဲ မင်းကိုတွေ့ချင်နေတာကွ"

လုရှောင်ဖုန့်က သဘောကျစွာ ရယ်ရင်း....

"အဟဲ... ငါကလဲ သူ့ကိုတွေ့ချင်နေပါတယ်၊ သူက နာမည်ကြီးမိန်းမချော တစ်ယောက်ဆို"

လီရက်ပေက အားပါးတရ ရယ်ရင်း....

"ကောင်းပြီလေ... တို့ထမင်းလက်ဆုံစားတဲ့အခါကျရင် ငါက သူ့ကိုခေါ်ပြီး မင်းကိုဧည့်ခံခိုင်းမယ်လေ ဟား... ဟား...ဟား"

ကိုးလ ဆယ့်သုံးရက်နေ့၏ညနေခင်းသာ...။

လုရှောင်ဖုန့်က မြို့တော်၏လွန်စွာစည်ကားသော လမ်းမကြီးတစ်ခုပေါ်တွင် အေးအေးလူလူ လျှောက်လှမ်းရင်း ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လာသည်။

'မြို့တော်'ဆိုသည်၏ ဂုဏ်ဒြပ်နှင့်အညီ ကြည့်မြင်လေရာတိုင်းသည် ရင်သပ်ရှုမောဖွယ်ရာလှပနေသည်ကို တွေ့ရပါ၏။

ကျယ်ဝန်းသန့်ရှင်းသန့်နေသောလမ်းများ၊ အစီအရီညီညာစွာ တည်ဆောက်ထားသောအိမ်ခြေများ၊ ခမ်းနားတည်ဝါလှသော ဆိုင်ခန်းများ ဥဒဟိုသွားလာလှုပ်ရှားနေသော လူသူများက မြို့တော်၏အင်္ဂါရပ်များပင် မဟုတ်ပါလား။

လုရှောင်ဖုန့်သည် ခြေဦးတည့်ရာလျှောက်လှမ်းရင်း သူ့မိတ်ဆွေအပေါင်းအသင်း တစ်စုံတစ်ဦးနှင့်ဆုံလိုဆုံငြား သတိထား၍ကြည့်လာပါသေး၏။

သို့ရာတွင် ယခုချိန်ထိမူ မည်သူနှင့်မျှ မဆုံမိသေးချေ။

သို့သော် အမှတ်မထင်ပင် သူမဆုံစည်းလိုတော့သော၊ တွေ့လည်း မတွေ့ချင်တော့ပါသော၊ သူများနှင့်မူ တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရပါ၏။ ဦးစွာ သူတွေ့လိုက်ရသောသူမှာ မိန်းမချောလေး အိုရန်ချင်း။

အိုရန်ချင်းသည် တစ်ခုသောဆိုင်တန်းရှေ့တွင် ဟိုဟိုသည်သည်ကြည့်ရင်းနှင့် လှည့်ပတ်သွားလာနေသည်ကို လုရှောင်ဖုန့်လှမ်းမြင်လိုက်ရခြင်းပင်။

အိုရန်ချင်းနှင့်အတူ လှပစွာ ဝတ်စားဆင်ယင်ထားသော အသက်သုံးဆယ်ရွယ်ခန့်ရှိ မိန်းမချောတစ်ဦးလည်း အဖော်အဖြစ် အိုရန်ချင်၏နောက်ပါးမှ လိုက်ပါသွားလာနေသည်ကို တွေ့လိုက်ရ၏။



လုရှောင်ဖုန့်သည် အိုရန်ချင်းအား လှမ်းမြင်ရသည်နှင့် ချက်ချင်း မမြင်ဟန်ပြု၍ ခေါင်းငုံ့ထားလိုက်၏။ ထိုစဉ်တွင်ပင် သူက ချိမင်းကို သတိရလိုက်မိ၏။

အိုရန်ချင်းကလည်း အမှတ်မထင်ပင် လုရှောင်ဖုန့်အား မြင်လိုက်ပါ၏။

သို့သော် လုရှောင်ဖုန့်ကဲ့သို့ပင် မမြင်ဟန်ပြုလျက် ခပ်တည်တည် တစ်ဖက်ဆိုင်ခန်းသို့ ကြည့်နေလိုက်၏။

ထို့နောက် အိုရန်ချင်းသည် နောက်ပါးမှလိုက်ပါလာသော မိန်းမချောလက်ကိုဆွဲ၍ ဆိုင်တန်းမှထွက်ပြီးနောက် မြင်းလှည်းတစ်စီးပေါ်သို့ ကပျာကသီ တက်သွားလေသည်။

လုရှောင်ဖုန့်သည် တဖြည်းဖြည်းနှင့် ထွက်ခွာသွားမြင်းလှည်းဆီသို့ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ယခုမူ လုရှောင်ဖုန့်သည် နေရာတွင်ပင် ရပ်ရင်း တွေးငိုင်စဉ်းစားမိနေ၏။

သို့သော် သူဘာတွေစဉ်းစားနေကြောင်းကိုမူ သူမှတစ်ပါး မည်သူမျှ သိနိုင်မည်မဟုတ်ပါချေ။

သစ္စာမှန်

## (သုံး)

လုရှောင်ဖုန့် အချိန်မည်မျှကြာအောင် ငေးမောရင်း စဉ်းစားနေသည်မသိ။

သူ့အား နောက်ပါးမှတစ်စုံတစ်ယောက်က လှမ်းခေါ်သံကြားရတော့မှပင် သတိပြန်ဝင်လာလေသည်။

သူ့ကိုလှမ်းခေါ်သောသူသည် အနားသို့ရောက်ရောက်ခြင်းကို သူ့ပခုံးကို တစ်ချက်မျှပုတ်ရင်း...၊

"မင်းလာမယ်ဆိုတာ ငါသိပြီးသားပါကွာ"

ဟု စတင်စကားဆိုသည်။



လုရှောင်ဖုန့် ဖျတ်ခနဲ လှည့်အကြည့်တွင် ဆံပင်ဖြူမုတ်ဆိတ်ဖြူနှင့် ရသေ့ကြီးဖြစ်နေပြီး ရသေ့ကြီး၏နောက်တွင်လည်း ဣန္ဒြေသိက္ခာလွန်စွာရှိသော ဘုန်းကြီးတစ်ပါးကို တွေ့လိုက်ရပါ၏။

ယင်းရသေ့နှင့်ဘုန်းတော်ကြီးမှာ အခြားသူမဟုတ်။ မုသောက်ရသေ့နှင့် ကူစုန်ဆရာတော်တို့ပင်ဖြစ်သည်။

ထို့ကြောင့် လုရှောင်ဖုန့်၏မျက်နှာရတ်ခြည်း ရွှန်းလက်တောက်ပသွား၏။

အားရဝမ်းသာလေသံဖြင့်....

"ဆရာတော်တို့လာမယ်ဆိုတာလဲ တပည့်တော်သိထားပါတယ်၊ ဟား... ဟား... ဟား"

လုရှောင်ဖုန့်။ ကူစုန်ဆရာတော်၊ သောက်ရသေ့၊ သူတို့သုံးဦးစလုံးပင်မမျှော်လင့်ဘဲ အမှတ်မထင်ပြန်လည်ဆုံစည်းကြရသဖြင့် ဝမ်းသာပျော်ရွှင်သွားကြသည်။

မုသောက်ရသေ့....။

ဤပုဂ္ဂိုလ်ကား။ ဟူတန်းဂိုဏ်း၏ဝါကြီးပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။

အသက်ကြီးပင် ကြီးငြားသော်လည်း ကျန်းမာသန်စွမ်းဆဲပင်။

သို့သော် အသက်အရွယ်နှင့် ရုပ်သွင်ပြင်ကိုကြည့်ရုံဖြင့်

ယင်းပုဂ္ဂိုလ်အား သိုင်းလောကတစ်ခုလုံးတွင် နာမည်အကြီးဆုံးဓား သိုင်းသမားသုံးဦးအနက် တစ်ဦးအပါအဝင် ပုဂ္ဂိုလ်ဖြစ်ကြောင်း သိကြလိမ့်မည် မဟုတ်ပေ။

မုသောက်ရသေ့က လုရှောင်ဖုန့်၏ပခုံးကို ထပ်တစ်ဖန်ပုတ်လျက် ရယ်မောရင်း ဆိုပြန်သည်။

"ဒီဓားပြိုင်ပွဲကို ငါ ဘယ်လက်လွတ်ခံပါ့မလဲ၊ ငါအဘိုးကြီးဖြစ်ပြီး လမ်းလုံးဝမလျှောက်နိုင်တော့တာတောင် တွားသွားပြီး ရောက်အောင် လာရမှာပဲကွ"

"ဘာလဲ... ဆရာတော်တို့က သူတို့နှစ်ယောက်ရဲ့ဓားပြိုင်ပွဲကိုကြည့်ပြီး ဟာကွက်ကိုရှာချင်နေတာလား၊ ဒါမှမဟုတ် သူတို့နဲ့ ထပ်ပြိုင်ချင်နေလို့လား"

လုရှောင်ဖုန့် အပြောကြောင့် မုသောက်ရသေ့စဉ်းငယ်မျှ စိတ်မဆိုးချေ။

သက်ပြင်းတစ်ချက်သာ ချရင်း....

"အင်း... ငါအဘိုးကြီး ဖြစ်နေပါပြီကွာ၊ ဘယ်သူနဲ့မှလဲ မယှဉ်ပြိုင်ချင်တော့ပါဘူး"

ထိုစဉ် ကူစန်ဆရာတော်က ကြား ဝင်၍....

"လုရှောင်ဖုန့် ငါတို့က မင်းကိုရှာနေတာကွယ့်"

"ဘာကိစ္စရှိလို့ပါလဲ ဆရာတော်"



"ငါတို့က လူတစ်ယောက်နဲ့ အခုညနေစောင်းမှာ တွေ့ကြဖို့ ချိန်းထားတယ်ကွယ့်၊ အဲဒီလူကို မင်းနဲ့တွေ့ပေးဖို့ မင်းကိုခေါ် သွားမလို့"

"အဲဒီလူက ဘယ်သူမို့လဲ ဆရာတော်"

မုသောက်ရသေ့က တစ်ချက်မျှပြုံးလျက်....

"သူ... ဘယ်သူလဲဆိုတာ မင်းသိချင်တဲ့နောက်တော့ ငါတို့နဲ့လိုက်ခဲ့ပေါ့ကွာ"

ယင်းအဖြေကို လုရှောင်ဖုန့် သိပ်သဘောကျသွားသည်။ နဂိုကတည်းကပင် စူးစမ်းလိုသော၊ အလွန်စပ်စုတတ်သော လူစားမျိုးမဟုတ်ပါလား။

သူတို့ချိန်းဆိုထားသောနေရာကား အလွန်ထူးဆန်းသည်။ မြို့ပြင်တစ်နေရာ မီးသွေးဖုတ်သောဖိုကြီးတွင် ဖြစ်ပါ၏။

မီးသွေးဖိုမှာ အသုံးမပြုသည်မှာကြာပြီဖြစ်ရာ ခပ်ဝေးဝေးမှလှမ်းကြည့်လျှင် အုတ်ဂူနှင့်ပင် တူသေးတော့သည်။

လုရှောင်ဖုန့်က မျက်မှောင်ကုတ်လျက်....

"မြို့ထဲမှာချိန်းစရာနေရာရှားလို့ဗျာ... ဒီနေရာမှာ ကြုံကြုံဖန်

ဖန်လာပြီး ချိန်းရတယ်လို့ ခက်ပ"

ကူစုန်ဆရာတော်က တစ်ချက်မျှပြုံးလျက်....

"ဒီနေရာမှာချိန်းဆို တို့ကိုချိန်းတဲ့လူကိုယ်၌က လူထူးလူဆန်းတစ်ယောက်ဖြစ်နေလို့ပဲကွ"

မုသောက်ရသေ့က ကြားဝင်၍....

"တိတိကျကျပြောရရင်တော့ ငါတို့ချိန်းထားတဲ့လူက သုံးယောက်ကွ၊ တစ်ယောက်ကတော့ တစ်သက်လုံး ဘာမလုပ်မှမယ် မယ်ရရမလုပ်ဘဲ အရက်ချည်းထိုင်သောက်လာတဲ့အဘိုးကြီး... နှစ်ယောက်ကတော့ သိုင်းလောကမှာ အပ်ကျတာကအစ ဘာမဆိုသူ တို့မသိတာမရှိတဲ့ အဘိုးကြီးနှစ်ယောက်ပဲဟေ့"

ကူစုန်ဆရာတော်က လုရှောင်ဖုန့်အား တစ်ချက်မျှ ပြုံးကြည့်ရင်း....

"ကဲ... တို့နဲ့ချိန်းထားတဲ့လူဟာ ဘယ်သူလဲဆိုတာ မင်းရိပ်စားမိရဲ့မဟုတ်လား လုရှောင်ဖုန့်"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြသည်။

ထိုစဉ်မှာပင် ခန္ဓာကိုယ်ပိန်လှီပြီး အရပ်အမောင်းပုညှက်သမျှ ဦးခေါင်းကမူ အဆမတန်ကြီးသော လူထူးလူဆန်းတစ်ယောက်သည် မြင်းပုလေးတစ်ကောင်ကိုစီး၍ သူတို့ဆီသို့အိပဲ့အိပဲ့ဖြင့် လာနေသည်ကိုတွေ့ရလေသည်။



သူတို့အနီးသို့ရောက်လုလုရှိချိန်တွင် ရှေတော်ပြေးအဖြစ် အ ရက်နံ့က ဟောင်ခနဲ အလျှင်လွင့်ပျံ့လာသည်။

ထိုသူမှာ ကျွေးစွန်းပင်ဖြစ်ပါ၏။

ကျွေးစွန်းကား အရက်ဖြင့်သာ အချိန်ကုန်လာခဲ့ရာ တကယ့် ယစ်ထုပ်ကြီးတစ်ယောက်၏သွင်ဟန် ပေါက်နေလေသည်။

လုရှောင်ဖုန့်သည် 'ကျွေးစွန်း'ကိုမြင်သည်နှင့် ရယ်ချင်စိတ်များ ဖြစ်ပေါ်လာသည်။

ကျွေးစွန်းမူ သူတို့အနီးသို့ရောက်သည်နှင့် လုရှောင်ဖုန့်အား အရက်ခိုးဝေ့နေသောမျက်လုံးဖြင့် စောင်းငဲ့ကြည့်ရင်း စတင်စကားဆိုသည်။

"မင်းလဲ လာတာကိုး"

"ဘာလဲ... ကျုပ်မလာဘူးလို့များ ခင်ဗျားထင်ခဲ့လို့လား"

ကျွေးစွန်းက သက်ပြင်းချပြီး....

"အင်း... လာသင့်တဲ့လူတွေမလာဘဲ မလာသင့်တဲ့လူတွေ အားလုံး လာနေကြတာကိုး"

ကျွေးစွန်းက ပြောပြောဆိုဆို ယိုင်တိယိုင်တိုင်ဖြင့် မြင်းပေါ်မှဆင်းလိုက်သည်။

ထိုစဉ်မုသောက်ရသေ့က ကျွေးစွန်းအား မေးသည်။

"တာတုံးနဲ့တာကိုး ဆရာကြီးနှစ်ယောက်ကော မလာ

သေးဘူးလား"

တာတုံးနှင့်တာကိုးဆိုသော ဆရာကြီးနှစ်ယောက်၏အကြောင်းကို လုရှောင်ဖုန့် ကောင်းစွာ ကြားဖူးထားသည်။

သို့သော် ဆရာကြီးနှစ်ဦး၏ရုပ်သွင်ကိုမူ လုရှောင်ဖုန့် တစ်ခါဖူးမျှ မမြင်ဘူးပါချေ။

ထိုဆရာကြီးနှစ်ဦးမှာ သိုင်းလောကနှင့် ပတ်သက်လာလျှင် အပ်ကျသည်ကအစ လျှို့ဝှက်ချက်များအဆုံး အကုန်သိသည်။ အလွန်ပြွမ်းတီးနှံ့စပ်သည်။

ထို့ကြောင့် သိုင်းလောက၏လျှို့ဝှက်ချက်ကိုသိလိုလျှင် ဆရာကြီးနှစ်ဦးထံ ချဉ်းကပ်ရသည်။

လျှို့ဝှက်ချက်တစ်ခုမေးလိုလျှင် အဖြေအတွက် ငွေငါးဆယ်ပူဇော်ရသည်။

ယင်းဆရာကြီးနှစ်ဦးနှင့်မတွေ့မီ ရှေတော်ပြေးအဖြစ် ကွေးစွန်းကိုအလျင်တွေ့ရသည်မှာ ထုံးစံတစ်ရပ်ပင်။ ကွေးစွန်းနှင့်အလျှင်ဆက်သွယ်မှလည်း ဆရာကြီးနှစ်ဦးနှင့် မေးနိုင်မြန်းနိုင်သည်။

ကွေးစွန်းက မုသောက်ရသေ့၏အမေးကို အာလေးလျှာလေးသံဖြင့်ဖြေသည်။

"ငါက မင်းအတွက်ချိန်းထားတာပဲ သူတို့လာကြမှာပေါ့"

"အခု... သူတို့ဘယ်မှာလဲ"



ကူစန်ဆရာတော်က ကြားဖြတ်မေးသည်။

ကွေးစွန်းက အရှေ့ဖက်သို့လက်ညှိုးညွှန်ရင်း 'ဟိုမှာလေ'ဟု ဖြေသည်။

ကူစန်ဆရာတော်နှင့်တကွ လုရှောင်ဖုန့်တို့ပါ ကွေးစွန်းလက်ညှိုးညွှန်ရာကြည့်လိုက်ကြရာ တာတုံးနှင့်တာကိုးဆရာကြီးနှစ်ဦးကိုမတွေ့ရဘဲ အုတ်ဂူနှင့်သဏ္ဍာန်တူသော မီးသွေးဖိုဟောင်းကြီးကိုသာ မြင်လိုက်ကြရသည်။

ကူစန်ဆရာတော်က မျက်မှောင်ကုပ်လျက်....

"ဘာလဲ... သူတို့က မီးသွေးဖိုထဲဝင်နေကြတာလား၊ ဘာကိစ္စ မီးသွေးဖိုထဲဝင်နေကြတာလဲ"

ကွေးစွန်းက စိတ်မရှည်တော့ဟန်ဖြင့်....

"သိချင်ရင် ဘာဖြစ်လို့ ကိုယ့်ဘာသာကိုယ် သွားမမေးရတာလဲ"

လုရှောင်ဖုန့်က ရယ်ချင်စိတ်ကိုထိန်း၍...

"အဲဒီမေးခွန်းကိုမေးရင် ငွေငါးဆယ်ပေးရမှာလား ဟုတ်လား"

"အေးပေါ့... ဘာပဲမေးမေး မေးခွန်းတစ်ခု ငွေငါးဆယ်ပေးရမှာပဲ၊ နောက်ပြီး...."

"နောက်ပြီး အပြင်ကပဲ အဖြေကိုစောင့်ရမယ်၊ အထဲကိုလုံး

ဝမဝင်ရဘူး မဟုတ်လား"

လုရှောင်ဖုန့်က ကွေးစွန်းစကားမဆုံးမီ ကြားဝင်ထောက်လိုက်သည်။

ကွေးစွန်းက သက်ပြင်းချလျက်....

"အေး... မင်းတို့သုံးယောက်ထဲက အတော်လေးလိမ္မာပါးနပ်ပုံရတာ မင်းပဲကွ"

ဟု ဆိုသည်။

သို့ဖြင့် သူတို့အားလုံး မီးသွေးဖိုသို့ရောက်လာကြသည်။ မီးသွေးဖို၏အပေါက်ဝမှာ လွန်စွာနိမ့်ပြီး မှောင်မည်းနေသည်။ အပေါက်ဝမှာ ကျဉ်းရုံမက သေးလည်း သေးငယ်လှသည်။

လုရှောင်ဖုန့်သည် အပေါက်တွင်းသို့ သူ့ဦးခေါင်းပင် လျှိုသွင်း၍ရနိုင်ပါ့မလားဟု သံသယဖြစ်ပေါ်မိသည်။

သို့သော် လုရှောင်ဖုန့် တကိုယ်ခေါင်းလျှိုဝင်လိုက်သောအခါ အခက်အခဲမရှိ ဝင်၍ရသွားသည်။

ဖိုထဲတွင် ဖိုဝမှာထက် ပို၍မှောင်နေလေသည်။ ဘာကိုမျှလည်း သဲသဲကွဲကွဲ မမြင်ရချေ။ အမှောင်သာ စိုးမိုးထားပါ၏။

မုသောက်ရသေ့နှင့် ကူစုန်ဆရာတော်တို့လည်း လုရှောင်ဖုန့်အတိုင်း ဖိုထဲသို့ လိုက်ဝင်လာကြသည်။

ဖိုအတွင်းရှိ အမှောင်လမ်းအတိုင်း စမ်းတဝါးဝါးဖြင့် အတန်



ကြာအောင် လျှောက်ဝင်လာစဉ် အမှောင်ထဲမှ ကျယ်လောင်သော အသံတစ်သံက ပဲ့တင်ဟိန်း၍ ထွက်ပေါ် လာသည်။

"ရပ်... မေးချင်တာ စမေးတော့"

ဦးစွာ အမေးပုစ္ဆာထုတ်သူမှာ မုသောက်ရသေ့ပင်ဖြစ်သည်။

မုသောက်ရသေ့ မမေးမီကတည်းကပင် လုရှောင်ဖုန့်က မုသောက်ရသေ့ မေးမည့်မေးခွန်းကို ကြိုသိထားနှင့်ပြီး ဖြစ်နေသည်။

"ကိုးလ ဆယ့်ငါးရက်နေ့ရဲ့ တိုက်ပွဲမှာ စီးမင်းချွေးရှက်နိုင်မှာလား... ရက်ကူးချန်နိုင်မှာလား"

ဤမေးခွန်း၏အဖြေကို လူတိုင်းသိချင်နေသည်။ အကယ်တန္တတိကျသောအဖြေသာ သိနိုင်လျှင်တော့ ငွေငါးဆယ်မက ပေးလျော်သည်ဟု လုရှောင်ဖုန့် တွေးမိသည်။

"မင်းက ငွေကလေး ငါးဆယ်ပေးပြီး ဒီမေးခွန်းကိုမေးတာတော့ မတရားရာ ကျလွန်းမနေဘူးလားကွာ"

ယင်းစကားကိုပြောလာသူမှာ တာကိုးဖြစ်သည်။ လုရှောင်ဖုန့်သည် တာကိုး၏ရုပ်သွင်ကို တစ်ခါဖူးမျှ မမြင်ဘူးသေးသည့်တိုင်

အသံကိုမှ ကြားဖူးနေသည်။ ကျက်မိနေသည်။

မုသောက်ရသေ့ ပြန်မပြောနိုင်မီ တာကိုးကပင် ဆက်ပြောပြန်သည်။

"ဒါပေမယ့် အရေးမကြီးပါဘူး... မင်းမေးတဲ့မေးခွန်းကို ငါဖြေလိုက်ပါ့မယ်"

ခဏမျှ စကားသံတိတ်သွားပြီးနောက် တာကိုး၏အဖြေပေးသံ ထွက်ပေါ်လာသည်။

"ကိုးလဆယ့်ငါးရက်နေ့ရဲ့ တိုက်ပွဲမှာ သူတို့နှစ်ယောက် ဘယ်သူ့ဘယ်သူမှနိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ယင်းမေးခွန်းက ဒုတိယမေးခွန်းဖြစ်ရာ မုသောက်ရသေ့က ဖို၏အထဲဘက်သို့ ငွေငါးဆယ်ထပ်မံ၍ ပစ်တွင်းပေးလိုက်ရသည်။

သည်တော့မှ အတွင်းဘက်အမှောင်ထဲမှ တာကိုး၏အသံ ထွက်ပေါ်လာသည်။

"ကျားနှစ်ကောင်ကို ကိုက်တော့ တစ်ကောင်ကောင်တော့ သေမှာပဲ၊ ဒါပေမယ့် ကျန်တဲ့တစ်ကောင်လဲ ဒဏ်ရာအပြင်းအထန်ရမှာသေချာတယ်၊ ဒါကြောင့် အမှန်တကယ် အနိုင်ရမယ့်သူက ကျားနှစ်ကောင်ကိုက်တာကို ဘေးက အသာလေးကြည့်နေတဲ့မုဆိုးပွဲကြည့်ပရိသတ်တွေပဲ ဖြစ်မှာပဲကွ"



လုရှောင်ဖုန်းက နံဘေးမှနေ၍ ငြိမ်သက်စွာ နားထောင်ရင်း စိတ်ထဲမှကျိတ်၍ တာကိုးကိုချီးကျူးနေမိသည်။

တာကိုးသည် အမှန်တကယ်ပင် ပညာရှိသူဖြစ်သည်။ ပညာရှိတစ်ဦးမို့သာ မုသောက်ရသေ့၏မေးခွန်းကို ဤလိုနည်းဖြင့် အဖြေပေးနိုင်လိုက်ခြင်း ဖြစ်သည်။

"စီးမင်းချွေးရှက် နေပြည်တော်ထဲကို ရောက်လာပြီလား" မုသောက်ရသေ့က မေးလိုက်ပြန်သည်။

"ရောက်ပြီ"

"ဒါဆိုရင် အခု သူဘယ်မှာရှိသလဲ"

"လူတွေ အင်မတန် ရှာရခက်ခဲတဲ့နေရာမှာ ရှိနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုးလဆယ့်ငါးရက်နေ့မတိုင်ခင် ဘယ်သူ့ကိုမှ သူမတွေ့ချင်သေးလို့ဘဲ"

အဖြေမှာ အလွန်ပါးနပ်သောအဖြေပင် ဖြစ်၏။ မည်သူမျှ သူ့အဖြေကို မမှန်ကန်ပာု စောဒက မတက်နိုင်ချေ။

မုသောက်ရသေ့ သက်ပြင်းချသည်။ ယခုမှပင် ကုန်ဆုံးသွားသော သူ့ငွေ ၂၀၀ကို နှမြောမိတော့သည်။

"ရက်ကူးချန်ဟာ အမှန်ပဲ ထန်မျိုးရဲ့အဆိပ်သဲမှူန့်ဒဏ်ခံရတာလား"

ဤမေးခွန်းကိုမေးသူက ကူစုန်ဆရာတော်...။

"ဟုတ်တယ်"

"ထန်လူမျိုးရဲ့အဆိပ်တွေကို သူတို့ရဲ့သီးခြားလျှို့ဝှက်အဆိပ်ဖြေဆေးအပြင် တခြားဖြေဆေးတွေ ရှိသေးသလား"

"ရှိပါတယ်"

ယင်းမေးခွန်း၏အဖြေကို ဖြေသူမှာ တာတုံးဖြစ်သည်။ တာတုံးသည် သိုင်းလောကတွင်အသုံးပြုသော လက်နက်မျိုးစုံအကြောင်းကို လုံးစေ့ပတ်စေ့ ထိုးထွင်းနားလည်ထားသူ ဖြစ်သည်။

ကူစုန်ဆရာတော်သည် ယင်းအဖြေကြောင့် စိတ်လက်ပေါ့ပါးသွားသည်။ သက်ပြင်းချနိုင်သွားသည်။

အဘယ့်ကြောင့်ဟူမူ ကူစုန်ဆရာတော်သည် ရက်ကူးချန်အပေါ်တွင် စိတ်လွန်စွာ ပူပန်နေသည်။ ယခု ရက်ကူးချန်အတွက် စိတ်ချမ်းသာမှုရသွားပြီ။

"မင်းတို့က ဘာဖြစ်လို့ လူအတွေ့မခံတာလဲ"

မုသောက်ရသေ့က အမှတ်မထင် ထူးဆန်းသောမေးခွန်းကို ဝင်မေးပြန်သည်။

"ဘာဖြစ်လို့လဲဆိုတော့ လောကမှာ ငါတွေ့ချင်လောက်အောင် တန်ဖိုးရှိတဲ့လူ မပေါ်သေးလို့ဘဲ"

မုသောက်ရသေ့က ယင်းအဖြေကိုသဘောကျ၍ ပြုံးနေလိုက်၏။



တကယ်ကား သူနောက်ဆုံးပေးရသော ငွေငါးဆယ်မှာ မေးခွန်း၏အဖြေနှင့် လုံးဝမတန်ချေ။

မုသောက်ရသေ့က လုရှောင်ဖုန့်ဘက်သို့လှည့်၍....

"မင်းကော ဘာမေးဦးမလဲ"

လုရှောင်ဖုန့်တွင် သူဖြေရှင်း၍မရသော ပြဿနာဟူ၍ မရှိသေးပေ။

သို့ရာတွင် စောစောက သူအမှတ်မထင်'အိုရန်ချင်း'ကိုတွေ့လိုက်ရရာ မေးလိုသောမေးခွန်းတစ်ခုရရှိလိုက်လေသည်။

သို့နှင့်မည်သူမျှ မထင်မှတ်သော မေးခွန်းတစ်ခုက လုရှောင်ဖုန့်၏နှုတ်မှ အလိုလို ထွက်ပေါ်လာသည်။

"အိုရန်ချင်းက အခုချိန်ထိ ခြောက်ပြစ်ကင်းအပျိုစင်ကလေး ဖြစ်နေတုန်းပဲလားဗျ"

မုသောက်ရသေ့နှင့်ကူစုန်တို့မှာ ယခုလိုအချိန်မျိုးတွင် လုရှောင်ဖုန့်၏နှုတ်မှ ဤလိုမေးခွန်းမျိုးမေးလာမည်ဟု လုံးဝမျှော်လင့်ထားခြင်းမရှိသဖြင့် လွန်စွာ အံ့သြသွားကြသည်။

အတန်ကြာအောင် တိတ်ဆိတ်သွားပြီးနောက် အမှောင်တွင်းမှဖြေသံ ထွက်ပေါ်လာသည်။

"ဟုတ်ပါတယ်... အိုရန်ချင်းအပျိုစင် ဖြစ်နေဆဲပါပဲ"

"ရိုးသားဘုန်းဘုန်းက တကယ်ပဲ ရိုးသားမှုရှိရဲ့လား"

"ဟုတ်တယ်… ရှိသားတယ်"

လုရှောင်ဖုန်၏မျက်နှာ ရုတ်တရက် အတွေးနက်ဟန်ပေါ်လာပြီးနောက် ထပ်မေးပြန်သည်။

"သူ ဘုန်းကြီးမဝတ်ခင် နာမည်ဘယ်လိုလဲ၊ နောက်ပြီး သူ ဘယ်ကလာတာလဲ"

"ဘယ်သူမှ သူရဲ့ကိုယ်ရေးရာဇဝင်ကို မသိကြပါဘူး"

ယင်းအဖြေမှာ တကယ်မှ အဖြေမဟုတ်ချေ။

ထို့ကြောင့် လုရှောင်ဖုန့် ပြုံးမိသည်။ သို့သော် မတန်သည့်တိုင် အိတ်ထဲမှ ငွေငါးဆယ်မှ မေးလိုက်ရပါ၏။

လုရှောင်ဖုန့်တွင် မေးရန် ရည်ရွယ်ထားသော မေးခွန်းတစ်ခု ကျန်နေသေးရာ ဆက်တိုက်မေးလိုက်လေသည်။

"တုတုံကျန်းက ရက်ကူးချန်မှာတိုက်ခိုက်နိုင်တဲ့ စွမ်းရည်ရှိသေးတာကို ဘယ်လိုလုပ်သိခဲ့သလဲ"

"သူ့ကိုရ…"

တာတုံး၏အဖြေမပီပြင်မီ ရုတ်တရက် လွန်စွာ စူးရှသောပလွေသံတစ်သံက ဖြတ်တောက်ပစ်လိုက်သည်။

ပလေသံက တိုသည်။ ပြတ်သည်။ ချက်ချင်း ပြန်တိတ်သွားသည်။

"ဘာဖြစ်လို့လဲဗျို့"



လုရှောင်ဖုန့်က ထပ်အော်မေးလိုက်သည်။ သို့သော် ဖြေသံလုံးဝ ထွက်ပေါ်မလာတော့။

လုရှောင်ဖုန့်က ဖြေသံကြားရလို ကြားရငြား အတန်ကြာအောင် စောင့်နေသေး၏။ ထပ်ခါထပ်ခါလည်း အော်မေးသည်။ သို့ရာတွင် တစ်ဘက်မှဖြေသံလုံးဝမကြားရပါတော့ချေ။

လုရှောင်ဖုန့်က အခြေအနေမဟန်တော့မှန်း ချက်ချင်းသိလိုက်သည်နှင့် ဖိုထဲမှ လျင်မြန်စွာ ထွက်လိုက်သည်။

ထိုစဉ် ရှီးခနဲ အသံတစ်သံကြားရပြီး မြွေလေးတစ်ကောင်က ခဏာစဉ်က ပလွေသံကြားရာဆီသို့ပြေးသွားကာ ချက်ချင်း ပျောက်ကွယ်သွားသည်ကို လုရှောင်ဖုန့်တွေ့လိုက်ရ၏။

လုရှောင်ဖုန့်၏မျက်နှာရုတ်ခြည်း ပျက်သွားပြီး ကျယ်လောင်သောအသံဖြင့် အော်လိုက်သည်။

"ကွေးစွန်း… ကွေးစွန်း"

လုရှောင်ဖုန့် ထိတ်လန့်တကြားနှင့် သံကုန်အော်လိုက်သော်လည်း တစ်ဘက်မှဖြေသံမကြားရတော့ချေ။

မှသောက်ရသေ့နှင့် ကူစုန်ဆရာတော်တို့လည်း တစ်စုံတစ်ရာထူးခြားပြီဖြစ်ကြောင်း သိလိုက်သည်။

သို့နှင့် လုရှောင်ဖုန့်ကဲ့သို့ပင် မီးသွေးဖိုအတွင်းမှ ပြန်ထွက်လာကြသည်။

လုရှောင်ဖုန့်သည် တစ်ဘက်မှ ဖြေသံလုံးဝမကြားရတော့သည်နှင့် ချက်ချင်းပင် အုတ်ဖိုနောက်ဘက်သို့ ပြေးသွားကြည့်သည်။

သူတွေးထင်ထားသည့်အတိုင်းပင် ကွေးစွန်းအား မီးသွေးဖို၏နောက်ဘက်တွင် လဲလျက်ရှိသည်ကို တွေ့လိုက်ရပါ၏။

ကွေးစွန်း၏မျက်နှာတစ်ခုလုံး ရှုံ့တွနေပြီး မီးသွေးရောင်လို ညိုမည်းသွားသည်။

မချိမဆန့် ဝေဒနာခံစားထားရန်ဟန်ဖြင့် ကွေးစွန်း၏လျှာက တန်းလန်းထွက်လျက်ရှိပြီး လည်မျိုတွင်လည်း သွေးစို့နေသော ဒဏ်ရာနှစ်ခုကိုပါ တွေ့လိုက်ရ၏။

ထိုစဉ် လုရှောင်ဖုန့်အနားသို့ မုသောက်ရသေ့နှင့်ကူစုန်တို့ ရောက်လာကြသည်။

မုသောက်ရသေ့သည် မရှုမလှ သေဆုံးနေသောကွေးစွန်းကိုကြည့်ရင်း နှုတ်မှလွှတ်ခနဲ ရေရွတ်လိုက်မိသည်။

"ဟို... မြွေလေးကြောင့်များလား"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြသည်။ မှန်သည်။ မည်သူမဆို ကွေးစွန်း အသတ်ခံရသည်မှာ စောစောကထွက်ပြေးသွားသော မြွေလေးကြောင့်ဖြစ်ကြောင်း ကြည့်သည်နှင့် သိနိုင်ပါသည်။

ဤလိုလွန်စွာ အဆိပ်အတောက်ပြင်းသည့် မြွေလေးတစ်ချက်မျှ အကိုက်ခံရလျှင် အသက်ရှင်ဖွယ်ရာမရှိတော့။



လုရှောင်ဖုန့်သည် မီးသွေးဖိုဟောင်းကြီးကိုခြေဖြင့် ကန်လိုက်၏။ မီးသွေးဖိုမှဝုန်းခနဲ လင်းလင်းပွင့်ထွက်သွားသည်။

သို့သော် အတွင်းဘက်တွင် လူတစ်ယောက်မျှ မမြင်ရတော့ချေ။

"တာထုံးနှင့်တာကိုးတို့ ထူးဆန်းစွာ ပျောက်ကွယ်သွားကြပါရောလား"

မုသောက်ရသေ့က အံ့သြတကြီးဖြင့် လွှတ်ခနဲ မေးလိုက်သည်။

"တာထုံးနဲ့တာကိုးတို့ကော"

လုရှောင်ဖုန့် ချက်ချင်းမဖြေ။ အတန်ကြာအောင် ငြိမ်နေလိုက်သည်။ ပြီးမှ ရုတ်တရက်ဖြေသည်။

"တကယ်တော့ တာထုံးနဲ့တာကိုးဆိုတာ မရှိပါဘူး"

မုသောက်ရသေ့က လုရှောင်ဖုန့်စကားကြောင့် ငေးကြောင်သွားသည်။

လုရှောင်ဖုန့်၏ စကားအဓိပ္ပာယ်ကို နားမလည်ဟန်ဖြင့် လုရှောင်ဖုန့်၏မျက်နှာကိုသာ ငေးကြည့်နေသည်။

လုရှောင်ဖုန့်က ရှင်းပြသည်။

"တာထုံးဟာ တကယ်တော့ ကွေးစွန်းပါပဲ... တာကိုးလဲ ကွေးစွန်းပါပဲ"

မုသောက်ရသေ့က အံ့သြတကြီးဖြင့်....

"ဒီလူသုံးယောက်ဟာ လူတစ်ယောက်တည်းပဲလို့ မင်းဆိုလိုတာလား လုရှောင်ဖုန့်"

လုရှောင်ဖုန့်က ခေါင်းညိတ်လိုက်သည်။

မုသောက်ရသေ့က ပို၍နားမလည်ဟန်ဖြင့် ထပ်ဆိုပြန်သည်။

"ဒါပေမယ့် သူတို့အသံတွေက"

"ဒီလိုရှိတယ် မုသောက်ရသေ့... တချို့လူတွေက ကိုယ်ပင်ကိုယ်အသံကိုဖျောက်ပြီး တခြားလူတွေရဲ့အသံကို တုပပြောတတ်ကြတယ်၊ လူသံတွင်မကဘူး သတ္တဝါအမျိုးမျိုးရဲ့အသံတုကိုလဲ လုပ်နိုင်ကြတယ်"

မုသောက်ရသေ့ ဆက်မမေးတော့ပေ။ သိုင်းလောကတွင် ဤလိုထူးဆန်းသော ပညာရပ်များရှိကြောင်း ကိုယ်တိုင်သိထားပြီးဖြစ်သည် မဟုတ်ပါလား။

ကူစုန်က သက်ပြင်းတစ်ချက်ချရင်း....

"ကွေးစွန်းဟာ ဒီလောက်တော်ပြီး ဒီလောက်ထူးချွန်တဲ့လူဖြစ်လျက်နဲ့ ဘာဖြစ်လို့ ဒီလိုဟန်ဆောင်ပြီး ငွေကိုညာယူနေရတာလဲ မသိဘူး"

"သူဟာ ငွေကို တမင်သက်သက် ညာယူနေတာမဟုတ်ပါ



ဘူး၊ သူ့ကို သူများတွေသိမှာစိုးလို့ အခုလို ဖုံးကွယ်နေတာပါ"

လုရှောင်ဖုန့်ရှင်းပြတော့မှ မုသောက်ရသေ့နှင့် ကူစုန်ဆရာတော်တို့ သဘောပေါက်သွားတော့သည်။

လူတစ်ယောက်၏လျှို့ဝှက်ချက်ကို အခြားသူတစ်ယောက်က အသိများနေလျှင် ထိုလူတွင် အန္တရာယ်ရှိသည်။ အသက်တိုနိုင်သည် မဟုတ်ပါလား။

သည်အချက်ကို ကွေးစွန်းက သိထားနှင့်ဟန် တူပါ၏။ ထို့ကြောင့် သူက တာထုံး တာကိုးဟူသော ပုဂ္ဂိုလ်နှစ်ယောက်လူ့လောကတွင် အမှန်တကယ် ရှိသယောင် ပိပိရိရိ ဖန်တီးထားလိုက်ခြင်းပင် ဖြစ်သည်။

သို့ရာတွင် နောက်ဆုံး၌ သူ့ထက်လျင်သော သူနှင့်တွေ့သောအခါ သူအသတ်ခံလိုက်ရပါ၏။

ကူစုန်က စိတ်မချမ်းမြေ့စွာ သက်ပြင်းချပြီးနောက်....

"ကွေးစွန်းက ဒီနေရာမှာ မြွေဆိုးတွေပေါတယ်ဆိုတာ သိဖို့ကောင်းတယ်"

လုရှောင်ဖုန့်က ခေါင်းခါယမ်းလျက်....

"ဒီမြွေဆိုးက သူ့ဘာသာ သူရောက်လာတာမဟုတ်ပါဘူး"

"လုရှောင်ဖုန့် မင်း ဘာကိုဆိုလိုတာလဲကွ"

"ဒီလိုပါ ဒီမြွေဆိုးဟာ အသေအချာ လေ့ကျင့်ပေးထားတဲ့

မြေဖြစ်မှသာလျှင် အခုလို လူရဲ့လည်မျိုကိုကိုက်ခဲနိုင်တာပါ"

မုသောက်ရသေ့က စိတ်လှုပ်ရှားလာဟန်ဖြင့်....

"ဒီမြွေဆိုးကို လူတစ်ယောက်က တမင်သက်သက်လွှတ်ပြီး ကွေးစွန်းကိုလုပ်ကြံတာလား"

လုရှောင်ဖုန့် ခေါင်းညိတ်ပြလိုက်၏။

သူ့မျက်နှာတွင်လည်း ဒေါသရောင်ယှက်သန်းလျက်....။

"ဒီမြွေဟာ အချိန်အတော်ကြာအောင် စနစ်တကျ လေ့ကျင့်ထားတဲ့မြွေပဲ၊ ဒီမြွေဟာ ပလွေသံကြားတော့မှ လူကိုကိုက်တာပဲ"

"ဒီလိုဆိုရင် စောစောက ပလွေမှုတ်တဲ့လူဟာ ကွေးစွန်းကို သတ်တဲ့လူပဲပေါ့ ဟုတ်လား"

မုသောက်ရသေ့က စောစောက ပလွေသံကိုသတိရသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ်"

"သူက ဘာဖြစ်လို့ ကွေးစွန်းကိုသတ်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကွေးစွန်းက သူရဲ့လျှို့ဝှက်ချက်တွေကိုပြောလိုက်မှာ စိုးလို့ပါ"

လုရှောင်ဖုန့်က မုသောက်ရသေ့၏အမေးကိုဖြေရင်း မကျေနပ်ဟန်ဖြင့် လက်သီးဆုပ်လိုက်မိသည်။



"ကွေးစွန်းကိုသတ်တဲ့လူဟာ ဘယ်သူပဲဖြစ်ဖြစ် သူ့မှာ ဘာလျှို့ဝှက်ချက်ပဲရှိရှိ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော် ဖော်ထုတ်ရမှာပဲ"

မုသောက်ရသေ့က သက်ပြင်းကိုလေးပင်းစွာ ချသည်။ ကူစုန်လည်း စိတ်မချမ်းမြေ့ဟန် ငြိမ်နေသည်။

ကွေးစွန်းဟူသည့် လွန်စွာနုံ့စပ်သောပုဂ္ဂိုလ်သည် ရင်ထဲတွင် သူသိထားသောလျှို့ဝှက်ချက်နှင့်အတူ မြေဆီမြေလွှာများအဖြစ် ခန္ဓာကိုယ်တစ်ခုလုံး အသက်ဝိဉာဉ်ချုပ်ငြိမ်းလို့ သွားပါပြီကော။

လုရှောင်ဖုန့်သည် ကွေးစွန်း၏ခန္ဓာကိုယ်နှင့်အတူ မြေကြီးအောက်ရောက်ရှိသွားမည့် လျှို့ဝှက်ချက်များကို သူကျိန်းပါးသကဲ့သို့ အမှန်တကယ် ဖော်ထုတ်နိုင်ပါမည်လော။

နေဝင်ဆည်းဆာအချိန်....။

လုရှောင်ဖုန့်သည် ချန်းဝါစားသောက်ဆိုင်တွင် အေးအေးလူလူ လက်ဖက်ရည်ကြမ်းထိုင်သောက်ရင်း လီရက်ပေ အလာကို စောင့်မျှော်၍ နေပါ၏။

အချိန်အနည်းငယ် စောသေးရာ လုရှောင်ဖုန့်သည် ရတ်တ

ရက် အပြင်အပသို့ထွက်၍ လမ်းလျှောက်လိုစိတ်ဖြစ်ပေါ် လာ၏။

သူတွေ့လို ရှာလိုသေးသည် လူအတော်များများ ရှိနေသေးသည် မဟုတ်ပါလား။ သူအဓိကတွေ့လိုသူများကား မန်လို၊ စီးမင်း ချွေးရှက်၊ ရိုးသားဘုန်းဘုန်း။

သည်လူတွေကို လုရှောင်ဖုန့် အလွန်တွေ့ချင်နေပါ၏။ သို့သော် လုရှောင်ဖုန့် ရုတ်တရက် စိတ်ပြောင်းသွားပြန်သည်။

ဤဆိုင်မှာပင် အေးအေးဆေးဆေးထိုင်ရင်း စဉ်းစားမည်ဟု စိတ်ဆုံးဖြတ် လိုက်ပြန်သည်။

သူစဉ်းစားရမည့်ပြဿနာတွေ မြောက်မြားစွာရှိနေသည် မဟုတ်ပါလား။

ထိုစဉ် ဆိုင်တွင်းသို့လူတစ်ယောက် ဝင်လာသည်။

လုရှောင်ဖုန့်က ရေနွေးကြမ်းငုံ့သောက်နေရာမှ ထိုလူအား ခေါင်းမော့ကြည့်လိုက်၏။

ဝင်လာသူက လူငယ်တစ်ယောက်။ အရပ်ရှည်သလောက် ရုပ်သွင်က ချောသည်။ ဖြောင့်သည်။

သို့သော် လုရှောင်ဖုန့်ကိုကြည့် လိုက်သောသူ့အကြည့်က ဒေါသရိပ်လွှမ်းနေသည်။ မျက်လုံးစုံအ ရောင်တောက်နေသည်။

ပြီး လက်တစ်ဖက်မှ ဓားရိုးကိုလည်း တင်းကျပ်စွာ ဆုပ်ကိုင်ထားသေးသည်။



လုရှောင်ဖုန့်သည် ဤလူငယ်ကိုတစ်ခါဖူး တစ်ကြိမ်ဖူးမျှ မမြင်ဘူးခဲ့ချေ။ သို့သော်လူငယ်က သူ့ကိုသိနေဟန်တူသည်။

လူငယ်သည် ရုတ်တရက် သူ့ရှေ့သို့ရောက်လာပြီး သူနှင့် မျက်နှာချင်းဆိုင် ရပ်နေလိုက်ခြင်းဖြစ်သည်။

လူငယ်၏အမူအယာက ထပေါက်တော့မည့် မြွေပွေးမြွေဟောက်လို ကြောက်စရာကောင်းအောင် တင်းမာခက်ထန်နေပါ၏။

သည်လူငယ် ဘာကြောင့်ခက်ထန်နေရပါလိမ့်။ သူနှင့် ဘာရန်ငြိုးရန်စများ ရှိခဲ့ဖူးပါလိမ့်။

လုရှောင်ဖုန့် စဉ်းစားမရအောင်ဖြစ်နေလေသည်။

ထို့ကြောင့် လူငယ်အား တစ်ချက်မျှပြုံးပြပြီး....

"ခင်ဗျား...."

"မျက်ခုံးမွေးလေးခုရှိတဲ့ လုရှောင်ဖုန့်ဆိုတာ မင်းလားကွ"

လုရှောင်ဖုန့် စကားစတင်ပြောရုံရှိသေးစဉ် လူငယ်က ကြား ဖြတ်၍ ခက်ထန်စွာမေးလာသည်။

လုရှောင်ဖုန့်က ပြုံးလျက်ဖြင့်....

"ဟုတ်ပါတယ်"

လူငယ်က တစ်ချက်မျှ ခနဲ့ပြုံးပြုံးပြီး....

"မင်းက ငါ့ကိုမသိပေမယ့် ငါကတော့ မင်းကိုသိတယ်ကွ၊ မင်းကို ငါတွေ့ချင်နေတာကြာပြီ"

"ဘာကိစ္စများရှိလို့ပါလဲ မိတ်ဆွေ"

လုရှောင်ဖုန့်က လေသံအေးအေးဖြင့် ပြန်မေးသည်။

လူငယ်က လုရှောင်ဖုန့်၏အမေးကိုနှုတ်ဖြင့် မဖြေ။ ဓားဖြင့်သာ ဖြေလိုက်သည်။

လူငယ်၏ဓားက ရုတ်တရက် လုရှောင်ဖုန့်၏မျက်နှာရှေ့သို့ ဝဲလာသည်။ ဓားလာဟန်က မြန်ပြီး မာန်ပါသည်။

သို့သော် လုရှောင်ဖုန့်မှ လူငယ်၏ဓားကိုရှောင်ရှားခြင်း၊ ပြန်လည်ခုခံခြင်းမပြုသည့်ပြင် လူငယ်၏မျက်နှာကိုသာ ပြုံး၍ကြည့်နေလေသည်။

လူငယ်၏ဓားက သူ့မျက်နှာနှင့်သုံးလက်မအကွာတွင် ရုတ်တရက် ရပ်သွား၏။

"ဘာလဲ... မင်းကို ငါမသတ်ရဲဘူးလို့များ ထင်နေသလား"

လူငယ်က ကြိမ်းမောင်းနေပြန်သည်။

လူငယ်၏ဓားက ရှေ့တိုးမလာသော်လည်း ဓားကွက်က လူသတ်သောဓားကွက်ဖြစ်ကြောင်း လုရှောင်ဖုန့် ကောင်းစွာသိသည်။

(လေး)

မှန်သည်။

သည်ဓားကွက်အကြောင်းသည်ကို လုရှောင်ဖုန့် ကောင်းစွာသိသည်။

ကုန်လွန်ခဲ့သောလေးလခန့်က စီးမင်းချွေးရှုက်ဓားချက်ဖြင့် သေဆုံးခဲ့သော လျှို့ရှောင်ရင်းဆိုသူမှာ ဤဓားကွက်ကိုပင် အသုံးပြုသွားခဲ့သည်။

ယင်းသို့ဆိုလျှင် ဤလူငယ်သည် လျှို့ရှောင်ရင်းနှင့်တစ်ဂိုဏ်းတည်းသားလော။

"ဒီမှာလုရှောင်ဖုန့် မင်းကို ငါမသတ်ပါဘူး၊ ဒါပေမယ့် ငါ မေးတာတော့ ဖြေရမယ်"

လူငယ်၏ဓားဖျားအာ တစ်လက်မခန့် တိုးလာပြန်၏။

သို့သော်လုရှောင်ဖုန့် နည်းနည်းမျှ မတုန်လှုပ်။ လေသံအေး အေးဖြင့်သာ လူငယ်ကိုမေးသည်။

"မင်းဟာ ကျန်းရင်းဖုန်းလား"

လူငယ်မျက်နှာကွက်ခနဲပျက်သွား၏။ ပြီးမှ မဖြေချင့်ဖြေ ချင် ဖြေသည်။

"ရယ်လင်ရင်း"

"ဟုတ်ပြီ... မင်းက စီးမင်းချွေးရှက် ဘယ်မှာရှိတယ်ဆိုတာ မေးမလို့ မဟုတ်လား"

စီးမင်းချွေးရှက်ဟူသော အမည်ကိုကြားသည်နှင့် လူငယ် ၏မျက်နှာ ချက်ချင်း နီမြန်းလာသည်။

ဓားရိုးကိုဆုပ်ကိုင်ထားသော လူငယ်၏လက်သည်လည်း အကြောများထောင်ထလာသည်။ လူငယ်က အံကြိတ်လျက်။

"စီးမင်းချွေးရှက်က ငါတို့ရဲ့ဆရာကိုလဲ သတ်တယ်၊ ငါတို့ရဲ့ ဂိုဏ်းတူညီမလေး စွန်းရှုကျင်းကိုလဲ ခိုးပြေးသွားတယ်၊ ငါတို့ဂိုဏ်းက လူတွေအားလုံးက စီးမင်းချွေးရှက်ကို အသေရရ အရှင်ရရ အလိုရှိနေ ကြတယ်ကွ"



"အေးလေ... ဒါပေမယ့် မင်းတို့က သူ့ကိုရှာလို့မတွေ့ဘူး မဟုတ်လား"

"ဟုတ်တယ်... ဒါကြောင့် မင်းကို ငါမေးနေတာပေါ့"

လုရှောင်ဖုန့် သက်ပြင်းကလေးချသည်။ ပြီးတစ်ချက်မျှ မဲ့ ပြုံးပြုံးလျက်....

"ခက်တာပဲကွာ... ငါကိုယ်တိုင်ကလဲ မင်းတို့လိုပဲ သူဘယ် မှာရှိတယ်ဆိုတာ မသိဘူးကွ"

ရယ်လင်ရင်းက မယုံ။ ဒေါသပုန်ထသည်။ လုရှောင်ဖုန့်ကို အော်၍ ဆိုသည်။

"မင်းမှမသိရင် ဘယ်သူသိနိုင်ဦးမှာလဲကွ"

လုရှောင်ဖုန့် တဖြည်းဖြည်းနှင့်လူငယ်အား မြင်ပြင်းကပ် လာဟန်ရှိသည်။ အေးအေးသက်သက်ပြောနေရာကဘုကျကျ ပြန် အော်သည်။

"ဘယ်သူမှမသိဘူးဟေ့... ဘယ်သူမှမသိဘူး"

ရယ်လင်ရင်း လုရှောင်ဖုန့်အား စူးစူးဝါးဝါးစိုက်ကြည့်သည်။ အမိန့်ပေးသံဖြင့်လည်း ဆိုသည်။

"ဟေ့ကောင်... မင်း အခုချက်ချင်း အပြင်ဘက်ထွက်စမ်း"

"အပြင်ကို ဟုတ်လား"

"ဟုတ်တယ်... ငါ မင်းကို ဒီအထဲမှာမသတ်ချင်လို့"

"ဟဲ... ဟဲ... ဟဲ... ငါလဲ ဒီအထဲမှာ မသေချင်ပါဘူး၊ နောက်ပြီး အပြင်မှာလဲ ငါမသေချင်ဘူး"

ရယ်လင်ရင်း၏ဓားကိုင်လက်က ဒေါသကြောင့် တုန်ရင်လာ၏။ ရုတ်ခြည်းပင် လက်ကောက်ဝတ်ကိုလှုပ်ရှားပေးလိုက်၏။

ဓားမှာ ဆတ်ခနဲ လှုပ်ရှားသွားပြီး ခုနစ်ချက်မျှ ရှေ့နောက်တိုးထွက်သွားသည်။

သို့သော် အချက်တိုင်း အကွက်တိုင်း လုရှောင်ဖုန့်၏လည်မျိုနှင့် သုံးလက်မခန့်အကွာတွင်သာ ရောက်၏။

လုရှောင်ဖုန့်မှ လုံးဝထိတ်လန့်ခြင်းမရှိ ပြုံးရယ်လျက်နေပါသေး၏။ ခုခံခြင်း၊ ရှောင်တိမ်းခြင်းလည်း လုံးဝမပြု။

"မင်း ငါ့ကိုမသတ်နိုင်ပါဘူး ရယ်လင်ရင်း"

ရယ်လင်ရင်း၏ဓားကိုင်လက်တွင် အလိုအလျောက်ချွေးစေးများ ပြန်လာ၏။

မျက်နှာပြင်တွင်လည်း ဇောချွေးများ ပြန်ဝေလျက်၊ နဖူးပြင်မှာမူ ချွေးတဒီးဒီး သီးထနေပြီ။

ရယ်လင်ရင်းကိုကြည့်ခြင်းဖြင့် လွန်စွာ စိတ်လှုပ်ရှားနေပြီဖြစ်ကြောင်း သိသာလှ၏။

ရယ်လင်ရင်းကား သူ့စိတ်သူမထိန်းနိုင်တော့ကြောင်း ထင်ထင်ရှားရှားပုံဆောင်ပြ၍နေပြီ ဖြစ်ပါ၏။



စားသောက်ဆိုင်အတွင်းရှိ စားပွဲထိုးမှာမူ သူတို့နှစ်ဦး၏အဖြစ်ကိုလည်းကောင်း၊ ထိတ်လန့်တုန်လှုပ်နေရှာသည်။

လုရှောင်ဖုန့်မူ ယခုအချိန်ထိ မလှုပ်နိုင်မရှားနိုင်သူကဲ့သို့ ထိုင်လျက် ငြိမ်သက်နေဆဲပင်။

ထိုအခိုက် ဆိုင်အပြင်ဘက်လမ်းမဆီမှ ထိတ်လန့်တကြားအသံဖြင့်....

"လူသေအလောင်း လူသေအလောင်း"ဟု အော်ဟစ်လိုက်သံများကို လုရှောင်ဖုန့်တို့ကြားလိုက်ရ၏။

အပြင်ဘက်တွင် ထူးခြားသောအခြေအနေတစ်ခုဖြစ်နေပြီ။ လူတွေ ရုတ်ရုတ်သဲသဲနှင့်ပါလား။

ရယ်လင်ရင်းသည် ခေါင်းလှည့်၍ အပြင်ဘက်လမ်းဆီသို့ ကြည့်ချင်သော်လည်း သူ့စိတ်ကိုသူ ထိန်းထားလိုက်၏။

သို့သော် သူ့မျက်လုံးအကြည့်က တစ်ချက်မျှ လမ်းမဆီသို့ ဝေ့သွားခိုက်တွင် သူ့ရှေ့တည့်တည့်၌ တစ်ချိန်လုံးငြိမ်သက်စွာ ထိုင်နေသော လုရှောင်ဖုန့်မှာ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

လုရှောင်ဖုန့်၏လှုပ်ရှားမှုက ရယ်လင်ရင်း၏ဓားထက် မြန်နေသည်။

ရယ်လင်ရင်း မျက်စိမျက်နှာပျက်သွားပြီး ချက်ချင်းပင် နေရာမှခုန်ထ၍ လုရှောင်ဖုန့်နောက်သို့လိုက်သည်။

သူ ဆိုင်ပြင်သို့ရောက်ရှိချိန်တွင် လုရှောင်ဖုန့်အား လမ်းမပေါ်တွင် လက်ကလေးနောက်ပစ်ကာ အေးအေးလူလူ ရပ်နေသည်ကို တွေ့လိုက်ရ၏။

လမ်းမကြီးပေါ်တွင်မူ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေ၏။

လမ်းမကြီး၏ဘေးတစ်ဘက်တစ်ချက်သို့ကပ်၍ တစ်စုံတစ်ခုကို လှမ်းမျှော်ကြည့်နေကြခြင်းဖြစ်သည်။

ထိုအချိန်တွင် မြင်းဖြူတစ်ကောင်က လမ်းမကြီး၏တစ်ဘက်ထိပ်မှ ခွာကျုမှန်မှန်ဖြင့် ဝင်လာနေ၏။

မြင်းဖြူ၏ကျောကုံးထက်တွင်မူ လူတစ်ယောက်လဲလျောင်းလျက် ပါလာလေသည်။

ထိုအခိုက် လန့်လန့်ဖြန့်ဖြန့် အော်လိုက်သော လူတစ်ယောက်၏အသံက ဟိန်းထွက်လာသည်။

"လူသေကောင်ကြီးဟေ့... လူသေကောင်ကြီး"

လူသေကောင်၏အဝတ်အစားကို လှမ်းမြင်လိုက်ရသည်နှင့် ရယ်လင်ရင်း၏မျက်နှာမှာ အပျက်ကြီးပျက်လျက် သွေးဆုတ်သွားသလို ဖြူရော်သွားသည်။

ချက်ချင်းပင် ဝင်လာသောမြင်းနားသို့ ပြေးသွားပြီး မြင်းဇက်ကြိုးကို ဆွဲတန့်ထားလိုက်၏။

လူသေအလောင်းပေါ်မှအဝတ်အစားများက ရယ်လင်ရင်းဝတ်စားထားသော အဝတ်အစားများနှင့် တထေရာထည်းဖြစ်နေ၏။



လုရှောင်ဖုန့်မူ လူသေအလောင်းမည်သူဖြစ်ကြောင်း ချက်ချင်းသိလိုက်ပြီဖြစ်သည်။

သို့သော် သူတွေးဆ၍ မရသောအကြောင်းမှာ ထိုလူမည်သူ့လက်ချက်ဖြင့် သေဆုံးရခြင်းကိုပင် ဖြစ်သည်။

ရယ်လင်ရင်းသည် မြင်းကျောကုံးထက်မှ အေးစက်တောင့်တင်းနေသောအလောင်းကို ပွေ့ချီချလိုက်၏။

အလောင်းတစ်ခုလုံးတွင် ဒဏ်ရာကြီးကြီးကျယ်ကျယ်မတွေ့ချေ။ သို့သော် လူသေအလောင်း၏လည်မျိုနားတွင်မူ အနီကွက်တစ်ခုကို တွေ့လိုက်ရပါ၏။

ထိုအနီကွက်မှာ မြွေဆိုးကိုက်သောဒဏ်ရာမဟုတ်ပေ။ မားဖြင့်ထိုးမိခြင်းခံရသော ဒဏ်ရာဖြစ်လေသည်။

အလွန်ထက်လှသောဓား... အလွန်ကြောက်စရာကောင်းသောဓားပါပေ။

လုရှောင်ဖုန့်က မျက်မှောင်ကုပ်လျက် မေးသည်။

"ကျန်းရင်းဖုန်းလား"

ရယ်လင်ရင်းက အံကြိတ်၍ ခေါင်းညိတ်ပြသည်။ ကျန်းရင်းဖုန်းမှာ ရယ်လင်ရင်း၏ ဂိုဏ်းတူအစ်ကိုတော်သူဖြစ်သည် မဟုတ်ပါလား။

"သူဟာ ဘယ်သူရဲ့ဓားချက်နဲ့အခုလို အသေဆိုးနဲ့သေရတယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား လုရှောင်ဖုန့်"

လုရှောင်ဖုန့်က သက်ပြင်းရှည်ကြီးချပြီး ခေါင်းညိတ်ပြသည်။

လုရှောင်ဖုန့် သိပါသည်။ ကောင်းစွာ သိပါသည်။

သိုင်းလောကတွင် သည်နယ်သတ်ပြီး အလွန်ကြောက်စရာကောင်းသောဓားကို နိုင်နင်းကျွမ်းကျင်စွာ ကိုင်ဆောင်နိုင်သူမှာ တစ်ယောက်ထဲသာရှိသည်။

ထိုသူကား စီးမင်းချွေးရှက်ပင် ဖြစ်ပါ၏။

ရက်ကူးချန်ပင်လျှင် ဤမျှပြတ်သားရှင်းလင်းစွာ လူမသတ်နိုင်ခဲ့ပေ။

ရယ်လင်ရင်းက သူ၏ဂိုဏ်းတူအစ်ကို၏လည်မျိုမှ ဓားဒဏ်ရာကိုကြည့်ပြီး တောက်တစ်ချက်ခေါက်ကာ တီးတိုးရေရွတ်လိုက်သည်။

"တောက်... စီးမင်းချွေးရှက် စီးမင်းချွေးရှက်"

လုရှောင်ဖုန့်က သက်ပြင်းချပြီး....

"သူက စီးမင်းချွေးရှက်ကိုရှာလို့တွေ့လိုက်တယ်ထင်တယ် ... ဒါပေမယ့်...."

လုရှောင်ဖုန့်က စကားမဆက်သော်လည်း ရယ်လင်ရင်းက



နားလည်လိုက်သည်။

ကျန်းရင်းဖုန်းတစ်ယောက် စီးမင်းချွေးရှက်အား ရှာတွေ့ခဲ့သော်လည်း ယခုမူ စီးမင်းချွေးရှက် အဘယ်မှာရှိကြောင်းကိုကား သေရာမှထ၍ မပြောပြနိုင်တော့ပေ။

ရယ်လင်ရင်း၏ပါးပြင်ပေါ်တွင် မျက်ရည်များ စီးသွယ်ကျလာ၏။

သူ့စိတ်ကိုသူ မချုပ်တည်းနိုင်တော့ ရုတ်တရက် သူရူးတစ်ယောက်နှယ် အော်နေလေသည်။

"စီးမင်းချွေးရှက် မင်း လူကိုသတ်ရဲတဲ့နောက် ဘာဖြစ်လို့ ထွက်မလာရဲတာလဲကွ"

အော်သံက အလွန်ကြေကွဲဖွယ်ကောင်းပြီး ကြောက်စရာလည်း ကောင်းလှပေသည်။

ဝန်းကျင်တစ်ခုလုံး တမုဟုတ်ချင်း ဆွေးမြေ့ကြေကွဲသွားသလို ထင်မှတ်ရပါ၏။

ရယ်လင်ရင်းသည် ကျန်းရင်းဖုန်း၏အလောင်းကိုပွေ့ချီ၍ မြင်းဖြူပေါ်သို့ခုန်တက်လိုက်သည်။ ထို့နောက် ယင်းနေရာမှ ဒုန်းစိုင်းထွက်ခွာသွားလေသည်။

မြင်းဖြူသည် ကနဦးက အနောက်ဘက်အရပ်မှလာခြင်းဖြစ်ရာ ယခုမှရယ်လင်ရင်းက ထိုမြင်းကိုအနောက်ဘက်သို့ပင် စီး

သွားခြင်းသည် မြင်းမှတစ်ဆင့် စီးမင်းချွေးရှက်အား ခြေရာခံ၍ရှာလိုဟန်တူလေသည်။

လုရှောင်ဖုန့်မှ ကဆုန်စိုင်းထွက်သွားသောမြင်းဖြူကို မျက်စေ့တဆုံး ကြည့်နေလိုက်၏။

ထိုအခိုက် သူ့နောက်ဘက်ဆီမှ မမျှော်လင့်သောအသံတစ်သံ ထွက်ပေါ်လာလေသည်။

"ဒီမြင်းကို ကျွန်တော်ကောင်းကောင်းသိတယ်"

လုရှောင်ဖုန့်က ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ယင်းစကားကိုပြောလာသူမှာ လီရက်ပေနှင့်အတူ လမ်းလျှောက်ထွက်သော လူတစ်စုထဲမှ တစ်ဦးဖြစ်သည်။

ထိုသူကား သာမညာလူမဟုတ်။ နေပြည်တော်တွင်းရှိ သူတောင်းစားဂိုဏ်းများ၏ ဂိုဏ်းချုပ်ဆရာကြီး ဖြစ်သည်။ သူ့နာမည်က ကန်းကျောက်။

လုရှောင်ဖုန့်က ကန်းကျောက်အား ချ..ာ်ချင်းကောက်မေးလိုက်သည်။

"ဒါဖြင့် ဒီမြင်းက ဘယ်ကမြင်းလဲ"



ကန်းကျောက်က အသံကို အနည်းငယ် နှိမ့်၍ဖြေသည်။

"ဒီလိုမြင်းမျိုးက နန်းတွင်းမှာသာ ရှိတာဗျ.. အပြင်လူတွေက ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ဒီလိုမြင်းမျိုးကိုတော့ မစီးရဲကြပါဘူး"

"ဒါဖြင့်ရင် ဒီမြင်းက နန်းတွင်းကထွက်လာတဲ့မြင်းပေါ့ ဟုတ်လား"

ကန်းကျောက်က နံဘေးဝန်းကျင်သို့ တစ်ချက်မျှ အကဲခတ်သလိုကြည့်ပြီး ခေါင်းညိတ်ပြသည်။

ကန်းကျောက်ပြောသည့်အတိုင်း မှန်လျှင် စီးမင်းချွေးရှက်တစ်ယောက် နန်းတွင်းမှာပင် ကိုယ်ယောင်ဖျောက်နေသည်လား။ သို့ဖြစ်ရိုးမှန်သောကြောင့်သာ သူ့အား မည်သူမျှရှာ၍ မတွေ့ခြင်းပေလား။

သို့သော်နန်းတွင်းတွင် အစောင့်အကြပ်များ တင်းကျပ်စွာချထားလေရာ အပြင်လူဖြစ်သော စီးမင်းချွေးရှက်အဖို့ ဝင်ရောက်ပုန်းအောင်းနေရန် အလွန်မလွယ်ကူပါ။

လုရှောင်ဖုန့်က စဉ်းစားသလိုပြုနေပြီးနောက် ထပ်မံစကားဆက်သည်။

"မင်းအနေနဲ့ မင်းရဲ့လူတွေကိုသွားစုံစမ်းခိုင်းလိုက်ပါလား။ ဒီမြင်းက ဘယ်ကလာတာလဲ၊ ဘယ်သူအရင်စမြင်တာလဲ စသည်ဖြင့်

ပေါ့ကွာ"

ကန်းကျောက် တစ်ချက်မျှတွေသွားသည်။ ထို့နောက် လုရှောင်ဖုန့်၏အကြံပေးချက်ကို ခေါင်းညိတ်လက်ခံလိုက်၏။

"ကောင်းပါပြီ... တကယ်တော့ ကျွန်တော်က အမိန့်အရခင်ဗျားကို ဆရာကြီးလီရက်ပေရဲ့ နံပါဆယ့်သုံးအဆောင်ကိုခေါ်သွားဖို့ပါ"

"ငါ့ကို အဲဒီလိပ်စာသာ ပြောလိုက်ပါ၊ ငါကိုယ်တိုင်ရှာပြီးသွားနိုင်ပါတယ်၊ ငါခိုင်းတဲ့အခုကိစ္စကိုတော့ မင်း အခုချက်ချင်းသွားဆောင် ရွက်လိုက်ပါ"

ကန်းကျောက်က လီရက်ပေ၏ နံပါတ်ဆယ့်သုံးအဆောင်၏ လိပ်စာကို လုရှောင်ဖုန့်အား ပြောပြလိုက်သည်။

မြင်းလှည်းပေါ်တွင်ထိုင်နေရင်း လုရှောင်ဖုန့်တစ်ယောက် စိတ်ရှုပ်နေမိသည်။ အဖြေရှာမရသည့်မေးခွန်းပေါင်းများစွာက သူ့ဦးနှောက်ထဲတွင် ပတ်ချာလည်လျက်ရှိနေသည် မဟုတ်ပါလား။

ကွေးစွန်းကိုသတ်သည့်တရားခံ ဘယ်သူလဲ။

ဘာဖြစ်လို့သတ်ရတာလဲ။



စီးမင်းချွေးရှက်ကကော ဘယ်ချောင်ထဲရောက်နေတာလဲ။

သူက ဘယ်လိုကြောင့် သူ့ကိုယ်သူ သည်မျှလျှို့ဝှက်နေရတာလဲ။

လုရှောင်ဖုန့်တစ်ယောက် ထိုအတွေးများ၊ အဖြေရှာမရသောပြဿနာများဖြင့် ခေါင်းရှုပ်လျက်ရှိနေပါ၏။

လုရှောင်ဖုန့် လီရက်ပေ၏ နံပါတ်ဆယ့်သုံးအဆောင်ရှေ့သို့ရောက်သည်နှင့် တံခါးမခေါက်တော့ဘဲ ဝင်းထရံကိုခုန်ကျော်ပြီးဝင်လိုက်၏။

အိမ်ရှေ့ဘယ်ဘက်ဧည့်ခန်းတွင် မီးထွန်းထားသည်ကိုတွေ့ ရ၏။

လီရက်ပေမှာ ထိုအခန်းထဲတွင်ထိုင်ပြီး သက်ပြင်းချလျက်ရှိနေသည်။

သူ့ရှေ့တွင်ရှိသောစားပွဲ၌ ထူထဲသောစာရင်းစာအုပ်များဖြန့်ထားသည်ကို တွေ့ရ၏။

သူ့မျက်နှာအမူအယာမှာ အလွန်လေးလံ ထိုင်းမှိုင်းနေပုံရလေသည်။

သို့သော် သူသည် လုရှောင်ဖုန့်လာနေသည်ကို သိသွားဟန်တူသည်။

ထို့ကြောင့် သူသည် ထိုင်နေရာမှထပြီး အခန်းတံခါးကိုဖွင့်လိုက်၏။

လုရှောင်ဖုန့်က ပြုံး၍....

"ငါလာတာကို မင်း ဘယ်လိုလုပ်သိသလဲ"

လီရက်ပေက အားတစ်ချက်တင်း၍ ပြုံးကာ....

"မင်းကလွဲရင် ဘယ်သူက ဝင်းထရံကို ဒီလိုခုန်ဝင်လာရဲပါ့မလဲ"

လုရှောင်ဖုန့်က ရယ်လိုက်၏။ သို့သော် သူသည် စားပွဲပေါ်တွင် ဖြန့်ထားသော လီရက်ပေ၏ ငွေစာရင်းစာအုပ်ကိုကြည့်ရင်း အလွန် စိတ်မကောင်းခြင်း ဖြစ်သွားမိလေသည်။

နေပြည်တော်တွင် လီရက်ပေတစ်ယောက် ဘဝကိုရုန်းကန်ခဲ့သည်မှာ အနှစ် ၂၀ ကျော်ခဲ့ပြီဖြစ်သည်။

သည်လိုအခြေအနေမျိုးတွင် ခြေကုပ်ခိုင်ခိုင်နှင့် ရပ်တည်နိုင်ရန်မှာ မလွယ်ကူလှပေ။ သို့သော် လဲကျဖို့တော့ အလွန်လွယ်ကူ၏။

သူသည် အဘယ်ကြောင့် မိမိချွေးနှင့်သွေးနှင့် အနှစ်နှစ်ဆယ်ကျော် ရင်းထားခဲ့သောစားကျက်ကို လောင်းကြေးအဖြစ် အသုံး ပြုလိုက်ရပါသနည်း။



လုရှောင်ဖုန့်သည် လီရက်ပေကိုယ်စား စိတ်မောနေမိ၏။

လီရက်ပေက အားတင်းပြုံးရင်း....

"ငါရှုံးဖို့ပြင်ဆင်နေတာမဟုတ်ပါဘူး... ဒါပေမယ့် ဘယ်ကိစ္စမဆို အဆင်သင့်လုပ်ထားတာတော့ မမှားဘူးပေါ့ကွာ"

လုရှောင်ဖုန့်က ရုတ်တရက် ဖြေချလိုက်၏။

"စီးမင်းချွေးရှက် ရောက်လာပြီ... ခင်ဗျားမရှုံးနိုင်တော့ပါဘူး"

လီရက်ပေ၏မျက်လုံးတွင် အရောင်ချက်ချင်းတောက်ပလာသည်။

"မင်း... မင်း သူ့ကိုတွေ့လိုက်တယ်ပေါ့ ဟုတ်လား"

လုရှောင်ဖုန့်က ခေါင်းခါလိုက်ပြီးမှ....

"ငါ သူ့ကိုမတွေ့လိုက်ပါဘူး... ဒါပေမယ့် ငါသိပါတယ်၊ သူ့ရဲ့ဓားဟာ သံချေးမတက်သေးပါဘူး၊ အရင်လိုပဲ ထက်နေတုန်းပဲ၊ လူသတ်တဲ့ဘဝမှာလဲ အရင်တုန်းကလိုပဲ ပြတ်သားရှင်းလင်းတုန်းပါပဲ"

လီရက်ပေ၏တောက်ပသောမျက်လုံးမှာ ပြန်လည်မှေးမှိန်သွားပြန်၏။

သူက ငွေစာရင်းစာအုပ်ကို သိမ်းလိုက်ပြီးဖြည်းညင်းစွာဆိုသည်။

သာစွာမွန်

"ဒါပေမယ့် လူသတ်တဲ့ဓားသိုင်းတိုင်းဟာ တိုက်တိုင်းအောင်တဲ့ဓားသိုင်းမဟုတ်ဘူးဆိုတာ မင်းပြောခဲ့တာ မေ့နေပြီလား"

"ငါ မမေ့ပါဘူး၊ လောကမှာ တိုက်တိုင်းအောင်ဓားသိုင်းမရှိသလို တိုက်တိုင်းရှုံးတဲ့ဓားသိုင်းလဲမရှိပါဘူး"

လီရက်ပေက ရုတ်တရက် ရယ်လိုက်ပြီး....

"ထားပါတော့လေ... လောလောဆယ် တို့အရက်ကိုပဲ သောက်လိုက်ကြစို့ရဲ့"

သူက လုရှောင်ဖုန့်ပခုံးကို တစ်ချက်ပုတ်ပြီးနောက်....

"အခုလောက်ဆိုရင် အရက်နဲ့ဟင်းလျာတွေအားလုံး အဆင်သင့်ဖြစ်နေပြီထင်တယ်၊ နောက်ပြီး မင်းကိုဧည့်ခံဖို့အတွက် အထူးဧည့်သည်တော်တစ်ယောက်ကို ငါဖိတ်ထားသေးတယ်"

လုရှောင်ဖုန့်က အံ့သြသွားပြီး....

"အထူးဧည့်သည်တော် ဟုတ်လား... ဘယ်သူပါလိမ့်"

လီရက်ပေက ပြုံးလိုက်၏။ သူ့အပြုံးသည် လျှို့ဝှက်သောအပြုံးမျိုးဖြစ်၏။

"မင်း မမုန်းစေရမယ့်ဧည့်သည်ပေါ့ကွာ"

[illegible library stamp]



စားပွဲဝိုင်းတွင် ဟင်းလျာများချထား၏။ ဟင်းမျိုးကလည်း စုံလင်လှသည်။ အရက်ခရားများလည်း အစီအရီစင်၏။

လုရှောင်ဖုန့်က ဟင်းလျာများကိုကြည့်ပြီး မဲ့ပြုံးပြုံးလျက်...

"ဘာလဲ မင်း ငါ့ကိုဗိုက်ကားအောင်ကျွေးပြီး သတ်မလို့လား"

လီရက်ပေက သဘောကျစွာ ရယ်လိုက်လေသည်။

ထိုစဉ် ဝတ်ကောင်းစားလှဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ကန့်လန့်ကာကို ဖယ်၍ လျှောက်ဝင်လာ၏။

လုရှောင်ဖုန့်က ထိုမိန်းကလေးကိုတွေ့သည်နှင့် ငေးကြောင်သွား၏။

လီရက်ပေက ရယ်ရယ်မောမောဖြင့် မိတ်ဆက်ပေးသည်။

"ဒီလူဟာ မင်းသိပ်တွေ့ချင်တဲ့ မျက်ခုံးလေးခုရှိကဲ့ လုရှောင်ဖုန့်ပဲလေ"

ပြီးမှ လုရှောင်ဖုန့်ဘက်သို့လှည့်၍....

"ဒါ ငါ့ရဲ့ဆယ့်သုံးယောက်မြောက်ဇနီး ဆယ်ဆန်းရီတဲ့"

ဆယ်ဆန်းရီက အရိုအသေတစ်ချက်ပေးပြီး ရှတ်တရက် ပြုံး၍....

"ကျွန်မတို့တစ်ယောက်နှင့်တစ်ယောက် တွေ့ပြီးကြပါပြီ"

လီရက်ပေက အံ့သြသွားပြီး....

"မင်းတို့ ဘယ်တုန်းကတွေ့ကြတာလဲ"

ဆယ်ဆန်းရီက ပြုံးတုံ့တုံ့ အမူအယာဖြင့်....

"စောစောတုန်းက ကျွန်မနဲ့အိုရန်ချင်း ပစ္စည်းသွားဝယ်တော့ အိုရန်ချင်းက ကျွန်မကိုမေးထိုးပြပြီး သူ့အကြောင်းပြောပြလို့ သိပြီးပါပြီ"

လုရှောင်ဖုန့်က မဲ့ပြုံးပြုံးလျက်....

"မင်းတို့ဖိတ်ထားတဲ့အထူးဧည့်သည်က သူပဲလား"

လီရက်ပေက....

"မင်းက အိုရန်ချင်းကိုလဲသိတယ်"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြလိုက်၏။

လီရက်ပေက သဘောကျစွာ အားရပါးရရယ်ရင်း....

"မင်းကတော့ သိမှာပေါ့လေ... ဒီလိုမိန်းမချော မိန်းမလှ တစ်ယောက်ကို မင်း မသိဘူးဆိုရင် မင်းဟာ လုရှောင်ဖုန့် ဘယ် ဟုတ်တော့မှာလဲ... "ဟား... ဟား... ဟား"



လုရှောင်ဖုန့်က ဆယ်ဆန်းရီဘက်သို့လှည့်၍ မေးလိုက်၏။

"သူ အခုဘယ်မှာလဲ"

"မီးဖိုခန်းမှာပါ... ရှင့်အတွက် အထူးဝက်သားပေါင်း ချက်နေတယ်လေ"

အိုရန်ချင်းက လုရှောင်ဖုန့်အတွက် စားစရာချက်ပေးနေသည်ဆိုပါလား။

လုရှောင်ဖုန့်က မဲ့ပြုံးပြုံးရင်း....

"သူက ငါ့ကိုအဆိပ်ခတ်သတ်ဖို့ကြိုးစားနေတာတော့ မဟုတ်ပါဘူးနော်"

"ဘာလဲ... သူက ရှင့်ကိုအဆိပ်ခတ်သတ်မယ်လို့ ရှင်ထင်နေလို့လား"

"ငါက သူ့ကိုတစ်ခါတုန်းက စော်ကားခဲ့ဖူးတာကိုး၊ တချို့လူတွေဟာ သိပ်အမှတ်ကြီးတာ... သူတို့ကို တစ်ခါမှစော်ကားလို့မရဘူး။ အဲ မတော်တဆ စော်ကားခဲ့မိဆိုလို့ရှိရင် သူတို့က မင်းကို တစ်သက်လုံး ရန်ငြိုးဖွဲ့ထားတော့တာပဲ"

"ဩော်... ရှင်က အိုရန်ချင်းကို ဒီလိုလူစားမျိုးလို့ ထင်နေတာလား"

လုရှောင်ဖုန့်က ဆက်လက်၍ ငြင်းခုံခြင်းမပြုတော့ပေ။

ဆယ်ဆန်းရီက လုရှောင်ဖုန့်အား သေချာစွာ စူးစိုက်ကြည့်လိုက်၏။

လုရှောင်ဖုန့် မနေတတ် မထိုင်တတ်တော့ချေ။

လီရက်ပေက မနေနိုင်၍ ကြားဝင်လိုက်ရသည်။

"မင်းက သူ့ကိုဘာဖြစ်လို့ အဲသလို ကြည့်နေတာလဲ ဆယ်ဆန်းရီ"

"ကျွန်မ သူ့ကိုကြည့်နေတာက သူဟာ တကယ်ပဲ ပေါ အတစ်ယောက်ပဲလားလို့"

"သူဟာ မင်းထင်သလို မဟုတ်ပါဘူး"

"မှန်ပါတယ်... သူ့ကိုကြည့်ရတာတော့ ပေါနဲ့ လုံးလုံးမတူပါဘူး၊ ဒါပေမယ့် တကယ်တန်းကျတော့ သူဟာ ပေါမှတကယ့် ပေါအစစ် ဖြစ်နေတယ်"

"သြော်... ဒါနဲ့ မင်းဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ"

ဆယ်ဆန်းရီက သက်ပြင်းချ၍....

"အိုရန်ချင်းက ပထမတော့ အစောကြီးကတည်းက ပြန်တော့မလို့ လုပ်နေတယ်၊ ဒါပေမယ့် သူလာမယ်မှန်းသိလို့ မပြန်တော့ဘဲ ဆက်နေလိုက်တယ်၊ နောက်ပြီး အိုရန်ချင်းဟာ မီးဖိုချောင်ထဲကို လုံးဝမဝင်ဖူးဘူး၊ ဒါပေမယ့် သူလာမယ်မှန်းသိလို့ မီးဖိုချောင်ထဲဝင်ပြီး ကိုယ်တိုင်ကိုယ်ကျ တစ်နေကုန် အပင်ပန်းခံပြီး ချက်ပြုတ်



ခဲ့ရတယ်၊ တကယ်လို့ မိန်းကလေးတစ်ယောက်ဟာ အစ်ကိုကြီးကို ဒီလိုဆက်ဆံလာလို့ရှိရင် အစ်ကိုကြီးအနေနဲ့ ဒီမိန်းကလေးကို ဘယ်လိုယူဆမလဲ"

လီရက်ပေက စဉ်းစဉ်းစားစား အမူအယာဖြင့် ဖြေလိုက်သည်။

"အနည်းဆုံးတော့ ဒီမိန်းကလေးဟာ ငါ့ကိုမမုန်းဘူးဆိုတာလောက်တော့ ငါသိတာပေါ့"

ဆယ်ဆန်းရီက သက်ပြင်းချပြီး....

"အစ်ကိုကြီးတောင်မှ ဒီသဘောတရားကို နားလည်သေးတာ သူကျတော့ တစ်စက်ကလေးမှ နားမလည်ဘူး၊ ကဲ အစ်ကိုကြီးပဲ ပြောပါဦး၊ သူဟာ ပေါမဟုတ်ရင် ဘာလဲ"

လီရက်ပေက သဘောကျစွာ ရယ်မောပြီး....

"အေး... အခုမှ သူ့ကို ငါကြည့်ရတာ ပေါတစ်ယောက်နဲ့တူလာပြီ"

လုရှောင်ဖုန့်တစ်ယောက် အူကြောင်ကြောင်ဖြစ်နေရှာ၏။ သူကဒီသဘောတရားတွေကိုနားမလည်၍ မဟုတ်ပါ။

သူလုံးဝ မမျှော်လင့် မထင်မှတ်ခဲ့ခြင်းကြောင့် ယခုလိုဖြစ်နေရခြင်းသာ ဖြစ်ပါ၏။

လီရက်ပေက ရယ်၍....

"တကယ်တော့ နင် သူ့ကိုအပြစ်တင်လို့လဲ မရပါဘူး။ ဘာဖြစ်လို့လဲဆိုရင် မိန်းကလေးတွေရဲ့စိတ်ကို ယောကျ်ားတွေအနေနဲ့ခန့်မှန်းရခက်လှပါတယ်"

ဆယ်ဆန်းရီက အေးစက်စွာဖြင့်....

"ကျွန်မက သူ့ကိုအပြစ်တင်နေတာမဟုတ်ပါဘူး... ကျွန်မက အိုရန်ချင်းကိုယ်စား သူ့ကိုမကျေမနပ် ဖြစ်နေတာပါ၊ အိုရန်ချင်းသာ အခုနေထွက်လာခဲ့ရင်တော့ သူ့ကိုကောင်းကောင်း...."

ထိုအချိန်တွင် ရုတ်တရက် အပြင်ဘက်မှထူးဆန်းသောပလွေမှုတ်သံတစ်ချက် ကြားလိုက်ရ၏။

ထိုပလွေသံမှာ နေ့လယ်က မီးသွေးဖိုဟောင်းတွင် လုရှောင်ဖုန်ကြားလိုက်ရသောပလွေသံဖြစ်လေသည်။

လုရှောင်ဖုန့်က မျက်စိမျက်နှာပျက်သွားပြီး လွှတ်ခနဲ အော်လိုက်သည်။

"အိုရန်ချင်းကို အမြန်သွားကယ်လိုက်"

သူ့စကားမဆုံးခင်မှာပင် သူ့ကိုယ်ခန္ဓာက ပြတင်းပေါက်ကို ကျော်ပြီး အဝေးသို့ရောက်နေလေပြီ။

ပလွေသံမှာ အနောက်ဘက်တောင်ဘက်ဆီမှထွက်ပေါ်လာခြင်းဖြစ်၏။ သို့သော် သိပ်တော့မဝေးလှချေ။



# သစ္စာမှန်

မေမေ နှင့် ဝး အုဂ်ချုပ် လုပ်ဝန်း၊
ဗိုက်ကျုံး၊ မန္တလေး။

ညအချိန်ဖြစ်၍ ပန်းခြံတစ်ခုလုံး မည်းမှောင်နေ၏။

လူရိပ်လူခြေ လုံးဝမတွေ့ရချေ။

လေအေးတစ်ချက်တိုက်ခတ်လိုက်သောအခါ လုရှောင်ဖုန့်ကြက်သီးမွေးညင်းများ ထသွားလေသည်။

တစ်စုံတစ်ခု အန္တရာယ်ကျရောက်ခါနီးတိုင်း သို့မဟုတ် လူတစ်ဦးတစ်ယောက်က သူ့ကိုသတ်ဖြတ်ရန် ကြံစည်နေသောအချိန်တိုင်းတွင် ဒီလိုခံစားချက်များ ထွက်ပေါ်လာတတ်၏။

အခု သူ့ကိုယ်တွင် ဒီလိုခံစားချက်မျိုးထွက်ပေါ်လာပြန်ပြီ။

လရောင်မလင်း ကြယ်ရောင်မတောက်ပေ။ ပကတိ အမှောင်ထဲမှာ လုရှောင်ဖုန့်တစ်ယောက်တည်း။

ထိုစဉ်အမှောင်ထဲမှ ပလွေသံတစ်ချက်ကြားလိုက်ရပြန်၏။

လုရှောင်ဖုန့်က ချက်ချင်းအသံထွက်ပေါ်လာရာအရပ်သို့ ခုန် အုပ်လိုက်သည်။

ပလွေမှုတ်သောသူမှာ သစ်ပင်အောက်တွင်ရှိနေသေး၏။ သို့သော် ထိုလူကို တွေ့ပိုက်ရသောအချိန်တွင်မူ လုရှောင်ဖုန့် အကြောင်ကြောင် ဖြစ်သွားရ၏။

အကြောင်းကား ပလွေမှုတ်သောသူမှာ ဆယ်နှစ်ကျော်က လေးလေးတစ်ယောက်ဖြစ်နေသောကြောင့်ပင် ဖြစ်ပါ၏။

ကလေးမှာ အရပ်ပု၏။ ဟောင်းနွမ်းသောအဝတ်အစားကို ဝတ်ထားသည်။

မျက်လုံးဝိုင်းဝိုင်း မျက်နှာဝိုင်းဝိုင်း အေးချမ်းလွန်း၍ လားမသိ။ သူ့တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေရှာသည်။

သို့သော် သူ့လက်ထဲတွင် ထူးဆန်းသော ပလွေတစ်ချောင်း ကိုင်ထားသည်ကို တွေ့ရ၏။

လုရှောင်ဖုန့်က သူ့ကိုကြည့်ရင်း ဖြည်းညင်းစွာ လျှောက်သွားလိုက်၏။

ကလေးမှာ သူလာနေသည်ကို လုံးဝမသိချေ။ ဟိုကြည့်ဒီကြည့် ကြည့်နေရာမှ ရုတ်တရက် သူ့ရှေ့တွင် လုရှောင်ဖုန့်ရပ်လိုက်သည်ကို တွေ့လိုက်ရသောအခါ လန့်ဖြန့်၍ ထအော်ကာ ထွက်ပြေး



လေတော့သည်။

သို့သော် သူတစ်လှမ်း ရွေ့လိုက်သည်နှင့် လုရှောင်ဖုန့်က သူ့အား ချက်ချင်းဖမ်းဆွဲထားလိုက်၏။

ထိုကလေးမှာ လန့်ဖြန့်ပြီး အော်လိုက်၏။ သူအော်၍ ပြီးတော့မှပင် လုရှောင်ဖုန့်က....

"ငါသရဲ မဟုတ်ပါဘူးကွ... လူပါ"

ထိုကလေးက လုရှောင်ဖုန့်၏မျက်နှာကို သေချာစွာကြည့်လိုက်၏။

ကလေးမှာ စိတ်အနည်းငယ် အေးသွားဟန်ရှိသော်လည်း သူ့ကိုယ်ခန္ဓာကမူ တုန်ယင်လျက်ပင် ရှိနေသေး၏။

ကလေးက တုန်ယင်စွာဖြင့်....

"ခင်ဗျား... ခင်ဗျား တကယ်ပဲ သရဲမဟုတ်ပါဘူးနော်"

"ဩော်... ခက်လိုက်တာကွာ... မဟုတ်ပါဘူး"

ထိုအခါကျမှ ကလေးကသက်ပြင်းချလျက် နှုတ်ခမ်းမဲ့ကာ ....

"ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကိုဖမ်းထားရတာလဲ"

"ငါ မင်းကိုမေးစရာရှိလို့ပါ"

ကလေးက တစ်ချက်တွေသွားပြီး....

"ခင်ဗျားမေးပြီးလို့ရှိရင် ကျွန်တော့်ကိုပြန်လွှတ်မှာလား"

လုရှောင်ဖုန့်က ပြုံး၍....

"ငါ မင်းကိုပြန်လွှတ်ရုံတင်မကဘူး... မင်းကိုမုန့်ဖိုးငွေနှစ်ကျပ်တောင် ပေးလိုက်ဦးမှာ"

ကလေးက စိတ်ချသွားသလိုရှိသွားပြီ။

"ခင်ဗျားက ကျွန်တော့်ကိုဘာမေးမှာလဲ"

လုရှောင်ဖုန့်က ချိုသာစွာဖြင့်....

"မင်းနာမည် ဘယ်လိုခေါ်သလဲ... မင်းအိမ်ကကော ဘယ်မှာလဲ"

"ကျွန်တော့်နာမည်က ကောက်ရတဲ့... ကျွန်တော့်မှာ အိမ်မ ရှိပါဘူး"

ကလေးကိုကြည့်ရသည်မှာ သနားစဖွယ်ကောင်းလှသည်။ ရိုးသားပုံလည်းရ၏။

လုရှောင်ဖုန့်က ပို၍ချိုသာသောအသံဖြင့်....

"မိုးသိပ်ချုပ်နေပြီ... မင်းတစ်ယောက်တည်း ဒီကိုလာတာ မကြောက်ဘူးလားကွ"

ကောက်ရက ရင်ကော့ပြလိုက်ပြီး....

"ကျွန်တော်မကြောက်တတ်ပါဘူး... ဘယ်နေရာမဆို ကျွန်တော်သွားရဲပါတယ်"

"ဘာလဲ ဒီနေရာက ကစားလို့ကောင်းတယ်လို့များ မင်းထင်နေသလားကွဟင်"



"ဟင့်အင်း မထင်ပါဘူး... ဒီနေရာဟာ နည်းနည်းမှကစားလို့မကောင်းပါဘူး"

"ဒီလိုဆိုရင် မင်းက ဘာဖြစ်လို့ ဒီမှာလာပြီး ပလွေမှုတ်နေရတာတုန်း"

"ခါးကုန်းတဲ့အဘိုးကြီးတစ်ယောက်က ကျွန်တော့်ကိုဒီနေရာခေါ်လာပြီး ငွေနှစ်ကျပ်ပေးပြီး မှုတ်ခိုင်းတာဗျ"

ကွေးစွန်းကိုသတ်သောသူမှာ ထိုသူပင်ဖြစ်မည်။ ထိုသူမည်သူနည်း။

လုရှောင်ဖုန့် စဉ်းစားကြည့်၏။ သို့သော်အဖြေပေါ်မလာပေ။

"ဒီပလွေဟာ သူက မင်းကိုပေးလိုက်တာလား"

ကောက်ရက ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်... ဒီပလွေရဲ့အသံက သိပ်ကျယ်တာပဲ"

ကလေးက ပလွေမှုတ်ဝါသနာသိပ်ပါဟန်တူ၏။ လုရှောင်ဖုန့် နားထဲတွင် ဘာသံကိုမှမကြားရတော့ချေ။ ပလွေသံကြောင့် သူ့နားအူသွားတော့သည်။

သို့သော် ရုတ်တရက် သူ့ကိုယ်တွင် ထူးဆန်းသောခံစားချက်တစ်မျိုး ဖြစ်ပေါ်လာ၏။

သူသည် ခေါင်းကို အလိုလို နောက်သို့လှည့်၍ ကြည့်လိုက်မိ၏။

ဒီလိုခံစားချက်မျိုး ဘာကြောင့်ပေါ်လာသည်ကိုတော့ သူမသိပေ။ သူရှင်းပြ၍လည်း မရပေ။ ယင်းခံစားချက်မျိုး သူ့ထံတွင် ထူးထူးခြားခြား ရှိသောကြောင့်သာလျှင် သူ ယခုထက်တိုင် အသက်ထင်ရှား ရှိနေခြင်းပင် ဖြစ်ပါ၏။

ယခုလည်း သူ လှည့်ကြည့်လိုက်သောတဒင်္ဂအချိန်လေးတွင် အနီရောင်တန်းလေးတစ်ခုက မြေကြီးမှ လျှပ်တစ်ပြက် သူ၏လည်မျိုနားသို့ ခုန်အုပ်လာသည်ကို တွေ့လိုက်ရ၏။ အလွန်မြန်ဆန်ပြီး လျှပ်စီးလက်သလို ထင်မှတ်ရ၏။

ထိုခဏမှာပင် လုရှောင်ဖုန့်၏လက်ကလည်း လှုပ်ရှားလိုက်သည်။

သူ၏လက်ချောင်းနှစ်ချောင်းက တစ်စုံတစ်ရာကို ပြုတ်တူဖြင့် ညှပ်သလို ညှပ်ထားလိုက်၏။

လုရှောင်ဖုန့်၏ လက်ချောင်းနှစ်ချောင်းကြားတွင် ညှပ်မိသောအရာမှာအေးစက်ပြီး ချွဲကျိသလိုရှိသည်ကို ခံစားလိုက်ရသည်။

တကယ်တော့ ယင်းအရာကား အနီရောင်မြွေဆိုးတစ်ကောင် ဖြစ်နေပါတော့သည်။



မြွေဆိုး၏ရှည်လျားသောလျှာက တစ်လစ်လစ်ထွက်နေပြီး လုရှောင်ဖုန့်၏လည်မျိုနားသို့ ရောက်လုနီးနီး ဖြစ်နေ၏။

သို့သော် မြွေဆိုးသည် ဆက်လက်၍ မလှုပ်ရှားနိုင်တော့ပေ။

လုရှောင်ဖုန့်၏လက်ချောင်းကြားတွင် ညှပ်မိနေသောအရာမှန်သမျှ ဘယ်နည်းနှင့်မျှဆက်၍ မလှုပ်ရှားနိုင်တော့။

အကယ်၍ လုရှောင်ဖုန့်၏လက်သာ တစက္ကန့်မျှ နောက်ကျခဲ့လျှင်မူ....။

ယင်းအဖြစ်ကိုလုရှောင်ဖုန့်ဆက်၍ မတွေးရဲတော့ပေ။

လုရှောင်ဖုန့်သည် တွန့်လိမ်နေသောမြွေဆိုးကိုကြည့်ရင်း အော့အန်ချင်စိတ်များ တဖွားဖွားပေါ်လာ၏။

"မြွေ... မြွေကြီး"

ကောက်ရသည် ကြောက်လန့်တကြားအော်၍ ထွက်ပြေး

သွားတော့သည်။

လုရှောင်ဖုန်က သက်ပြင်းတစ်ချက်ရှိုက်၍ မြွေဆိုးကို ကျောက်တုံးတစ်ခုပေါ်တွင် အားနှင့်လွှဲပစ်သတ်လိုက်၏။

သူ ခေါင်းပြန်မော့၍ကြည့်လိုက်သောအခါ ကောက်ရသည် အမှောင်ထုထဲတွင် ပျောက်ကွယ်သွားလေပြီ။

လုရှောင်ဖုန်က လေကိုသုံးလေးကြိမ်ခန့် ရှိုက်သွင်းလိုက်တော့မှ ရင်ခုန်သံပြန်မှန်သွားသည်။

သို့သော် ထိုအချိန်တွင် ရုတ်တရက် စူးစူးဝါးဝါး အော်ဟစ်လိုက်သံကိုကြားရပြန်၏။

ထိုအော်သံမှာ ကလေးတစ်ယောက်၏ အော်သံဖြစ်လေသည်။

ကောက်ရမှာ မြေကြီးတွင် မှေ့လဲလျက်ရှိနေ၏။

ဤလိုမှောင်မည်းလှသော ညအချိန်မျိုးတွင် ပန်းခြံပျက်ကြီး တစ်ခုထဲ၌ ကလေးတစ်ယောက်က လူသေအလောင်းတစ်လောင်းကို ရုတ်တရက် တွေ့မိလျှင် မလန့်မဖြန့်ဘဲ သတိမမေ့ဘဲ မနေနိုင်ပါ။



သေသူမှာ ကလေး၏ရှေ့တွင် လဲနေ၏။ ခါးကိုင်းနေသော အဘိုးကြီး ဖြစ်သည်။ သူ၏လည်ပင်းတွင် နီရဲသော ပိုးထည်စတစ်စက ရစ်ပတ်နေ၏။

ယင်းပိုးထည်ဖြင့် လည်မျိုညှစ်သတ်ခံရဟန် တူ၏။

ယင်းခါးကုန်းသည် ကွေးစွန်းကိုသတ်သောသူပင် ဖြစ်မည်။

ယခု သူဘာကြောင့် တခြားလူ၏လက်ချက်နှင့် သေရပြန်သနည်း။

ဘယ်သူကများ သူ့ကိုလည်ပင်းညှစ်သတ်သွားသနည်း။ ဘာအကြောင်းကြောင့်နည်း။

အမေးသာရှိပြီး အဖြေလုံးဝရှာမတွေ့နိုင်သည့်ပုစ္ဆာချည်းသာ လုရှောင်ဖုန့်တစ်ယောက်ကြုံနေရပါကလား။

သို့သော် တစ်ချိန်က ဤလိုအနီရောင်ပိုးထည်ဖြင့် မြွေဘုရင်ကို ကုံးစွန်းမမက ညှစ်သတ်ခဲ့ဖူးသည်ကို သူ ရုတ်တရက် သတိရမိ၏။

ဒီတစ်ခါကျတော့ ဘယ်သူ့လက်ချက်ပါလိမ့်။ ကုံးစွန်းမမ၏ လက်ချက်ပေလား။

သူမသည် နေပြည်တော်သို့ ရောက်လာနိုင်စရာအကြောင်း ရှိ၏။

ကိုးလဆယ့်ငါးရက်နေ့ နှစ်ဦးချင်းတိုက်ပွဲကို သူမလည်း ဘယ်နည်းနဲ့မျှ လက်လွတ်ခံမည်မဟုတ်။ ·

သို့သော် အဘိုးကြီးက မည်သူနည်း။ သူက ဘာကြောင့် ကျွေးစွန်းကိုသတ်ရသနည်း။

ကုံးစွန်းမမက ဘာကြောင့် သူ့ကိုပြန်သတ်ရသနည်း။

လုရှောင်ဖုန့်သည် ရှည်ရှည်ဝေးဝေးဆက်လက်၍ စဉ်းစားမနေတော့ဘဲ မုဆိုးထိုင်ထိုင်လိုက်ပြီး အဘိုးကြီး၏ကိုယ်ကို ရှာဖွေကြည့်လိုက်၏။

သူက အဘိုးကြီး၏ ကိုယ်တွင်းပစ္စည်းများကိုကြည့်ပြီး အဘိုးကြီးမည်သူဖြစ်မည်ကို ခန့်မှန်းကြည့်ရန်ဖြစ်လေသည်။

လုရှောင်ဖုန့်က လက်ချောင်းဖြင့် အဘိုးကြီး၏ရင်ဝအင်္ကျီကို လှန်တင်လိုက်၏။

သတိတော့ ထားနေရ၏။ အကြောင်းမှာမူ အဘိုးကြီး၏ ရင်ခွင်ထဲတွင် မြွေဆိုးများ ရှိချင်ရှိနေပေဦးမည်။

သို့သော် မြွေဆိုးများ ခုန်ထွက်လာသည်ကို မတွေ့ရ၍ ၎င်းကလက်ဖြင့် အင်္ကျီရင်ပတ်အတွင်းသို့ စိတ်ချလက်ချ နှိုက်လိုက်သည်။



လုရှောင်ဖုန့် ရုတ်တရက် ကြောင်သွား၏။ လက်ကိုလည်း ကမန်းကတန်း ပြန်ရုတ်လိုက်၏။

ထို့နောက် သူ့မျက်လုံးက ဆံပင်ဖြူပြီး ပါးရေတွန့်နေသော အဘိုးကြီး၏မျက်နှာကို အံ့သြဟန်ဖြင့် ငေးကြည့်လိုက်မိ၏။

အကြောင်းကား သူ့လက်တွင် တွေ့ထိနေရသော ခံစားချက်က အဘိုးကြီး၏မျက်နှာနှင့် လုံးဝခြားနားနေ၏။

အဘိုးကြီးသည် အဘိုးကြီးအစစ်မှမဟုတ်ဘဲ မိန်းမတစ်ဦး ဖြစ်နေပြီကော။

လုရှောင်ဖုန့်၏လက်မှာ ပျော့ပျောင်းသော ရင်သားစိုင်ကို ထိတွေ့ခံစားလိုက်မိသောကြောင့် ဖြစ်၏။

ဆံပင်ဖြူမှာ အတုဖြစ်ပြီး မျက်နှာမှာလည်း မျက်နှာဖုံးစွပ်ထားသော မိန်းမသားတစ်ယောက်သာ ဖြစ်လေသည်။

## (ငါး)

လုရှောင်ဖုန့်က ဆံပင်ဖြူကိုဆွဲချွတ်လိုက်၏။ မျက်နှာဖုံးကိုလည်း ဆွဲချွတ်လိုက်၏။ ထိုအခါ ချောမောလှပသော မျက်နှာတစ်ခုက ပေါ်လာလေသည်။

သူက ဤမျက်နှာကိုသိ၏။ သိသမှကောင်းကောင်းကြီးကို သိနေခြင်းဖြစ်၏။ ဤခါးကုန်းအဘိုးကြီးမှာ တကယ်တော့ ကုံးစွန်းမမပင် မဟုတ်ပါလား။

ကုံးစွန်းမမ၏ရုပ်ဖျက်ပညာအစွမ်းကို လုရှောင်ဖုန့်ကောင်းစွာ သိ၏။



ကုံးစွန်းမမ ဘယ်လိုပုံစံပင် ရုပ်ဖျက်ထားထား ဘယ်သူကမှ သူမကိုရုပ်ဖျက်ထားမှန်း ရိပ်မိမည်မဟုတ်ပေ။

နောက်ပြီး ကုံးစွန်းမမ၏သိုင်းပညာကိုလည်း သူကောင်းစွာ သိ၏။

သူမကို သတ်နိုင်သောသူမှာ တကယ်ပင်ကြောက်စရာကောင်းသောလူသာ ဖြစ်ရမည်။

လုရှောင်ဖုန့် ရုတ်တရက် ကြက်သီးမွေးညင်းတစ်ချက်ထသွား၏။

သူ နေပြည်တော်သို့ရောက်လာသည်မှာ အချိန်ကာလအားဖြင့် တစ်ရက်မျှသာ ရှိသေး၏။

သို့သော် သူသည် ထူးဆန်းသော ပြဿနာပေါင်းများစွာကို ဆက်ခါဆက်ခါ ကြုံတွေ့နေရလေပြီ။

ယခုပြဿနာကလည်း သူစဉ်းစား၍ အဖြေမပေါ်နိုင်သော ပြဿနာ ဖြစ်နေပြန်သည်။

ကုံးစွန်းမမတစ်ယောက် ကွေးစွန်းကို ဘာကြောင့်သတ်ရသလဲ။ သူမကကော ယခုမည်သူ့လက်ချက်ဖြင့် အသတ်ခံရသလဲ။

သူသည် စဉ်းစားပြီး အဖြေမရနိုင်သေးသောအရာကို ဦးနှောက်ခြောက်ခံပြီး မစဉ်းစားတတ်ချေ။ ဒါက လုရှောင်ဖုန့်၏အကျင့်ကလေးပင် ဖြစ်သည်။

သို့သော် သူမစဉ်းစားချင်သည့်တိုင် သူ့အာရုံထဲတွင် နေပြည်တော်၏ ထောင့်တစ်နေရာတွင် မြေခွေးထက်ပို၍ ကောက်ကျစ်ပါးနပ်ပြီး ကျားထက်ရက်စက်သော လူတစ်ယောက်က သူ့ကိုချောင်း မြောင်းလျက်ရှိကြောင်း အလိုလို ထင်ဟပ်လို့နေ၏။

ထို့ပြင် သူ့အာရုံထဲတွင် ထင်ဟပ်လာသော ယင်းလူ၏ရုပ်သွင်မှာ 'နိုင်နိုင်' ရုပ်သွင်ဖြစ်နေသလို ထင်မှတ်လိုက်ရပါ၏။

မီးရောင်အောက်တွင် အိုရန်ချင်း၏မျက်နှာမှာ ဖြူရော်လျက်ရှိနေ၏။

သူမ၏လှပသောမျက်နှာလေးတွင် သွေးရောင်လုံးဝမရှိတော့ချေ။

လှပသောမျက်လုံးလေးမှာ ယခုတော့ မှိတ်ထားလျက်ရှိနေ၏။

သည့်တစ်သက်တွင် သူမအနေဖြင့် မျက်စိထပ်ဖွင့်နိုင်ပါဦးမည်လော။

လုရှောင်ဖုန့်က ကုတင်ဘေးတွင်ရပ်လျက် သူမကိုစိုက်ကြည့်နေ၏။



ယခုအချိန်ကျမှ အိုရန်ချင်းတစ်ယောက် အရင်တုန်းကလို သူ့အား မျက်စောင်းခဲပြီး စိုက်ကြည့်သည်ကို အလွန်မျှော်လင့်တောင်းတနေ၏။

အရင်တုန်းကလို သူ့ကိုဆူပူဆဲဆိုကြိမ်းမောင်းတာကို ကြားချင်နေ၏။

လီရက်ပေနှင့် ဆယ်ဆန်းရီတို့ကမူ နောက်တွင်ရပ်ပြီး စိတ်မကောင်းစွာဖြင့် သူတို့အဖြစ်ကို ကြည့်နေမိ၏။

"ငါကို့မီးဖိုထဲပြေးဝင်သွားတော့ သူလဲနေပြီ"

လုရှောင်ဖုန့်က သူမ၏လည်မျိုကိုကိုင်ကြည့်လိုက်၏။ သို့သော် သွေးကြွက်ကိုမတွေ့ရချေ။

"ဒဏ်ရာရှာမတွေ့ပါလား လီရက်ပေ"

ဆယ်ဆန်းရီက လုရှောင်ဖုန့်၏အမေးကိုကြားဝင်ဖြေလိုက်၏။

"လက်မှာ... ဒဏ်ရာက ဘယ်လက်မှာပါ"

လုရှောင်ဖုန့်မှာ သည်အခါကျမှ သက်ပြင်းချနိုင်ခဲ့တော့၏။

သူမထံသို့ မြွေဆိုးခုန်အုပ်လိုက်သောအချိန်တွင် သူမက လုရှောင်ဖုန့်ကဲ့သို့ လက်ဖြင့်ဖမ်းရန် ကြိုးစားခဲ့ဟန်တူ၏။

သူမ၏တုန့်ပြန်ချက်က ကွေးစွန်းထက်မြန်ပြီး လုရှောင်ဖုန့်ထက် နှေး၍ ယခုလို မြွေဆိုးက သူမ၏လက်ကိုသာ ကိုက်မိခြင်းဖြစ်

သစ္စာမှန်

၏။

"တော်သေးတယ်လို့ ဆိုရမယ်... မင်းအော်ပြီး သတိပေးလိုက်တော့ ငါတို့လဲ ချက်ချင်း မီးဖိုခန်းထဲပြေးဝင်သွားလို့ အချိန်သိပ်နောက်မကျသွားတာ"

အိုရန်ချင်း၏ မြွေကိုက်ထားသည့် ဒဏ်ရာတဝိုက်ရှိ အကြောကို လီရက်ပေက ချက်ချင်းပိတ်လိုက်ပြီး အဆိပ်များ အပေါ်သို့ ဆက်မပျံ့နှံ့နိုင်အောင် ကာကွယ်ထားလိုက်၏။

လီရက်ပေက သူ့စကားကိုပြန်ဆက်သည်။

"ဒါကြောင့် သူ့ရဲ့အသက်ကိုကယ်တာ မင်းပါ၊ မင်းသာ သတိမပေးရင် သူလဲ ခုလောက်ရှိ မြွေဆိပ်တက်ပြီး သေမှာပဲ"

ဆယ်ဆန်းရီက ဝင်မေးလိုက်၏။

"ကျွန်မ တစ်ခုနားမလည်တာက ရှင်ဟာ ဘယ်နဲ့လုပ်ပြီး အိုရန်ချင်းကိုလုပ်ကြံမှန်း သိနေရတာလဲ"

"အေး... ငါကိုယ်တိုင်လဲ အသေအချာ မသိပါဘူး"

သူကပြောရင်း မဲ့ပြုံးတစ်ချက်ပြုံးကာ...

"တချို့ကိစ္စတွေဟာ ငါကိုယ်တိုင် ဘာမှမသိနားမလည်ဘဲ အကြောင်းကြောင်းနဲ့ လုပ်လိုက်မိတာ ရှိတတ်တယ်၊ မင်းကသာ ငါ့ကို ဘာဖြစ်လို့ ဒီလိုလုပ်သလဲလို့ အတင်းအကျပ်မေးရင်တော့ ငါလဲမဖြေတတ်ဘူး"



"ရှင်က မသိပေမယ့် လုပ်နိုင်ခဲ့တယ်... တချို့လူတွေက သိရက်နဲ့မလုပ်နိုင်ခဲ့ဘူး"

လီရက်ပေက သူ့သူငယ်ချင်း လုရှောင်ဖုန့်အတွက် ဂုဏ်ယူစွာ ပြောလိုက်သည်။

"ဒါကြောင့် လုရှောင်ဖုန့်ဟာ နာမည်တစ်လုံးနဲ့ကျော်ကြားနေတာပေါ့၊ ဒီလောကမှာ လုရှောင်ဖုန့်လိုလူ တစ်ယောက်တည်းပဲရှိတယ်"

ဆယ်ဆန်းရီက သက်ပြင်းချ၍...

"အင်း... ဒါကြောင့်လဲ အိုရင်ချင်းဟာ ရှင့်ကို ဒီလောက်အစွဲအလမ်းကြီးခဲ့တာကိုး"

အိုရန်ချင်းက လုရှောင်ဖုန့်အား အစွဲအလမ်းကြီးခဲ့သည်တဲ့။

လုရှောင်ဖုန့်ကတစ်ယောက် သူ့နားကိုပင် သူမယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

ဆယ်ဆန်းရီက ဆက်၍...

"သူဟာ ဘယ်လက်အကိုက်ခံလိုက်ရပြီး လဲကျသွားပေမယ့် သူ့ရဲ့ညာလက်မှာတော့ ရှင့်အတွက်လုပ်ထားတဲ့ ဝက်သားပေါင်းကို အတင်းဆုပ်ကိုင်ထားသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဝက်သား ပေါင်းတွေက ရှင့်ကိုစားစေချင်လွန်းလို့ သူအပင်ပန်းခံပြီး လုပ်ပေးထားတာကိုး... သူ သူ"

သူမက ရှေ့ဆက်၍မပြောချင်တော့ပေ။ ဆက်ပြောရန်လည်း လိုမည်မထင်တော့ပေ။

သည့်မျှလောက်ဆိုလျှင် လုရှောင်ဖုန့်က အိုရန်ချင်း၏ စိတ်သဘောထားကို ကောင်းကောင်းကြီး သိလောက်ပေပြီ။

လုရှောင်ဖုန့်က အိုရန်ချင်း၏မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲတွင် မဖော်ပြနိုင်သော ခံစားချက်များ ပေါ်ထွက်လာ၏။

သူသည် အိုရန်ချင်း၏အသက်အား ဘယ်နည်းနှင့်မျှ အဆုံးရှုံးမခံနိုင်တော့။

အကြောင်းကား တစ်ချိန်သောကာလဆီက ချီပင်း၏သေဆုံးခြင်းသည် သူ့ကို နလံမထူနိုင်အောင် စိတ်ထိခိုက်နာကျင်စေခဲ့ပြီးပြီ မဟုတ်ပါလား။

လီရက်ပေသည် အတန်ကြာတော့မှ လုရှောင်ဖုန့်အား လှမ်းမေးလိုက်သည်။

"မင်း ယှိုပလွေမှုတ်တဲ့လူကို ရှာတွေ့ခဲ့တယ် မဟုတ်လား"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြလိုက်၏။

"ဒါဖြင့် ပလွေသံရှင်က ဘယ်သူလဲ"

"ကလေးတစ်ယောက်ပါ"

လီရက်ပေက ထိတ်လန့်အံ့ဩသွားပြီးမှ ချက်ချင်းပြန်မေးလိုက်၏။



"ကလေးကို မြွေမှုတ်ခိုင်းတဲ့လူကကော ဘယ်သူလဲ"

လီရက်ပေက ဝါရင့်သိုင်းသမားပီသပါပေ၏။ သူက လုရှောင်ဖုန့်၏စကားကို ချက်ချင်း ခန့်မှန်းနိုင်ခဲ့၏။

"ကလေးရဲ့ပြောကြားချက်အရတော့ ခါးကုန်းနေတဲ့အဘိုးကြီးတစ်ယောက်က မှုတ်ခိုင်းလို့တဲ့"

"ဒီခါးကုန်းတဲ့အဘိုးကြီးကော မင်းရှာလို့တွေ့ခဲ့ရဲ့လား"

"ဒီလောကကြီးမှာ ဒီခါးကုန်းတဲ့အဘိုးကြီးဆိုတာ ရှိကိုမရှိပါဘူး၊ တကယ်တော့ ဒီအဘိုးကြီးဆိုတာ ကုံးစွန်းမမကရုပ်ဖျက်ပြီး ဟန်ဆောင်ထားတာပဲ"

လီရက်ပေက ပို၍ စိတ်ဝင်စားလာ၏။

"ကုံးစွန်းမမက အိုရန်ချင်းရဲ့အစ်မကြီးပဲ... ငါ့ရဲ့သူငယ်ချင်းလဲ ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"အခုတော့ ငါ မပြောတတ်သေးဘူး၊ ဒီလူက သိပ်ကို ကောက်ကျစ်ပါးနပ်ရုံတင်မကဘူး သိုင်းပညာလဲ ကြောက်စရာကောင်းလောက်အောင် မြင့်မားနေတယ်"

"ဒါလဲ ရှင့်စိတ်ထဲက အလိုလိုခံစားလို့ သိလာတာပဲလား"

ဆယ်ဆန်းရီက ဝင်မေးလိုက်သည်။

လုရှောင်ဖုန့်က ခေါင်းညိတ်ဝန်ခံလိုက်သည်။

ဆယ်ဆန်းရီက သက်ပြင်းချ၍....

"ရှင်ဟာ တကယ်ကိုထူးခြားတဲ့လူတစ်ယောက်ပဲ... ရှင့်လို လူမျိုး ကျွန်မ တစ်ခါမှမကြုံခဲ့ဖူးဘူး"

လီရက်ပေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ထောက်ခံရင်း လုရှောင်ဖုန့်အား မေးလိုက်ပြန်၏။

"အခု ကုံးစွန်းမမကော"

"သေပြီ"

"ဟိုကလေးကော"

"ဟိုမှာပဲ မေ့လဲနေတယ်"

"ရှင် ကလေးကို ဒီအတိုင်းပဲပစ်ထားခဲ့တယ်... ကလေးကို ဘာဖြစ်လို့မကယ်လာရတာလဲ"

လုရှောင်ဖုန့်က....

"ငါက သူ့ကို ဟိုမှာပစ်ထားလိုက်တာက တကယ်တော့ ဒီ လုပ်ရပ်ဟာ သူ့ကို ငါကယ်လိုက်တာပဲ"

ဆယ်ဆန်းရီက လုရှောင်ဖုန့်၏စကားကို လုံးဝနားမလည် ချေ။

သူမသည် လုရှောင်ဖုန့်အားမေးရန် ပါးစပ်ပြင်လိုက်စဉ် လီ ရက်ပေက ကြားဝင်မေးလိုက်သည်။

"မင်းထင်တာက ဒီကလေးလဲ အလိုတူ အလိုပါပေါ့ဟုတ် လား"



လုရှောင်ဖုန့်က သက်ပြင်းချရင်း....

"အသက်ဆယ်နှစ်ကျော်ကျော် ကလေးတစ်ယောက်က ဘယ်နည်းနဲ့မှ ညမှောင်မှောင်ကြီးထဲမှာ မကြောက်မရွံ့ဘဲ ဒီနေရာကို လာပြီး ပလွေမှုတ်ရဲမှာမဟုတ်ဘူး၊ နောက်ပြီးပလွေက ထူးခြားဆန်း ပြားစွာ တည်ဆောက်ထားတဲ့ပလွေဆိုတော့ အတွင်းအားမကျင့် ထားဘူးတဲ့လူသာ မှန်ဆိုရင် ဘယ်နည်းနဲ့မှပလွေကို အသံမြည် အောင်မှုတ်နိုင်မှာ မဟုတ်ဘူး"

သူကပြောရင်း တစ်ချက်ပြုံးလိုက်ပြီး....

"နောက်တစ်ချက်က သူဟာ တကယ်မေ့သွားတာမှမ ဟုတ်တာ"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ သူ့ကိုဖမ်းပြီးစစ်မမေးရတာလဲ"

"သူပြောမှာမဟုတ်ဘူး... နောက်ပြီး ငါကလူကြီးတစ် ယောက်ဖြစ်ပြီး ကလေးတစ်ယောက်ကို ဘယ်လိုလုပ် ရိုက်မောင်း ပုတ်မောင်းစစ်မေးရက်မှာလဲ"

"ဒါပေမယ့် မင်း အနည်းဆုံးတော့ ကလေးရဲ့နောက်ကို နောက်ယောင်ခံလိုက်ပြီး ဘယ်သူက သူ့ကိုခိုင်းလိုက်တယ်ဆိုတာ ကိုတော့ စုံစမ်းခဲ့ဖို့ကောင်းတယ်"

"ငါ တကယ်လို့သာ သူ့နောက်ကိုနောက်ယောင်ခံပြီးလိုက်

ခဲ့လို့ရှိရင် ဒီကလေးတော့ အသတ်ခံရမှာသေချာတယ်"

"မင်းဆိုလိုတာက ဟိုလူသတ်သမားက ဒီကလေးကို နှုတ်ပိတ်လိုက်မှာကို မင်း စိုးရိမ်နေတာလား"

"အေး... မင်းအတွေးအခေါ် တော်တော်ရင့်ကျက်လာပြီပဲ"

လီရက်ပေက သက်ပြင်းချ၍....

"လုရှောင်ဖုန့်ရဲ့ စိတ်ဓာတ် ဒီလောက်တောင်ပျော့မှန်း အခုမှပဲ ငါ သိတော့တယ်"

ထိုစဉ်ဆယ်ဆန်းရီက ပြုံး၍....

"ကဲ စကားချည်းပဲပြောမနေနဲ့ဦး... ဟိုဝက်သားပေါင်းက အပြင်ခန်းမှာ ချထားပေးတယ်၊ အိုရန်ချင်းက ရှင့်အတွက်လုပ်ထားတာလေ၊ ရှင်တစ်ခုလောက်တော့ စားလိုက်ပါလား လုရှောင်ဖုန့်"

"ငါပြန်လာတော့မှ စားတော့မယ်"

"ဟ မင်း ဘယ်သွားဦးမှာလဲ"

"လူတစ်ယောက်ကိုသွားရှာမလို့ပါ"

"ဘယ်သူ့ကိုလဲကွ"

"ရက်ကူးချန်"

လီရက်ပေက ရုတ်တရက် ကြောင်သွား၏။ လုရှောင်ဖုန့်က ရှင်းပြလိုက်သည်။

"သူဟာ ထန်မျိုးအိမ်က လျှို့ဝှက်လက်နက်ရဲ့ အဆိပ်ကို



တောင်ဖြေနိုင်တဲ့နောက်တော့ အိုရန်ချင်းရဲ့ အဆိပ်ကိုလဲ ဖြေနိုင်ရမှာပေါ့"

အိုရန်ချင်း၏မျက်နှာမှာ ဖြူရော်လျက်ရှိနေ၏။ အဆိပ်က တဖြည်းဖြည်း တက်လာလေပြီ။

ဆယ်ဆန်းရီက မျက်မှောင်ကုတ်၍....

"ရက်ကူးချန်လိုလူမျိုးက သူများကိစ္စအတွက် ဝင်ကူညီပါ့မလား လုရှောင်ဖုန့်"

"သူသာ မကူညီဘူးဆိုရင်လဲ ငါ သူ့ဆီသွားရမှာပဲ၊ ငါ သူ့ကို ဒူးထောက်ပြီး တောင်းပန်ရမယ်ဆိုလဲ ငါဒူးထောက်မှာပဲ"

လုရှောင်ဖုန့်က အိုရန်ချင်း၏မျက်နှာကို မြတ်နိုးစွာ စိုက်ကြည့်ပြီး တစ်လုံးချင်း ထပ်မံ၍ တီးတိုးရေရွတ်လိုက်မိတော့သည်။

"ဘယ်နည်းနဲ့မဆို ငါတော့ သူကလေးရဲ့ အသက်ကိုကယ်ရမှာပဲ"

ညသည် ပို၍နက်ရှိုင်းလာ၏။

လုရှောင်ဖုန့်သည် လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင်ထိုင်ရင်း သူ့ရှေ့ရှိလက်ဖက်ရည်ခရားကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိ၏။

သူ ရက်ကူးချန်ကိုတွေ့နိုင်ရန် နေရာအနှံ့ရှာခဲ့သော်လည်း ရက်ကူးချန်၏ အရိပ်အယောင်ကိုမျှ မတွေ့ခဲ့ရ။

အမှန်မှ ရက်ကူးချန်လိုသိုင်းလောကတွင် လွန်စွာ နာမည်ကြီးနေသောလူတစ်ယောက်အား ခဲခဲယဥ်းယဥ်း ရှာဖွေနေရဖို့အကြောင်းမရှိပါ။ ခဲယဥ်းသောအလုပ်လည်း မဖြစ်ထိုက်ပါ။

သူလိုလူမျိုး ဘယ်နေရာရောက်ရောက် ပတ်ဝန်းကျင်မှအနည်းအကျဥ်းတော့ သတိပြုမိကြမည်သေချာသည်။

ယခုမှာ ရက်ကူးချန် ဘယ်ရောက်နေကြောင်းသိသူဟူ၍ သူ ရှာမတွေ့။ ရက်ကူးချန် ပျောက်နေပုံက ဆန်းလှ၏။

ရက်ကူးချန်သည် ပုန်းခိုနေစရာအကြောင်းမရှိပါဘဲလျက် ဘာ့ကြောင့်သတင်းအစရှာမရအောင် ပျောက်ကွယ်နေရပါသနည်း။

လုရှောင်ဖုန့် စဥ်းစားရင်း အဖြေထွက်မလာပေ။

ထန်ထင်းရိ၏ပခုံးရိုးနှစ်ဖက်ကို လူပုံအလည်တွင် ဖောက်ခဲ့စဥ်ကပင် ရက်ကူးချန်သည် မပုန်းမလျှိုဘဲရှိနေခဲ့သည်။ နေပြည်တော်မှရက်ကူးချန် လုံးဝထွက်မသွားခဲ့။

ထိုစဥ်က နေပြည်တော်မှရက်ကူးချန် ထွက်ခွာမသွားခြင်းမှာလည်း အကြောင်းရှိ၏။

ထန်ထင်းရိ၏ ထန်မျိုးအိမ်သူအိမ်သားအားလုံးက နေပြည်တော်သို့ ထန်ထင်းရိအတွက် ကလဲ့စားချေပေးရန် လိုက်လာကြ



ကြောင်း သူသိထားပြီး ထိုသူတွေနှင့်ရင်ဆိုင်ရန် လာမည့်ဘေးပြေးတွေ့ရန် သူဆုံးဖြတ်ထားသောကြောင့်ပင် ဖြစ်သည်။

ရက်ကူးချန်သည် သည်လိုလူစားမျိုးဖြစ်ပါလျက် ယခုမှ ဘာအကြောင်းကြောင့် သတင်းအစမြုပ်သွားရပါသနည်း။ ပျောက်နေရပြန်ပါသနည်း။

တစ်ဘက်မှ လုရှောင်ဖုန့် အဖြေရှာမရအောင်ဖြစ်နေသလို ရယ်လင်ရင်း တစ်ယောက်သည်လည်း စီးမင်းချွေးရှက်အား အပြင်းအထန်ရှာရင်း လမ်းစပျောက်နေလေသည်။

စီးမင်းချွေးရှက်ကို မြေလှန်ရှာမရ သတင်းအစပင်မရနိုင်အောင် ဖြစ်နေပါ၏။

သို့သော် ရယ်လင်ရင်းသည် အလွန်အစွမ်းထက်သော သိုင်းသမားတချို့၏ အကူအညီကိုတော့ ရလိုက်သည်။

ထိုသိုင်းသမားထဲတွင် တချို့က တိဘက်ပြည်မှ လားမားဘုန်းကြီးများဖြစ်ပြီး တချို့မှာမူ နတ်သမီးကန်တောင်ကုန်းတွင် နှစ်ပေါင်းများစွာနေထိုင်ပြီး လေ့ကျင့်ခဲ့သော လျှို့ဝှက်ထူးဆန်းသည့် ဓားသမားနှစ်ဦးပင် ဖြစ်ပါ၏။

သူတို့ဘာကြောင့် ရယ်လင်ရင်းဘက်မှ အကူအညီပေးသည်ကိုမူ မသိပါချေ။

ဤအကြောင်းနှစ်ခုစလုံးသည် ရက်ကူးချန်နှင့်စီးမင်းချွေး

ရက်တို့အတွက် ကောင်းသည့်သတင်းတော့ မဟုတ်ပါပေ။

ထို့ကြောင့် ကိုးလဆယ့်ငါးရက်တိုက်ပွဲတွင် သူတို့နှစ်ဦးမည်သူကပင် နိုင်သည်ဖြစ်စေ၊ နောက်ရက်များတွင် အေးအေးချမ်းချမ်း နေရလိမ့်မည် မဟုတ်ချေ။

လက်ဖက်ရည်ဆိုင်တွင် လူတဖြည်းဖြည်း နည်းလာ၏။ လူဦးရေအတိအကျပြောရလျှင် လုရှောင်ဖုန်နှင့် စားပွဲထိုးလေးသာ ကျန်တော့၏။

စားပွဲထိုးကမူ လုရှောင်ဖုန့်ကို မကြာခဏ လှမ်း၍ကြည့်နေ၏။

သူသည် လုရှောင်ဖုန့်ကိုမြန်မြန်ထွက်သွားစေချင်နေ၏။ ဒါမှ သူသည် ဆိုင်မြန်မြန်သိမ်းပြီး အနားယူနိုင်မည် မဟုတ်ပါလား။

သို့သော်လုရှောင်ဖုန့်က မသိချင်ဟန်ဆောင်၍ ပေကပ်ပြီးသာ ထိုင်နေ၏။ တကယ်တော့ သူ့တွင် သွားစရာနေရာမရှိတော့ချေ။

ရက်ကူးချန်ကိုရှာမတွေ့ဘဲ အိုရန်ချင်းဆီသို့ သူပြန်သွားလည်း ဘာမျှအကြောင်းမထူးပေ။



မြွေဆိပ်ကိုဖြေရန်မှာ ရက်ကူးချန်မှ တတ်နိုင်သည် မဟုတ်ပါလား။

ထိုစဉ် ရုတ်တရက် ဆိုင်ရှေ့သို့ ဘုန်းကြီးကစ်ပါးအချိန်မတော် ရောက်လာ၏။

သူက ဆိုင်ထဲတွင်ထိုင်နေသော လုရှောင်ဖုန့်ကို မြင်လိုက်သည်နှင့် က်ယပ်ခေါ်လိုက်၏။

လုရှောင်ဖုန့်က ယင်းဘုန်းကြီးကိုသိခဲ့၏။ လွန်ခဲ့သောငါးနှစ်ခန့်က ဤဘုန်းကြီးကိုရန်သူများက ဝိုင်းဝန်းတိုက်ခိုက်၍ ဘုန်းကြီးအသတ်ခံရလုလုအချိန်တွင် လုရှောင်ဖုန့်က ဝင်ရောက်ကယ်တင်ခဲ့ဖူး၏။

ထို့ကြောင့် သူက လုရှောင်ဖုန့်ကို အမြဲတမ်း ကျေးဇူးတင်နေခဲ့လေသည်။

လုရှောင်ဖုန့်က အပြင်သို့လျှောက်ထွက်လာသည်။ ထိုအခါ ဘုန်းကြီးကလှည့်၍ လျှောက်ထွက်သွား၏။

နောက်ဆုံးလမ်းကြား တစ်ခုထဲသို့ ရောက်တော့မှပင် ဘုန်းကြီးကရပ်လိုက်ပြီး လုရှောင်ဖုန့် နှင့်မျက်နှာချင်းဆိုင်လိုက်သည်။

“မင်း ရက်ကူးချန်ကိုလိုက်ရှာနေတယ်ဆို ဟုတ်လား”

“ဟုတ်ပါတယ်”

“မင်းဟာ တစ်ချိန်တုန်းက ငါ့ရဲ့အသက်ကိုကယ်ခဲ့တယ်၊

အဲ ဒီအချိန်ကစပြီး ငါက မင်းကိုကျေးဇူးဆပ်ချင်ပေမယ့် ဆပ်ခွင့်မကြုံလို့ လုံးဝမဆပ်နိုင်ခဲ့ဘူး၊ အခု ငါ မင်းကိုကျေးဇူးဆပ်ချင်လို့ ခေါ် လိုက်တာပဲ"

လုရှောင်ဖုန့်မှာ ဘုန်းကြီး၏စကားကြောင့် ရုတ်တရက်ကြောင်နေ၏။

ထိုစဉ်ဘုန်းကြီးက အိတ်ထဲမှ ဆီစိမ်စက္ကူဖြင့်ထုပ်ထားသော ပစ္စည်းတစ်ခုကို လုရှောင်ဖုန့်အား လှမ်းပေးလိုက်၏။

လုရှောင်ဖုန့်က ထိုအထုပ်ကို ဖြေကြည့်လိုက်သောအခါ ပို၍အံ့သြသွားလေသည်။

အကြောင်းကား အထုပ်ထဲ၌ရှိသောအရာမှာ သွေးများ ပြုပုပ်များဖြင့် ပြည့်နှက်ပေကျံနေသော ပတ်တီးတစ်ခု ဖြစ်နေလေသည်။

လုရှောင်ဖုန့်က ရယ်ရခက် ငိုရခက်နှင့်ဘုန်းကြီးအား မေးလိုက်သည်။

"ဘုန်းတော်ကြီးက တပည့်တော်ကို ဒီပစ္စည်းပေးပြီး ကျေးဇူးဆပ်တာလားဟင်"

"အေး... ဟုတ်တယ်"

လုရှောင်ဖုန့် ဘာဆက်၍ပြောရမှန်းမသိအောင် ဖြစ်သွားသည်။



ဘုန်းကြီးကဆက်၍ တည်ကြည်စွာဖြင့် ပြောလိုက်သည်။

"ဒီပတ်တီးဟာ ခါတိုင်းအချိန်မှာဆိုရင် တစ်ပြားမှမတန်ပေမယ့် အခုအချိန်မှာတော့ သိပ်ကိုတန်ဖိုးရှိနေတယ်"

သို့သော် လုရှောင်ဖုန့်မှာ ဤသွေးများပြည်ပုပ်များနှင့် ပေကျံနေသောပတ်တီးက တန်ဖိုးရှိပါသည်ဆိုသည်ကိုမူ မည်သို့မှ စဉ်းစား၍မရအောင် ဖြစ်နေသည်။

သို့သော် ဘုန်းကြီး၏မျက်နှာမှာတည်ကြည်လှ၍ နောက်ပြောင်နေခြင်းမဟုတ်မှန်း သူသိ၏။

ထို့ကြောင့် သူကသိချင်ဇောဖြင့်....

"ဒီပတ်တီးက ဘာများထူးခြားချက်တွေရှိနေလို့လဲ ဘုန်းတော်ကြီး"

"တစ်ချက်တည်းရှိတယ်"

"အဲ... ဒီတစ်ချက်တည်းက ဘာလဲ"

ဘုန်းကြီးက ဘေးဘီဝဲယာကိုတစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် အသံကိုနှိမ့် လေးနက်စွာဖြင့်ဆိုသည်။

"ဒီပတ်တီးက ရက်ကူးချန်ရဲ့ကိုယ်ပေါ်ကနေ ဖြေလာတဲ့ပတ်တီးကွ"

လုရှောင်ဖုန့်၏မျက်လုံးအစုံ ချက်ချင်းတောက်ပလာ၏။

ညစ်ပတ်ပေရေနေသောပတ်တီးမှာ ယခု သူ့မျက်စိထဲတွင် အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိနေလေပြီ မဟုတ်လား။

ဘုန်းကြီးက....

"ငါက ငါ့ရန်သူတွေရဲ့ရန်ကိုရှောင်ချင်လို့ နေပြည်တော်ကို လာပြီး လူသူနည်းပါးတဲ့မြို့ပြင်နားက ဘုရားကျောင်းမှာ သီတင်း သုံးနေတယ်"

"ဒီလိုဆိုရင် ရက်ကူးချန်က ဟိုမှာရှိနေခဲ့တာပေါ့ ဟုတ်လား ဘုန်းတော်ကြီး"

"သူက ဒီနေ့ညနေပိုင်းမှရောက်လာတာ... ငါသီတင်းသုံးတဲ့ ဘုရားကျောင်းက လူသူအရောက်အပေါက်နည်းတော့ သူရောက် လာတဲ့အခါ ငါတောင်အံ့ဩသွားမိတယ်"

"သူတစ်ယောက်တည်း ရောက်လာတာလား"



ဘုန်းကြီးက ခေါင်းညိတ်ပြလိုက်ပြီး....

"သူရောက်လာတုန်းက ငါက သူ့ကိုပေ့ရွှင်ဂိုဏ်းချုပ် ရက် ကူးချန်မှန်း မသိဘူး"

"နောက်ပိုင်းတော့ သူ့ကိုရက်ကူးချန်မှန်း ဘယ်လိုသိသွား သလဲ"

"သူရောက်လာပြီးတဲ့နောက် အခန်းထဲမှာပဲ တံခါးပိတ်ပြီး နေတယ်၊ နာရီဝက်လောက်ကြာတိုင်း သူက ငါ့ကိုရေတစ်ပုံးယူပေးဖို့ အကူအညီတောင်းတယ်"

တကယ်တော့ ဘုန်းကြီးသည် သိုင်းလောကသားတစ်ဦး ဖြစ်၍ သူ့အား ရေခပ်ခိုင်းသူသည် ဒဏ်ရာဆေးကြောဖို့ ရေခပ်ခိုင်း ကြောင်း ချက်ချင်း သတိပြုမိသွားသည်။

"သူက ငါ့ကိုရေအသစ် ခပ်ယူခိုင်းရုံမကဘူး... ငါ့ကို ပတ် တီးအသစ်သွားဝယ်ခိုင်းသေးတယ်၊ နောက်ပြီး ဒီဆီစိမ်စက္ကူပတ် ထားတဲ့ အထုပ်ကိုပေးပြီး မြေကြီးထဲမှာ မြုပ်ခိုင်းလိုက်တယ်"

ရက်ကူးချန်သည် ဤချောင်ထဲရှိ ဘုရားကျောင်းတွင် သီ တင်းသုံးနေသောဘုန်းကြီးမှာ သိုင်းလောကသားတစ်ဦးမှန်း လုံးဝမ ထင်မိခဲ့ချေ။ သာမန်ရိုးရိုးဘုန်းကြီးတစ်ပါးဟုသာ အထင်ရှိခဲ့ပါန်တူ သည်။

"နောက်ပြီး ငါလဲ မြို့ထဲဝင်ပြီးပတ်တီးသွားဝယ်တော့မှ ရက်

ကူးချန်တစ်ယောက် ထန်မျိုးတို့ရဲ့ လျှို့ဝှက်လက်နက် အဆိပ်ထိမှန်ခဲ့တဲ့အကြောင်း သိလိုက်ရတော့တယ်၊ နောက်ပြီးချွန်းဝါစားသောက်ဆိုင်မှာ ထန်ထင်းရိကိုဓားနဲ့ထိုးသွားခဲ့တဲ့အကြောင်းကိုလဲ ကြားသိခဲ့ရပြန်တယ်"

ထို့ကြောင့်ဘုန်းကြီးသည် ရက်ကူးချန်၏ အဝတ်အစားနှင့် ရုပ်ရည်ကို စုံစမ်းကြည့်လိုက်သောအခါ ဤဘုန်းကြီးကျောင်းတွင်ခိုအောင်းနေသောလူနှင့် တစ်ပုံစံထဲမှန်းသိသွား၍ ထိုလူမှာ ရက်ကူးချန်မှန်း သိသွားခြင်းဖြစ်လေသည်။

လုရှောင်ဖုန့်မှာ သက်ပြင်းချလိုက်၏။ ရက်ကူးချန်ကို မြို့ထဲတွင်ရှာဖွေ၍မတွေ့ရခြင်းမှာ ရက်ကူးချန်မှာ မြို့ပြင်သို့ရောက်နေခြင်းကြောင့်ဖြစ်၏။

သူက သူ့ကိုယ်တွင်ဒဏ်ရာရရှိနေကြောင်းကို တခြားလူအား အသိမပေးလိုခဲ့ပေ။

ခြသေ့်သော်မှဒဏ်ရာရလျှင် မိမိဘာသာတောနက်ထဲဝင်ပြီးပုန်း၍ ကုသလေ့ရှိ၏။ နို့မို့လျှင် တောခွေးများကပင် သူ့ကိုကိုက်သတ်ပစ်ပေလိမ့်မည်။

လုရှောင်ဖုန့်၏ရင်မှာ လေးလံလာ၏။ သူက ရက်ကူးချန်ကိုအားကိုး၍ အိုရန်ချင်း၏အဆိပ်ကိုဖြေရန် အကူအညီတောင်းရန် လာခြင်းဖြစ်၏။



သို့သော် အခု ရက်ကူးချန်ကိုယ်တိုင်က အဆိပ်တက်နေပြီ။

လုရှောင်ဖုန့်က တွေဝေ၍ရုတ်တရက်....

"ဘုန်းတော်ကြီး သီတင်းသုံးနေတဲ့ဘုရားကျောင်းက ဘယ် မှာလဲ"

"မင်းက ကိုယ်တိုင် သူ့ကိုသွားတွေ့ချင်လို့လား"

လုရှောင်ဖုန့်က ခေါင်းညိတ်၍ ဖြည်းညင်းစွာဖြင့်....

"တပည့်တော်နဲ့သူဟာ နှစ်ခါလောက်ပဲ တွေ့ဖူးခဲ့ပေမယ့် သူ့ကို တော့ တပည့် တော်က မိတ်ဆွေတစ်ယောက်လို့သတ်မှတ်ထား ပါတယ်"

လုရှောင်ဖုန့် သိ၏။ ရက်ကူးချန်သည် ယခုအချိန်တွင် သူငယ်ချင်းအကူအညီ အလွန်လိုအပ်နေလေပြီ။

ဤလိုအချိန်တွင် သူငယ်ချင်းကောင်းတစ်ယောက်မှာ ရက်ကူးချန်အဖို့ အဆိပ်ဖြေဆေးထက် ပို၍ အရေးတကြီးလိုအပ်နေ၏။

သစ္စာမှန်
ပါမောက္ခနှင့် စာအုပ်ချုပ် လုပ်ငန်း
ပိုက်ကျိုး၊ မန္တလေး။

(ခြောက်)

ရက်ကူးချန်မှာ တိတ်ဆိတ်ခြောက်သွေ့သော အခန်းတွင်းရှိ အေးစက်သော ကုတင်ပေါ်တွင် လဲလျောင်းလျက်ရှိနေ၏။

သူသည် လွန်စွာ ပင်ပမ်းနွမ်းနယ်လျက်ရှိသော်လည်း အဘယ်သို့မျှ အိပ်မပျော်အောင်ဖြစ်နေမိသည်။

သူသည် အမြဲတမ်း တစ်ကိုယ်တည်း အထီးကျန်နေတတ်သော အလေ့အကျင့် ရှိနေ၏။

သူလို ဓားသမားမျိုးသည် မွေးကတည်းက လူသားများနှင့် ကင်းကွာရမည့်ဓာတာပါလာဟန်တူသည်။



သူ့အဖြစ်က ဟိမဝန္တာတောင်တွင် တရားဓမ္မ ကျင့်ကြံ့အားထုတ်နေသော ယောဂီများနှင့် တူနေ၏။

တရားဓမ္မကျင့်ကြံသူတို့မှာ သံယောဇဉ်နှောင်ကြိုးအားလုံးကို ဖြတ်တောက်ထားရသည်။ ဓားသိုင်းသမားသည်လည်း ထိုနည်းလည်းကောင်း။

အချစ်၊ မေတ္တာစသည့် သမုဒယသံယောဇဉ်နှင့် ဓားသိုင်းကို ဒွန်တွဲထား၍မရ။ ပြဒါးတစ်လမ်း သံတစ်လမ်းအနေဖြင့် သတ်မှတ်ထားရသည်။

ဓားသမားတစ်ယောက်ဘဝတွင် သူ့ဓားသာလျှင် အဖော်မွန်ဖြစ်သည်။

ယခုရက်ကူးချန်၏ဒဏ်ရာက ပုပ်ပွလာလေပြီ။ သူ့အဖြစ်က မုဆိုး၏လက်မှလွတ်မြောက်ရန် ထွက်ပြေးနေရသောမြေခွေးနှင့် တူသေးတော့၏။

ဒီအဖြစ်မျိုးကို ရက်ကူးချန် လုံးဝမလိုလား။ သို့သော် သူ အောင့်အီးသည်းခံရပေဦးမည်။

ကိုးလဆယ်နှင့်ငါးရက်နေ့အထိတော့ အောင့်အီးသည်းခံရပေမည်။

ယခုကဲ့သို့ ကျဉ်းထဲကျပ်ထဲရောက်နေချိန်တွင်မှ ရက်ကူး

ချန်တစ်ယောက် သူ့ဘဝတွင် သူငယ်ချင်းကောင်းလိုအပ်ကြောင်း စိတ်ထဲ မှ ရုတ်တရက် ခံစားလာရသည်။

ယင်းသို့ခံစားမိသည်နှင့်အမျှ သူဖြတ်ကျော်လာခဲ့ရသောအတိတ်ဖြစ်စဉ် အတော်များများကို သတိရလာမိသည်။

သူငယ်စဉ်က နေ့စဉ်ဓားသိုင်းလေ့ကျင့်ခဲ့ပုံ၊ မိမိ၏ရန်သူများက မိမိ၏ဓားသိုင်းအောက်တွင် တစ်ယောက်ပြီးတစ်ယောက် အသက်ပျောက်ခဲ့ရပုံ....။

အတွေးဆိုသည်က တွေးလေ ကျယ်ပြန့်လေလေဖြစ်ရာ ရက်ကူးချန်တစ်ယောက် ယခုမူ အတွေးကမ္ဘာထဲဝယ် လွင့်လူးမျောပါ လျက် ရှိနေမိပြီဖြစ်ပါ၏။

ဒဏ်ရာမှပြီပုပ်များ ယိုထွက်လာပြန်၏။

သူက ပတ်တီးကောင်းကိုလဲပြီး ရေသန့်သန့်ဖြင့် ဆေးကြောလိုက်ရန် စဉ်းစားလိုက်၏။

သို့သော် သည်သို့လုပ်လျှင် ရေငတ်လွန်းသူ ပင်လယ်ရေသောက်သလို အန္တရာယ်များလှကြောင်း စဉ်းစားမိပြန်သည်။



ထန်မျိုးတို့၏အဆိပ်လက်နက်ကား အလွန်ကြောက်စရာကောင်းသောလျှို့ဝှက်လက်နက်၊ အလွန်ကြောက်စရာကောင်းသောအဆိပ်ပါလား။

ဒါကြောင့်လည်း သူတို့၏အဆိပ်လက်နက်က နာမည်ဟိုးဟိုးကျော်နေပေသကိုး။

ရက်ကူးချန်သည် ကုတင်ပေါ်တွင် လဲလျောင်းနေရာမှ အား တင်း၍ ထထိုင်လိုက်၏။

ထို့နောက် ကိုယ်ကို တဖြည်းဖြည်းရွေ့ရင်း ကုတင်ပေါ်မှ ဆင်းလိုက်မည်ပြုစဉ် အပြင်ဘက်မှလေတိုးသံတစ်ချက် ကြားလိုက်ရ၏။

သာမန်လေတိုးသံမဟုတ်မှန်း သူသိသည်နှင့်အတူ ခုံပေါ်တွင် တင်ထားသောဓားက လျှပ်တစ်ပြက်ပင် သူ့လက်ထဲ ရောက်ရှိသွား၏။

သူ၏လှုပ်ရှားမှုက မြန်ဆန်နေဆဲပင်။

"ဟဲ... ဟဲ... ဓားကိုထုတ်ဖို့ မလိုပါဘူးဗျ"

သူမည်သို့မျှ ပြန်မဖြေမီ အပြင်ဘက်မှလူက ဆက်ဆိုပြန်သည်။

"အရက်ရှိရင်တော့ အရက်ပဲ ထုတ်လိုက်ပါ"

ရက်ကူးချန်က ဓားကိုစားပွဲပေါ်ပြန်ချထားလိုက်၏။ အကြောင်းမူ ထိုအသံကို သူကောင်းစွာ ကျက်မှတ်မိနေခြင်းကြောင့်ပင်ဖြစ်ပါ၏။

အသံရှင်ကား လုရှောင်ဖုန့်ကလွဲလျှင် မည်သူဖြစ်နိုင်ပါဦးမည်နည်း။

ရက်ကူးချန်က ကုတင်ထက်မှကြိုးစားဆင်းသည်။ နောက် ဖယိုဖရဲဖြစ်နေသော အင်္ကျီအဝတ်အစားများကို ပြင်ဝတ်ပြီး တံခါးဖွင့်ပေးလိုက်၏။

လုရှောင်ဖုန့်က သူ့ကိုပြုံးလျက်ကြည့်ရင်း....

"ငါလာမယ်လို့ မင်းထင်မိရဲ့လား"

ဟု မေးသည်။

ရက်ကူးချန်က ပြန်မဖြေ။ ကုလားထိုင်တွင် အသာအယာထိုင်ချလိုက်၏။

ပြီးမှ....

"မင်း ဒီနေရာကိုမလာသင့်ဘူး၊ ဒီမှာ မင်းအတွက် အရက်လုံးဝမရှိဘူး"

လုရှောင်ဖုန့်က ပြုံးလျက်....

"ဒါပေမယ့် ဒီမှာသူငယ်ချင်းတစ်ယောက်တော့ ရှိတယ်မဟုတ်လား"

သူငယ်ချင်း....။

ထိုစကားလုံးသည် အလွန်ပြင်းသောအရက်ကဲ့သို့ ရက်ကူးချန်၏လည်မျိုမှတစ်ဆင့် သွေးကြောထဲသို့ ပူနွေးစွာ စီးဆင်းသွား၏။

သူ့ရင်မှာ ဗလောင်ဆူသွား၏။ သူ၏တင်းမာသောမျက်နှာထားမှာလည်း ချက်ချင်းနူးညံ့ပျော့ပျောင်းလာ၏။ မှေးမှိန်နေသောမျက်ဝန်းအစုံလည်း ရွှန်းလက်တောက်ပလို့လာသည်။

လူတစ်ယောက်ဒုက္ခခံစားနေရချိန်တွင် မိမိနှင့်အတူ မိမိအားကိုးအားထားလောက်သော သူငယ်ချင်းကောင်းတစ်ဦးရှိနေပါသေးလားဟု သိလိုက်ရသောခံစားချက်က မည်သည့်ခံစားချက်နှင့်မျှ နှိုင်းယှဉ်၍မရကြောင်း ခံစားဖူးသူတိုင်း နားလည်ကြပေလိမ့်မည်။

ရက်ကူးချန်၏ရင်ထဲဝယ် လွန်စွာ ချိုမြသောခံစားမှုမျိုးပြန့်လှိုင်၍သွားပြီဖြစ်ပါ၏။

ရက်ကူးချန်က ပီတိရွှန်းဝေသောမျက်ဝန်းအစုံဖြင့် လုရှောင်ဖုန့်အား ကြည့်ရင်း....

"မင်း ဒီကိုဘာကိစ္စနဲ့လာတာလဲ"

ဟု မေးသည်။

လုရှောင်ဖုန့်က သက်ပြင်းချလျက်....

"မင်းတို့နှစ်ယောက်ရဲ့ တိုက်ပွဲမရောက်ခင်မှာ ထန်မျိုးအိမ်က လူတွေနဲ့ရန်မဖြစ်သင့်ဘူး၊ သူတို့ရဲ့ လျှို့ဝှက်လက်နက်အဆိပ်ဟာ တကယ့်ကိုဖြေဆေးမရှိဘူးဆိုတာ မင်း အခုလက်တွေ့သိရပြီ မဟုတ် လား"

ရက်ကူးချန် မျက်နှာကွက်ခနဲ ပျက်သွားသည်။

ထို့နောက် အံ့သြသံဖြင့်....

"မင်းသိတဲ့ကိစ္စတွေ မနည်းပါလား"

ရက်ကူးချန်ကပင် ဆက်၍....

"တကယ်တော့ ငါကိုယ်၌က သူတို့နဲ့မတိုက်ခိုက်ချင်ပါဘူးကွာ"

"ဒါဖြင့် ဘယ်လိုကြောင့်...."

"သူက ငါ့ကိုသက်သက်ရန်လာရှာတာကွ... သူက ငါ့ကိုဓား ဆွဲထုတ်ခိုင်းတယ်၊ နောက်ပြီး ငါ့ကိုမခံချင်အောင်စွပ်စွဲကိုက်သေးတယ်၊ သူမရှိတုန်းမှာ သူ့မိန်းမကို ငါမတရားပြုကျင့်ခဲ့တယ်တဲ့"

လုရှောင်ဖုန့်က ကြားဖြတ်၍....

"မင်းဟာ ဒီလိုလုပ်မယ့်လူစားမျိုး မဟုတ်ပါဘူး"

ရက်ကူးချန်က မချိပြုံးတစ်ချက်သာ ပြုံးသည်။

လုရှောင်ဖုန့်ကပင် ဆက်၍....



"မင်းမလုပ်တဲ့နောက် ဘာဖြစ်လို့ မင်းက သူ့ကိုရှင်းမပြရတာလဲ"

"ဒီမှာလုရှောင်ဖုန့်... တကယ်လို့ ငါ့နေရာမှာ မင်းဆိုရင် မင်း သူ့ကိုရှင်းပြမှာလား"

ရက်ကူးချန်က မေးလိုက်၏။

လုရှောင်ဖုန့် ပြန်မဖြေနိုင်။ သက်ပြင်းသာချသည်။

သူ ဝန်ခံပါသည်။ ဤလိုပြဿနာမျိုးဆိုသည်က သွေးပူနေစဉ်ရှင်းပြ၍ ရစကောင်းသောအရာမဟုတ်။ ရှင်းပြသော်မှလည်း လက်ခံမည်မဟုတ်။

"ဒါပေမယ့် ငါ နားမလည်တာတစ်ခုရှိတယ် ရက်ကူးချန်... မင်းရဲ့ဓားသိုင်းအစွမ်းနဲ့ဆိုရင် ထန်ထင်းရိဟာ လက်လှုပ်နိုင်တဲ့အခွင့်အရေးတောင်ရှိမှာမဟုတ်ဘဲနဲ့... အခုလို...."

လုရှောင်ဖုန့် စကားမဆုံးမီ ရက်ကူးချန်က ကြားဖြတ်၍...

"မင်းပြောတာ မှန်ပါတယ်"

"ဒါဖြင့် မင်း ဘယ်လိုလုပ်ပြီး ဒဏ်ရာရသွားတာလဲ"

ရက်ကူးချန်က လက်နှစ်ဖက်ကိုတင်းကျပ်စွာ ဆုပ်ကိုင်၏။

အတန်ကြာမှပင် အခဲမကျေသောအသံဖြင့်....

"ဟုတ်တယ်... အမှန်ဆိုရင် သူ့မှာလက်လှုပ်နိုင်တဲ့အခွင့်အ

ရေး မရှိဘူး… ဒါပေမယ့် ငါ ဓားဆွဲထုတ်လိုက်တဲ့အချိန်မှာ ရုတ်တရက် ထူးဆန်းတဲ့ပလွေသံတစ်ချက်ကို ကြားလိုက်ရတယ်"

လုရှောင်ဖုန့် မျက်နှာချက်ချင်းပျက်သွားပြီး….

"ဒါဆိုရင် မင်းက မြွေဆိုးတစ်ကောင်ကို ပလွေသံကြားကြားခြင်း တွေ့လိုက်တာပေါ့"

ရက်ကူးချန်က ဆတ်ခနဲ မျက်နှာမော့၍…

"မင်း ဘယ့်နှယ့်လုပ်သိလဲ"

လုရှောင်ဖုန့်က လက်သီးနှစ်ဖက်ဆုပ်၍ မချင့်မရဲဟန်ဖြင့်…

"ဒီနေ့ တစ်နေ့တည်းမှာပဲ ငါ့ရဲ့သူငယ်ချင်းနှစ်ယောက်ဟာ ဒီလို မြွေဆိုးရဲ့လက်ချက်နဲ့သေခဲ့ရပြီ၊ နောက်တစ်ယောက်က ကုတင် မှာ အခုလဲနေတယ်၊ သေမလား ရှင်မလားတောင်မသိဘူး"

ရက်ကူးချန် စိတ်မောသွား၏။ သူတို့နှစ်ဦးစလုံး သဘောပေါက်ကြပြီ။

ဤကိစ္စတွင် တစ်စုံတစ်ဦးက နောက်ကွယ်မှနေ၍ ကြိုးကိုင် နေပြီဖြစ်ကြောင်းကိုပင်။ ထိုသူ မည်သူနည်း။

အဘယ့်ကြောင့် သူတို့အား လိုက်ပြီး လုပ်ကြံနေရသနည်း။

လုရှောင်ဖုန့်က အတန်ကြာစဉ်းစားလိုက်ပြီးမှ ဖြည်းညင်းစွာဖြင့်….



"မင်း ဒဏ်ရာရလို့ရှိရင် အကျိုးအရှိဆုံးလူကတော့ စီးမင်းချွေးရှက်ပဲကွ"

ရက်ကူးချန်က ခေါင်းညိတ်ဝန်ခံလိုက်၏။

"ဒါပေမယ့် မင်းကိုလုပ်ကြံတဲ့လူက စီးမင်းချွေးရှက်တော့ မဟုတ်ဘူး"

"ငါသိပါတယ်… စီးမင်းချွေးရှက်က ဒီလိုကလိမ်ဉာဏ်များတဲ့လူမျိုး မဟုတ်ပါဘူး"

"မင်းက သူမဟုတ်ဘူးဆိုတာ တကယ်ယုံတယ်နော်"

"ဒီလိုကောက်ကျစ်ယုတ်မာတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ စီးမင်းချွေးရှက်လို မြင့်မားနက်နဲတဲ့ ဓားသိုင်းကို ရောက်အောင်ကျင့်နိုင်မှာမဟုတ်ဘူး"

လုရှောင်ဖုန့်က သက်ပြင်းချလိုက်လေသည်။ သူက ရက်ကူး ချန်ကိုကြည့်ရင်း….

"မင်းတို့နှစ်ယောက်ကတော့ တကယ်ပဲစိတ်ဓာတ်ရော… ဓားသိုင်းပညာမှာရော တူညီပါပေတယ်"

ဒီဓားနှစ်လက်က ထိပ်သီးဓားများဖြစ်ကြ၏။ ထို့ကြောင့် သူတို့က တစ်ယောက်အကြောင်းကိုတစ်ယောက် နှောကြေအောင် သိနေ၏။

"ငါ့ဘက်ကနေကြေးကြီးပေးပြီး လောင်းတဲ့လူတွေအများကြီးရှိတယ်လို့ ငါကြားရတယ်"

ရက်ကူးချုန်က ရုတ်တရက် မေးလာသည်။

လုရှောင်ဖုန့်က မဲ့ပြုံးကလေးဖြင့်....

"မင်းဘက်ကနေပြီး ခုနစ်လေး တစ်လေးပေးပြီး လောင်းတဲ့လူတောင်ရှိတယ်"

ရက်ကူးချုန်၏မျက်ဝန်းစုံ အရောင်တောက်လာပြီး....

"စီးမင်းချွေးရှက်ဘက်က လောင်းတဲ့လူလဲရှိမှာပါကွာ"

"မင်းပြောတာ မှန်တယ်"

"ဩော်.. တကယ်လို့ရှုံးခဲ့ရင် စီးမင်းချွေးရှက်ဘက်ကနေ လောင်းတဲ့လူဟာ တကယ့်သူဌေးကြီးဖြစ်သွားမှာပေါ့"

"မင်းထင်တာက မင်းကိုလုပ်ကြံတဲ့လူဟာ စီးမင်းချွေးရှက်ဘက်ကနေ လောင်းတဲ့လူလား"

"မင်းက မဟုတ်ဘူးလို့ထင်တာလား"

လုရှောင်ဖုန့် ပါးစပ်ပိတ်လိုက်၏။ သူ့နှုတ်မှမပြောသည့်တိုင် စိတ်ထဲတွင်တော့မဟုတ်ဘူးဟု ပြောနေ၏။

အကြောင်းကား ကန့်လန့်ကာ၏နောက်ကွယ်တွင် ပုန်းနေသောသူမှာ ကွေးစွန်း၊ ကုံးစွန်းမမနှင့် အိုရန်ချင်းတို့ကိုပါ လုပ်ကြံခဲ့၏။



သူ့တွင် ဒီငွေလေးအနိုင်ရဖို့အတွက် သက်သက်ချည်းတော့ မဖြစ်နိုင်။

သူ့တွင် ဒီထက်ကြောက်စရာကောင်းသောအကြံအစည် ရှိရပေမည်။

ရန်ကူးချုန်က ပြတင်းပေါက်နားသို့ဖြည်းညင်းစွာ လျှောက်သွားပြီး မိုးယံထက်မှလမင်းကြီးကိုမော့ကြည့်ရင်း တီးတိုးလေသံဖြင့် ဆိုသည်။

"အခုလောက်ဆိုရင် ကိုးလဆယ့်လေးရက်နေ့ကိုရောက်ပြီပေါ့နော်"

"မင်းက ပြိုင်ပွဲကိုသွားဦးမလို့လား"

ရက်ကူးချုန်က အေးစက်စွာဖြင့် တစ်လုံးချင်းပြောသည်။

"ငါလိုလူက ကတိဖျက်တတ်တဲ့လူလို့ မင်းထင်နေသလား"

"ဒါပေမယ့် မင်းရဲ့ဒဏ်ရာ..."

ရက်ကူးချုန်က တစ်ချက်ရယ်လိုက်ပြီး ဆွေးမြေ့သောအပြုံးဖြင့်....

"ငါ့ရဲ့ဒဏ်ရာကိုကုဖို့ ဆေးမရှိတော့ပါဘူး... ငါသေရတော့မှာပါပဲ... သေရမယ့်အတူတူ စီးမင်းချွေးရှက်ရဲ့ဓားအောက်မှာသေရ

တာကပိုပြီး ကောင်းပါတယ်ကွာ"

"မင်း... မင်းတို့ရက်ကို ထပ်ပြောင်းရွှေ့လို့ရသားပဲ"

"မရတော့ဘူး"

"ဘာဖြစ်လို့လဲ... မင်းတို့ တစ်ခါပြောင်းခဲ့သေးတယ်မဟုတ်လား"

"အဲဒီအချိန်တုန်းက အထူးအရေးအကြောင်းရှိခဲ့လို့သာ ရွှေ့ပြောင်းတာ"

"ဘာအကြောင်းလဲ"

ရက်ကူးချန်က ငြိမ်သွားပြန်၏။ သူက အပြင်ဘက်သို့ငေးမော၍ ကြည့်ရှုလိုက်၏။ လုရှောင်ဖုန်လည်း ငြိမ်သက်စွာ စောင့်ဆိုင်းနေ၏။

အတန်ကြာတော့မှပင် သူက တစ်လုံးချင်းပြောချလိုက်သည်။

"မင်း သိမလားတော့ မသိဘူး... သူဟာ ကလေးအဖေဖြစ်တော့မှာဆိုတာကို"

လုရှောင်ဖုန်က မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် ရုတ်တရက် ထခုန်လိုက်၏။ ပြီးနောက်မှ လွှတ်ခနဲ ပြန်မေးလိုက်၏။



"မင်း ဘာပြောတယ်"

ရန်ကူးချန်က ထပ်၍မပြောတော့ချေ။

လုရှောင်ဖုန်တစ်ယောက် ထိုစကားကို အသေအချာကြားလိုက်၏။

သို့သော် မယုံကြည်နိုင်လွန်း၍သာ ထိုသို့ထပ်မေးလိုက်ခြင်း ဖြစ်သည်မဟုတ်ပါလား။

လုရှောင်ဖုန်က သေချာအောင် ထပ်မေးလိုက်ပြန်သည်။

"မင်းပြောလိုက်တာက စီးမင်းချွေးရက်မှာ ကလေးတစ်ယောက်ရတော့မယ်ဆိုတာလား"

ရက်ကူးချန်က ခေါင်းညိတ်ပြလိုက်၏။

"ဘုရားရေ... စွန်းရှုကျင်းဟာ တကယ်ပဲ ကိုယ်ဝန်ရှိနေပြီပေါ့"

ရက်ကူးချန်က ဒုတိယအကြိမ် ခေါင်းညိတ်လိုက်ပြန်၏။

လုရှောင်ဖုန့် အံ့အားအသင့်ကြီး သင့်သွားလေပြီ။

စီးမင်းချွေးရက်သည် သူသေကိုယ်သေ အသက်လုပွဲဆင်နွှဲလုလုအချိန်တွင် သူ၏ဇနီးသည်၌ ကိုယ်ဝန်အရင့်အမာရှိနေခဲ့၏။ ထိုအချိန်တွင် သူဘယ်သို့ခံစားရမည်နည်း။

လုရှောင်ဖုန့်က စာနာခြင်းများစွာဖြင့် သဘောပေါက်သွား

၏။

"ဒါကြောင့် သူက မင်းကိုရက်ရွှေ့ဖို့ပြောတာကိုး... ဒါမှသူက ဒီကြားမှာ စွန်းရှုကျင်းရဲ့နောင်ရေးကို စီမံပေးနိုင်တာပေါ့"

"ဟုတ်တယ်... သူဟာ တာဝန်ကျေတဲ့ ယောက်ျားကောင်းတစ်ယောက်ပါ... သူ့မှာရန်သူတွေ ဝိုင်းရံလျက်ရှိနေတယ်ဆိုတာ သူ သိတယ်... ဒါကြောင့်...."

"ဒါကြောင့် ဒီတစ်လအတွင်းမှာ သူက စွန်းရှုကျင်းကို လူတွေလုံးဝရှာမတွေ့နိုင်တဲ့နေရာမှာပို့ထားဖို့ စီစဉ်ထားလိုက်တယ်ပေါ့"

လုရှောင်ဖုန့်က ရက်ကူးချန် ဆက်ပြောမည့်စကားကိုဝင်ပြောလိုက်သည်။

ရက်ကူးချန်က ခေါင်းညိတ်ဝန်ခံရင်း....

"တကယ်လို့ မင်းသာ ငါ့နေရာမှာဆိုရင် မင်းသဲ့ဘောတူပါ့မလား"

လုရှောင်ဖုန့်က ရက်ကူးချန်၏အမေးကြောင့် သက်ပြင်းချလိုက်၏။ အခုမှ သူသဘောပေါက်တော့သည်။

စီးမင်းချွေးရက် ဘာကြောင့် ရုတ်တရက် ပျောက်ကွယ်သွားရသည်ကို သူဆက်စပ် တွေးကြည့်လို့ရလေပြီ။

"မင်းတို့က ရှစ်လဆယ့်ငါးရက်ကနေ ကိုးလဆယ့်ငါးရက်ကို ပြောင်းလိုက်တယ်... နေရာကကော ပြောင်းသေးသလား"



ရက်ကူးချန်ကား အတန်ကြာတွေဝေနေပြီးမှ ဖြည်းညင်းစွာဖြေသည်။

"နေရာကတော့ နန်းတွင်းမှာပါ"

လုရှောင်ဖုန့်ကကြားလိုက်သည့်စကားကြောင့် တုန်လှုပ်သွားပြီး....

"နန်းတွင်းမှာ ဘုရင်ရဲ့နန်းတော်မှာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

လုရှောင်ဖုန့်က အလန့်တကြားနှင့်ထပ်မေးလိုက်သည်။

"မင်းတို့က နန်းတော်ကြီးရဲ့ခေါင်မိုးမှာပြိုင်ကြမလို့လား"

"ဟုတ်တယ်... နန်းတော်ထဲက အမြင့်ဆုံးအဆောင်ဖြစ်တဲ့ တိုက်ဟိုဆောင်ရဲ့အမိုးမှာပြိုင်ကြမယ်"

တိုက်ဟိုဆောင်သည် နန်းတော်ထဲ၌ အမြင့်ဆုံး အဆောင်ဖြစ်၏။

ခေါင်မိုးပေါ်တွင် အလွန်ချောမွေ့သော မှန်စီပြားဖြင့် ခင်းထား၏။

အပေါ်သို့ရောက်အောင်တက်ရန်မှာ မိုးပေါ်သို့တက်နေရသလို ခက်ခဲလှ၏။

ထို့ပြင် တိုက်ဟိုဆောင်သည် ဘုရင်ကြီးက မှူးမတ်ကြီးများ၊ ဝန်ကြီးများအား ညီလာခံဆင့်ခေါ်သော ခန်းမဆောင်ကြီးဖြစ်၍ သက်တော်စောင့်တပ်သားများအထူး တင်းကျပ်စွာ ချထားသောနေရာဖြစ်၏။

ဒီနေရာထက် အစောင့်အကြပ် တင်းကျပ်သောနေရာဟူ၍ မရှိတော့ပေ။

သူတို့နှစ်ဦးသည် ကပ်သီးကပ်သပ် ဒီနေရာကိုမှ ဘာကြောင့်ရွေးချယ်ရသည်ကို လုရှောင်ဖုန့် မစဉ်းစားတတ်အောင်ဖြစ်နေမိသည်။

လုရှောင်ဖုန့်က သက်ပြင်းချ၍....

"မင်းတို့က မစွန့်စားလွန်းဘူးလား"

"မင်းသာ ကြောက်တတ်မယ်ဆိုရင် မသွားနဲ့ပေါ့"

သူတို့နှစ်ဦး ဘာကြောင့် သည်နေရာကိုရွေးချယ်ရသည်ကို လုရှောင်ဖုန့်က ထိုအခါကျမှ သဘောပေါက်၍သွားသည်။

"ဪ... မင်းတို့ ဒီနေရာကိုရွေးတာက မင်းတို့ရဲ့ပြိုင်ပွဲကို သူများတွေကို မပေးကြည့်စေချင်လို့ပဲပေါ့ ဟုတ်လား"

"ဟုတ်တယ်... ငါတို့ရဲ့ပြိုင်ပွဲကို သူများတကာတွေကို ပေးကြည့်ဖို့မဟုတ်ဘူး"



"ဒါနဲ့မင်းတို့ရဲ့ပြိုင်ပွဲက တကယ်တော့ ဘာအတွက်ကြောင့်လဲကွ"

ထိုအမေးကိုမူ ရက်ကူးချန်က တုံးတိတိဖြေလိုက်သည်။

"သူက စီးမင်းချွေးရှက်ဖြစ်နေလို့... ငါက ရက်ကူးချန်ဖြစ်နေလို့"

ယင်းစကားသည် တကယ်တော့ အဖြေမဟုတ်ပေ။ သို့သော် ရက်ကူးချန်ပြောသည်က ရှင်းလင်းနေသည်။

စီးမင်းချွေးရှက်နှင့် ရက်ကူးချန်မှာ ဂူတစ်ဂူထဲတွင်ရောက်ရှိနေသော ခြသေ့ံနှစ်ကောင်လို ဖြစ်နေ၏။

တစ်ယောက်မကျမချင်း သူတို့နှစ်ယောက်၏ပြဿနာကဆက်လက်၍ ဒွိဟာအခြေအနေ၌ ရှိနေပေဦးမည်။

ယင်းပြဿနာမှာ ဓားသိုင်းမှာ ရက်ကူးချန် အတော်ဆုံးလား စီးမင်းချွေးရှက် အတော်ဆုံးလားဟူ၍ပင် ဖြစ်ပါ၏။

ညမှာ ပို၍နက်ရှိုင်းလာလေပြီ။

ရက်ကူးချန်နှင့် လုရှောင်ဖုန့်တို့၏ စကားဝိုင်းသည်မှ အရှိန်

ကောင်းနေဆဲ။

"အခု မင်းသိချင်တဲ့ကိစ္စတွေ အားလုံးသိပြီပဲ... မင်း ဘာဖြစ်လို့ မသွားသေးကာလဲ"

လုရှောင်ဖုန့်က နောက်ဆုံးမေးခွန်းတစ်ခုသာ မေးလိုက်၏။

"မင်းတို့နှစ်ယောက်ရဲ့ပြိုင်ပွဲကိစ္စကို ငါ့အပြင် အခြားဘယ်သူတွေ သိထားသေးသလဲ"

ရက်ကူးချန်က အေးစက်စွာဖြင့် ဖြေလိုက်သည်။

"ငါ ဘယ်သူ့ကိုမှ ဒီကိစ္စမပြောဘူး... ငါ့မှာကိစ္စကိုတိုင်ပင်ပြောဆိုလို့ သူငယ်ချင်းဆိုတာ အရင်ကမရှိခဲ့ဘူး"

သူ၏စကားသံမှာ အေးစက်စက်ရှိလှသော်လည်း လုရှောင်ဖုန့်အတွက်မူ သူ၏စကားသည် နွေးထွေးလှ၏။

အကြောင်းမှာ သူက လုရှောင်ဖုန့်အား သူငယ်ချင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်လေပြီ မဟုတ်ပါလား။

●

လုရှောင်ဖုန့်က လီရက်ပေ၏အဆောင်သို့ပြန်ရောက်သောအချိန်တွင် မိုးလင်းလုပြီဖြစ်ပါ၏။



သူသည် အိမ်ရှေ့သို့ လွန်ခဲ့သောနာရီဝက်ခန့်ကပင် ရောက်နေသော်လည်း အခန်းထဲသို့မူ မဝင်ဝံ့ရှာပေ။

အိုရန်ချင်းတစ်ယောက် ယခုအချိန်တွင် ဘယ်သို့သော အခြေအနေတွင်ရှိကြောင်း သူမတွေးဝံ့အောင် ဖြစ်နေလေသည်။

သူသည် အိမ်ရှေ့လမ်းမတွင် ဘယ်နှစ်ခေါက်မျှ လျှောက်နေခဲ့မိမှန်းကိုပင် သူမသိတော့ပေ။

ထိုစဉ် ရုတ်တရက် တံခါးမကြီးပွင့်လာပြီး ထောင်ထောင်မောင်းမောင်းလူတစ်ယောက်က အမှောင်ထဲမှလျှောက်ထွက်လာသည်ကို သူလှမ်းတွေ့လိုက်ရ၏။

ထိုလူမှာ တခြားသူတော့ မဟုတ်ပေ။ လီရက်ပေ ကိုယ်တိုင်ပင် ဖြစ်နေပါ၏။

လီရက်ပေသည် နေ့စဉ်နေ့တိုင်း မနက်စောစောထ၍ ဒီနယ်မြေတစ်ဝိုက် လမ်းလျှောက်ထွက်လေ့ရှိ၏။ ဒီနယ်မြေမှာ သူ၏ပိုင်နက်နယ်မြေ။

သူက ဒီနယ်မြေတွင် ဘုရင်တစ်ဆူလို ဖြစ်နေ၏။ သူက ထိုသို့လှည့်ပတ်၍ လျှောက်လိုက်သောအခါတွင် သူ့ကိုယ်သူဘုရင်ကြီးက တိုင်းခန်းလှည့်လည်နေသလို သူ့စိတ်ထဲတွင် ခံစားချက်များပေါ်လာ၏။

သူလမ်းလျှောက်ထွက်တိုင်း သူ့နောက်တွင် လူတစ်အုပ်က ပါလာလေ့ရှိ၏။

သို့သော် ဒီနေ့တော့ သူ့နောက်တွင် လူတစ်ယောက်မျှမပါလာတော့ချေ။

သူ၏မျက်နှာမှာလဲ ပင်ပန်းနွမ်းနယ်သော အမူအရာမျိုး အထင်းသားပေါ်လွင်နေ၏။

သူသည် လမ်းဘေးသစ်ပင်အောက်တွင် ရပ်နေသော လုရှောင်ဖုန့်ကို ရုတ်တရက် လှမ်းတွေ့လိုက်၏။

"လုရှောင်ဖုန့်"

"ဟုတ်တယ်"

သူသည် ဆီးနှင်းများဖြင့် စိုစွတ်နေသောလုရှောင်ဖုန့်၏ ခေါင်းကိုကြည့်ရင်း....

"ဘုရားရေ... မင်းအပြင်မှာရပ်နေတာ အကြာကြီးရှိပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ အိမ်ထဲကိုမဝင်ရတာလဲ"

လုရှောင်ဖုန့်က အားတင်း၍ပြုံးရင်း....

"ငါ ကြောက်တယ်"



"မင်းကြောက်တယ် ဟုတ်လား... မင်းမှာကြောက်တဲ့အချိန်ရှိသေးလို့လား"

"ရှိတာပေါ့... ရှိသမှ အမြဲတမ်းရှိတာ"

"ဒါဖြင့် မင်းက ဘာကိုကြောက်နေတာလဲ"

သူက လုရှောင်ဖုန့် မဖြေခင်မှာပင် ဆက်၍....

"မင်းက အိုရန်ချင်းကိုတွေ့ရမှာ ကြောက်နေတာလား"

လုရှောင်ဖုန့်က လေးလေးကြီး ခေါင်းညိတ်ပြလိုက်၏။

လီရက်ပေက သူ၏ပခုံးကိုတစ်ချက်ပုတ်လိုက်ပြီး....

"အိုရန်ချင်း အသက်ရှင်နေပါသေးတယ်ကွ... သူရဲ့အဆိပ်က မင်းထင်သလို ဒီလောက်အရေးမကြီးတော့ပါဘူး... ငါတို့က အချိန်မီအဆိပ်ဖြေဆေး တိုက်ထားပါတယ်"

လုရှောင်ဖုန့်က ယခုမှပင် စိတ်ချလက်ချသက်ပြင်းချလိုက်နိုင်တော့၏။

"ဒီနေ့လမ်းလျှောက်ထွက်တာ မင်းတစ်ယောက်တည်းပဲလား"

လီရက်ပေက ခေါင်းညိတ်ပြလိုက်၏။ သူ့မျက်လုံးမှာ ပို၍မှေးမှိန်သွား၏။ သူက ဖြည်းညင်းစွာ ဖြေလိုက်သည်။

"ဒီနေ့ သူတို့မှာ သူတို့ရဲ့ကိုယ်ပိုင်ကိစ္စတွေ လုပ်စရာရှိနေ

ကြတယ်... မအားလပ်ကြဘူး"

"ဒီလိုဆိုရင် မင်းတစ်ယောက်တည်း အပြင်ကိုမထွက်လာသင့်ဘူး"

လီရက်ပေက ဆွေးမြေ့သောအသံဖြင့် တစ်ချက်ရယ်မောလိုက်၏။

လုရှောင်ဖုန့်က ဆက်လက်၍...

"မနေ့ညက အဖြစ်အပျက် မင်းကြုံခဲ့ပြီးပြီပဲ.. ဒီနေ့ဆို ပိုပြီး သတိထားရမှာပေါ့"

လီရက်ပေက ဖြည်းညင်းစွာ လှမ်းလျှောက်ရင်း လမ်းဘေးနှစ်ဖက်ရှိ ဆိုင်ခန်းများကိုကြည့်ရှု၍ တစ်ယောက်ထဲရေရွတ်နေ၏။

"ဆယ့်တစ်နှစ်တိတိ ရှိသွားပြီ... နေ့တိုင်း တစ်ရက်မှ ငါမပျက်ကွက်ခဲ့ဘူး... မနက်တိုင်း ဒီလမ်းအတိုင်း ငါတစ်ပတ်လျှောက်လျှောက်ခဲ့တယ်... ဒီနေ့အထိပဲ"

"ဒါပေမယ့် ဒီကနေ့က...."

လီရက်ပေက ဖြတ်၍...

"အထူးသဖြင့် ငါက ဒီနေ့ဆို ပိုပြီး မပျက်ကွက်သင့်ဘူး"

"ဘာဖြစ်လို့လဲ"

လီရက်ပေက လမ်းဘေးနှစ်ဖက်ရှိ ဆိုင်ခန်းများကိုကြည့်



လိုက်ပြန်၏။

သူမျက်လုံးထဲတွင် နှမြောတသသော ခံစားချက်များ ထင်ဟပ်လျက်ရှိနေ၏။ လွမ်းဆွတ်ဆွေးမြေ့သော အမူအယာများ ပေါ်လွင်နေ၏။

အတန်ကြာတော့မှ သူက ဖြည်းညင်းစွာဖြင့်....

"ဘာဖြစ်လို့လဲဆိုတော့ ငါ့အတွက် ဒီကနေ့ဟာ နောက်ဆုံးအကြိမ် ဒီမှာလမ်းလျှောက်ခြင်းပဲ"

"နောက်ဆုံးအကြိမ် ဟုတ်လား"

လုရှောင်ဖုန့်က တုန်လှုပ်အံ့ဩစွာဖြင့် သူ့ကိုငေးမောကြည့်လိုက်ပြီး....

"ဘာဖြစ်လို့ ဒီနေ့ဟာ မင်းအတွက် နောက်ဆုံးအကြိမ်ဖြစ်ရတာလဲ"

လီရက်ပေက လုရှောင်ဖုန့်၏အမေးကို တိုက်ရိုက်မဖြေတော့ဘဲ ရုတ်တရက် ကောက်ခါငင်ခါ မေးလိုက်၏။

"မင်းက ငါ့ရဲ့သားတွေကို တွေ့ဖူးသလား"

လုရှောင်ဖုန့်က ခေါင်းခါပြလိုက်၏။ သူသည် လီရက်ပေ ဘာကြောင့် ဒီကိစ္စ သူ့ကိုပြောပြနေသည်ကို မသိချေ။

"ငါ့မှာ သားအားလုံးပေါင်း ဆယ့်ကိုးယောက်တောင် ရှိ

တယ်၊ အငယ်ဆုံးတစ်ယောက်က အသက် ၂ နှစ်ပဲ ရှိသေးတယ်၊ သူတို့အားလုံးဟာ ငါ့ရဲ့တကယ့်သွေးရင်းသားရင်းတွေပဲ"

လုရှောင်ဖုန့်က ဘာမျှဝင်မပြောဘဲ ဆက်၍နားထောင်နေလိုက်၏။

လီရက်ပေက....

"ဘဝကိုရုန်းကန်ခဲ့တဲ့ငါဟာ အခုဆို အသက်ငါးဆယ်ရှိသွားပြီ၊ ငါ့အဖို့ ဘာပဲဖြစ်ဖြစ် လောကကြီးကို ဆက်လက်ရင်ဆိုင်ဖို့ ခံနိုင်ရည်ရှိပါသေးတယ်၊ ဒါပေမယ့် ငါ့သားတွေကို ဒုက္ခရောက်တာကိုတော့ ငါလုံးဝမကြည့်ရက်ဘူး"

လုရှောင်ဖုန့်က လီရက်ပေ၏စကားကို သဘောပေါက်သွား၏။

"မင်းရဲ့ဒီနယ်မြေအားလုံး သူများကိုရောင်းလိုက်ပြီလား"

လီရက်ပေက ခေါင်းညိတ်ပြလိုက်ပြီး....

"အစကတော့ ငါလဲ ဒီလိုလုပ်ဖို့ စိတ်မကူးပါဘူး... ဒါပေမယ့် သူတို့ ငါ့ကိုပေးတဲ့အခွင့်အရေးက သိပ်ကောင်းနေလို့ ငါလက်ခံလိုက်တာပါ"

"ဘာ အခွင့်အရေးတွေလဲ"

"သူတို့က ငါနဲ့တုတုန်ကျန်း လောင်းထားတဲ့လောင်းကြေး



ကို သူတို့တာဝန်ယူပေးရုံမကဘူး... ငါ့မိသားစုအားလုံးကိုလဲ တောင်ပိုင်းကို ကောင်းကောင်းမွန်မွန်ရောက်အောင် ပို့ပေးဦးမယ်တဲ့"

လုရှောင်ဖုန့်က သူ့ကိုကြည့်ရင်း သက်ပြင်းချလိုက်လေသည်။

အတန်ကြာမှ သူက....

"မင်း ဘယ်သူ့ကိုရောင်းပေးလိုက်တာလဲ"

"လုချင်းဖုန်း"

"သူက ဘယ်လိုလူစားမျိုးလဲ"

"ငွေလဲရှိ အင်အားလဲရှိတဲ့ လူစားမျိုးပဲပေါ့... နောက်ပြီး သူက ပေရှင်ကွမ်းအဆောင်ကြီးမှာ ဂိုဏ်းချုပ်တစ်ဦးလဲဖြစ်တယ်"

လုရှောင်ဖုန့်က အတန်ကြာတွေးနေပြီးမှ မေးလိုက်သည်။

"မင်းတို့စာချုပ်ချုပ်တုန်းက ဘယ်သူ့ကိုသက်သေအဖြစ်ခေါ်ထားသလဲ"

"သက်သေကို သူပဲခေါ်လာတာပေါ့... ဒါပေမယ့် ဒီသက်သေတွေက ငါ သိပ်ရိုသေလေးစားတဲ့သက်သေတွေပါ"

"ဘယ်သူတွေမို့လို့လဲ"

"တစ်ယောက်က မုသောက်ရသေ့... တစ်ယောက်က ကူစုန်ဆရာတော်၊ နောက်တစ်ယောက်ကတော့ ရှီးသားဘုန်းဘုန်းပဲ"

လုရှောင်ဖုန့်သည် ယင်းနာမည်များကိုကြားလိုက်သည်နှင့် ခေါက်တုံ့ခေါက်ပြန်လှမ်းနေသော ခြေလှမ်းများ တုန့်ခနဲ ရပ်သွား၏။

"လက်စသတ်တော့ သူတို့က ဒီကိုရောက်နေတာကိုး... ဒါ ကြောင့် ငါ သူတို့ကို ဘယ်မှာမှရှာလို့မတွေ့တာကိုး"

အတန်ကြာတော့မှ လုရှောင်ဖုန့်က....

"မင်း ဘယ်တော့လောက် ဒီကထွက်ခွာဖို့ ရည်ရွယ်ထားသလဲ"

"မနက်ပိုင်း ထွက်မယ်လို့ စိတ်ကူးထားတယ်"

လီရက်ပေသည် ဒီမြို့လေးကို လွမ်းဆွတ်သတိရနေသေးဟန်တူ၏။

"ဒါနဲ့မုသောက်ရသေ့တို့က လုချင်းဖုန်းနဲ့အတူ ပြန်သွားကြတာလား"

"ဟုတ်တယ်"

"သူတို့ ဘယ်သွားကြမယ်ထင်သလဲ"

"ပေရှင်ကွမ်းအဆောင်ကိုပဲ ထင်တယ်"

(ခုနစ်)

ပေရှင်ကွမ်းအဆောင်မှာ ပေရှင်တောင်ကုန်းထိပ်၌ တည်ရှိ၏။

အဆောင်မှာ အလွန်တရာ ကြီးကျယ်ခမ်းနားပြီး ထည်ဝါလှ၏။

အဝေးမှကြည့်လိုက်လျှင် နန်းတော်ကြီးနှင့်ပင် တူနေ၏။ သူသည် ဝင်ပေါက်နားသို့ရောက်သည့်တိုင် လူတစ်ယောက်မှမတွေ့ရချေ။

အနီးအနားသို့ရောက်သောအခါကျမှ လူတစ်ယောက်က

သစ်ပင်တစ်ပင်အောက်တွင်ရပ်ပြီး သူ့ကိုအေးစက်စွာ ကြည့်နေသည်ကို တွေ့ရလေသည်။

လုရှောင်ဖုန့်က ထိုသူ၏အနားသို့တိုးကပ်၍....

"ဆရာကြီးလုချင်းဖုန်း ရှိသလား နောင်ကြီး"

ထိုလူက လုရှောင်ဖုန့်၏အမေးကိုဖြေရမည့်အစား မဖြေဘဲ ရုတ်တရက် ဓားကိုဆွဲထုတ်လိုက်၏။

သူ ဓားဆွဲထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဘေးပက်ပတ်လည်မှ သူ့လိုအဝတ်အစားမျိုးနှင့် လူခြောက်ယောက်ခုန်ထွက်လာလေသည်။ ခြောက်ယောက်စလုံး ဓားကိုယ်စီကိုင်ထားကြ၏။

ဓားသမားခုနစ်ယောက်က ဘာစကားတစ်ခွန်းမှမပြောဘဲ သိုင်းကွက်နင်း၍ ချီတက်လာသည်။

လုရှောင်ဖုန့်က သူတို့၏လှုပ်ရှားဟန်ကို တစ်ချက်ကြည့်လိုက်သည်နှင့် သူတို့၏ဓားသိုင်းကွက်မှာ 'ချွန်ကျင်း' သိုင်းအဖွဲ့၏ ခုနစ် စင်ကြယ်ဓားသိုင်းကွက်ဖြစ်ကြောင်း သိလိုက်သည်။

ထိုစဉ်ပထမလူက စတင်၍ လုရှောင်ဖုန့်အား တိုက်ခိုက်လိုက်၏။

တစ်ချိန်တည်းတွင်ပင် ကျန်လူများကလည်း လုရှောင်ဖုန့်ကို လှည့်ပတ်၍ တိုက်ခိုက်လာတော့သည်။

'ခုနစ်စင်ကြယ်' ဓားသိုင်းကွက်မှာ အလွန်စေ့စပ်ပြီး ဟာကွက်မရှိလောက်အောင် ကောင်းမွန်သောဓားသိုင်းကွက်ဖြစ်သည်။



လုရှောင်ဖုန့်မှာ ပိုက်ကွန်ထဲသို့ကျရောက်နေသော ငါးကလေးပမာ ဖြစ်နေလေသည်။

ပိုက်ကွန်ထဲတွင် ပိတ်မိနေသောငါးသည် ဘယ်မျှလောက်ပင် ခုန်ပျံနေပစေ ပိုက်ကွန်ထဲမှလွတ်လမ်းမရှိချေ။

ထိုကျဉ်းထဲကျပ်ထဲ အချိန်တွင်ပင် လုရှောင်ဖုန့်က သက်ပြင်းချ၍ တုန်လှုပ်ဟန်မရှိဘဲ ပြောလိုက်သည်။

"ဓားလဲကောင်းပါတယ်... ဓားသိုင်းအကွက်လဲ ပြောစရာမရှိပါဘူး၊ ဒါပေမယ့် လူတွေကတော့ မကောင်းဘူးဗျ"

"ဘာဖြစ်လို့ မကောင်းတာလဲ"

ဟု ဘယ်သူကမျှ မမေးချေ။ မေးရန်လည်း အချိန်မရှိတော့။ အကြောင်းကား။

လုရှောင်ဖုန့်၏လက်က ရုတ်တရက် လှုပ်ရှားလိုက်၏။ တစ် ချိန်ထဲမှာပင် သူ၏ကိုယ်မှာ တစ်ပတ်လည်ပတ်သွားပြီး ပထမလူ၏ တတောင်ဆစ်ကိုဖမ်းဆုပ်ရင်း အလိုက်သင့် ရှေ့သို့ဆွဲယူလိုက်၏။

ထိုအခါ 'တင်းတန်း' 'တင်းတန်း' အသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဓားခုနစ်လက်မှာ အချင်းချင်းရိုက်ခတ်မိသွားကြတော့သည်။

လုရှောင်ဖုန့်မှာမူ ငါးရှဉ့်တစ်ကောင်ကဲ့သို့ သူတို့ကြားထဲမှ လျှောခနဲ ရှောင်တိမ်းထွက်သွားလေသည်။

ထိုခဏတွင်ပင် ရုတ်တရက် ခနဲ့ပြီး ရယ်မောလိုက်သောအသံတစ်သံကို ကြားလိုက်ရပြီး ဓားရောင် လက်ခနဲတစ်ချက်ထွက်ပေါ်လာ၏။

ဓား၏အရှိန်နှင့်အားမာန်က ဘယ်မျှလောက် ပြင်းထန်လျှင်မြန်သည်တော့မသိ။

လုရှောင်ဖုန့်၏ကိုယ် မြေပေါ် မရပ်မိမီ ဓားရောင်လက်ခနဲမြင်လိုက်သည်နှင့်ဓားဖျားက သူ့လည်မျိုနားသို့ ရောက်လျက်ရှိနေပြီဖြစ်ပါ၏။

လုရှောင်ဖုန့်က ထိတ်လန့်တုန်လှုပ်ခြင်းမရှိရုံမက တစ်ချက်မျှပင် ရယ်လိုက်သေး၏။ ရုတ်တရက် သူ့လက်က လှုပ်ရှားလိုက်သည်။

ထိုလူမှာ လုရှောင်ဖုန့်၏ရယ်သံကို မကြားရမီပင် သူ့၏ဓားက လုရှောင်ဖုန့်၏လက်ချောင်းနှစ်ချောင်းကြားတွင် ညှပ်ထားခြင်းခံလိုက်ရ၏။

လုရှောင်ဖုန့်၏လက်က အသံထက်ပင် ပိုမြန်နေ၏။

လုရှောင်ဖုန့်က လက်ချောင်းဖြင့်ဓားကိုညှပ်၍ ပြုံးလိုက်ရင်းဓားပစ်လိုက်သောလူကိုကြည့်၏။

ထိုလူဝတ်ထားသော အဝတ်အစားများမှာ အလွန်တောက်ပြောင်၏။ အသက်မှ လေးဆယ်ကျော်ခန့်ရှိသည်။

ထိုလူသည် လုရှောင်ဖုန့်အား တုန်လှုပ်အံ့ဩသောအကြည့်



ဖြင့် ကြည့်လိုက်၏။

ဤလောကတွင် ဤမျှလောက်မြန်သောလက် ရှိမည်ဟု မည်သူကမျှ မယုံချေ။ ထိုလူကလည်း မယုံခဲ့ချေ။

သူသည် သူ၏ဓားသိုင်းကို ရက်ကူးချန်၊ စီးမင်းချွေးရှက်တို့သာ ရင်ဆိုင်နိုင်သည်ဟု ယုံကြည်ခဲ့၏။သူ့ဓားကွက်ပစ်လိုက်တိုင်းမ ထိမှန်ဘဲမနေဟု ယုံကြည်ခဲ့၏။

သို့သော်လည်း ယခု သူသိလိုက်ပြီ။ သူ၏ထင်မြင်ချက် မှားလေပြီဖြစ်ကြောင်း သူသိပြီ။

ထိုအချိန်တွင် သစ်ပင်နောက်ကွယ်မှ ရုတ်တရက် လူတစ်ယောက်အားပါးတရ ရယ်မောလိုက်သောအသံကို ကြားလိုက်ရပြန်၏။

"ငါ အစောကြီးကတည်းက ပြောသွားပဲ... ရက်ကူးချန်ရဲ့မိုးပျံနတ်သမီး ဓားသိုင်းကွက်ဟာ လုရှောင်ဖုန့်ရဲ့ လက်ချောင်းပညာကို ဘယ်လိုမှမယှဉ်နိုင်ပါဘူးလို့ ဆိုတာလေ"

နောက် လူတစ်ယောက်၏ သက်ပြင်းချသံပေါ် လာပြီး....

"ငါယုံပါပြီကွာ... ငါတို့က အခုကိုယ်တွေ့မြင်လိုက်ရပြီမဟုတ်လား"

အဝတ်အစား တောက်ပြောင်သောလူရွယ်ကလည်း သက်ပြင်းချရင်း....

"အင်း... လုရှောင်ဖုန့်ဟာ တကယ်ကိုနာမည်ကြီးလောက်

ပါပေတယ်ဗျာ"

ထိုလူ၏ဝန်ခံစကားကို ကြားလိုက်ရသောအခါ အားပါးတရ သဘောကျစွာ ရယ်မောလိုက်သောအသံတစ်ခုဟိန်းထွက်လာ၏။

ရယ်လိုက်သူမှာ မှုသောက်ရသေ့ဖြစ်၏။ သက်ပြင်းချလိုက်သောသူကမူ ပေရှင်ကွမ်းအဆောင်၏ဆရာကြီး လုချင်းဖုန်းဖြစ်သည်။

သူ၏အမူအရာမှာ အလွန်တရာနူးညံ့သိမ်မွေ့ပြီး အမြဲ တမ်းပြုံးနေ၏။

သူက ပြုံးလျက် လုရှောင်ဖုန့်နားသို့လျှောက်လာပြီး....

"လုရှောင်ဖုန့် အခု ဒီတိုက်ပွဲက...."

လုရှောင်ဖုန့်က သူ့အစားဖြတ်၍ ပြောလိုက်၏။

"ဒီတိုက်ပွဲက အပျော်သက်သက်ကစားတဲ့ တိုက်ပွဲပါ"

လုချင်းဖုန်းက အံ့ဩသောအမူအယာဖြင့်....

"မင်း သိတယ်"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြပြီး....

"သိပါတယ်... ဘာဖြစ်လို့လဲဆိုတော့ လူအတော်များများက ကျုပ်ကို ဒီလိုပဲ နောက်ပြောင်တတ်ကြတာကိုး"



လုချင်းဖုန်း ၏မျက်နှာတွင် အားနာသောအမူအရာ ပေါ်လာလေသည်။

အဝတ်အစား တောက်တောက်ပြောင်ပြောင်ဝတ်ဆင်ထားသော လူရွယ်မှာလည်း အားနာသောလေသံဖြင့်....။

"ကျုပ်ကလဲ ဒီလိုမလုပ်ချင်ပါဘူး... ဒါပေမယ့် သူတို့က အာမခံကြတယ်၊ ဒီလောကမှာ ဘယ်သူကမှ လုရှောင်ဖုန့်ရဲ့လည်မျိုကို ဓားနဲ့မထိုးဖောက်နိုင်ဘူးတဲ့၊ ဒါကြောင့် ကျုပ်လဲ"

လုရှောင်ဖုန့်က လူရွယ်၏စကားကိုဖြတ်ပြောလိုက်သည်။

"ဒါကြောင့် ခင်ဗျားက မနေနိုင်လို့ ဟုတ်မဟုတ် စမ်းကြည့်လိုက်တာပေါ့ ဟုတ်လား"

လူရွယ်က ပြုံးစေ့စေ့အမူအယာဖြင့် ပြောလိုက်ပြန်သည်။

"သူတို့က ကျုပ်ကိုအာမခံကြသေးတယ်... ဒီလိုလုပ်တာ ခင်ဗျား ဘယ်တော့မှစိတ်မဆိုးဘူးတဲ့"

ထိုအခါကျမှ လုရှောင်ဖုန့်က တစ်ချက်ရယ်လိုက်ပြီး....

"ကျုပ်က စိတ်ဆိုးချင်တာတောင်မှ နန်းကွင်းထိပ်သီးဘုရင့်သက်တော်စောင့်သိုင်းသမားကြီးကို ဘယ်စိတ်ဆိုးရဲပါ့မလဲဗျာ"

ထိုလူရွယ်သည် ပိုပြီး အံ့ဩသောအမူအယာဖြင့်....

"ခင်ဗျားက ကျုပ်ကိုသိတယ် ဟုတ်လား... ကျုပ်ကို ဘယ်မှာမြင်ဖူးတဲ့ဗျ"

လုရှောင်ဖုန့်က ပြုံး၍...

"တစ်မိုးအောက်ဓား 'ချင်းရှက်'ကလွဲရင် ဘယ်သူများ ဒီလျှပ်တစ်ပြက် ဓားသိုင်းကွက်ကို ဒီလောက်ကောင်းအောင် ထုတ်သုံးနိုင်ပါ့မလဲ"

မုသောက်ရသေ့က ထပ်မံရယ်မောလိုက်ပြီး....

"ဒါကြောင့် ငါမပြောဘူးလား... ဒီလူဟာ သိုင်းပညာသာ တော်ရုံမကဘူး... မျက်စိလဲ အင်မတန် လျင်တယ်ဆိုတာ"

သိုင်းလောကမှလူများသည် နန်းတွင်းတွင် ထိပ်သီးသိုင်းသမားလေးဦးရှိကြောင်း သိကြ၏။ သို့သော် သူတို့ကိုတော့ တွေ့ဖူးသူ အလွန်ရှားလှသည်။

"ခင်ဗျားရဲ့ မျက်စိက တကယ့်ကိုလျင်တာပဲ"

ချင်းရှက်က ပြောရင်း လုရှောင်ဖုန့်၏ပခုံးကို ပုတ်လျက်ပြုံး၍....

"ကျုပ်က နန်းတွင်းမှာပဲ ဆယ်နှစ်ကျော်နေလာခဲ့တာဗျ၊ သိုင်းလောကကိုတောင် လုံးဝပြန်ပြီး ခြေမချခဲ့ဘူး၊ ဒါတောင် ခင်ဗျားက ကျုပ်ကိုမှတ်မိသေးတယ်နော်"

လုရှောင်ဖုန့်က ပြုံး၍....

"လျှပ်တစ်ပြက် ဓားသိုင်းကွက်ကိုသုံးတတ်တဲ့လူ မနည်းပေမယ့် ဒီလောက်အဆင့်မြင့်မြင့် အသုံးပြုနိုင်တဲ့လူဟာ ဒီလောကမှာ တစ်ယောက်တည်းသာ ရှိတာပါ"

လုရှောင်ဖုန့်က လူရွယ်ကို သဘောကျသွား၏။ အဘယ့်



ကြောင့်ဟူမူ နန်းတွင်းသိုင်းသမားများသည် အလွန်ဘဝင်မြင့်ကြသည်ဟု ယခင်က သူထင်ထားခဲ့၏။

သို့သော် ယခုကြုံတွေ့နေရသည့်လူရွယ်ကမူ စိတ်သဘောထားကောင်းမွန်ပြီး ဘဝင်မြင့်ခြင်းမရှိကြောင်း တွေ့မြင်ရ၏။

ချင်းရှက်က လုရှောင်ဖုန့်၏စကားကို ကြားရသောအခါ မျက်လုံးအစုံတွင် အရောင်တောက်ပလာပြီး လုရှောင်ဖုန့်၏လက်ကို ခင်မင်ရင်းနှီးစွာ ဆုပ်ကိုင်လာ၏။

ထို့နောက် ပျူငှာသောအသံဖြင့်....

"ခင်ဗျား တကယ်ပြောတာလားဗျ"

လုရှောင်ဖုန့်က တည်ကြည်စွာ ခေါင်းညိတ်ပြရင်း....

"ကျုပ်က မုသားမပြောတတ်ဘူး"

"ဒီလိုဆိုရင် ကျုပ်ရဲ့ ဒီလျှပ်တစ်ပြက် ဓားကွက်နဲ့ရက်ကူးချန်ရဲ့ မိုးပျံနတ်သမီး ဓားသိုင်းကွက်က ဘယ်သူပိုသာမယ်ထင်သလဲ"

လုရှောင်ဖုန့်က သက်ပြင်းချလိုက်၏။

အတန်ကြာမှပင်....

"ကျုပ် သူ့ရဲ့ ဓားကွက်ကိုခုခံတုန်းက နောက်ဘက်မှာ ထရံပဲ ရှိတယ်၊ ခင်ဗျားရဲ့ ဓားကွက်ကိုခုခံတုန်းကတော့ နောက်ဘက်မှာ လူခုနစ်ယောက်ရှိနေတယ်"

ချင်းရှက်၏ ရွှန်းလက်နေသော မျက်လုံးအစုံမှာ ရုတ်တရက် မှေးမှိန်သွားပြန်၏။

အတန်ကြာတော့မှ....

"ဒီလိုဆိုရင် ငါ သူ့ကိုမယှဉ်နိုင်သေးပါဘူး"

လုရှောင်ဖုန့်က တည်ကြည်စွာဖြင့်....

"ဟုတ်တယ်... ခင်ဗျား သူ့ကိုမယှဉ်နိုင်သေးပါဘူး"

ချင်းရှက်က သက်ပြင်းချရင်း....

"ကျုပ်ကတော့ သူ့ရဲ့ မိုးပျံနတ်သမီးဓားသိုင်းကွက်ကို တွေ့ချင်လိုက်တာ"

လုချင်းဖုန်းက ရုတ်တရက် ရယ်မောပြီးနောက်....

"သူ့ရဲ့ ဓားသိုင်းကွက်ကို မင်း တွေ့ရတော့မှာပါကွာ"

"တကယ်ပဲလား"

"တကယ်ပါ"

ချင်းရှက်က တစ်စုံတစ်ရာကိုသတိရဟန်ဖြင့် မေးလိုက်၏။

"မနက်ဖြန်ဆို ကိုးလဆယ့်ငါးရက်ရောက်ပြီ မဟုတ်လား"

လုချင်းဖုန်းက....

"ဟုတ်တယ်လေ... အခု သူတို့ရဲ့ ပြိုင်ပွဲကိုနန်းတွင်း ထိုက်ဟိုနန်းဆောင်ရဲ့ ခေါင်မိုးပေါ်မှာ ယှဉ်ပြိုင်မယ်ကွဲ၊ ဒါကြောင့် တယ်သူမှမတွေ့ရင်တောင် မင်းကတော့ တွေ့ရမှာ သေချာပါတယ်"

ချင်းရှက်က လက်နှစ်ဖက်ကိုဆုပ်၍ ရေရွတ်သည်။

"ထိုက်ဟိုနန်းဆောင်ပေါ်မှာ... အင်း သူတို့က တယ်သတ္တိရှိပါလား"



လုရှောင်ဖုန့်က သူတို့၏စကားဝိုင်းထဲသို့ဝင်လိုက်သည်။

"တကယ်လို့ သူတို့မှာသာ ဒီလောက်အဆင့်မြင့်တဲ့သိုင်းပညာမရှိရင် သူတို့ ဒီလောက်သတ္တိရှိမှာ မဟုတ်ပါဘူး"

ချင်းရှက်က ငြိမ်သက်သွားပြီး ရုတ်တရက် သတိရဟန်ဖြင့် ....

"မင်းတို့အနေနဲ့ ဒီကိစ္စကို ငါ့ကိုမပြောပြသင့်ဘူး"

လုချင်းဖုန်းက....

"ဘာဖြစ်လို့လဲ"

"ကျုပ်ကနန်းတွင်း သက်တော်စောင့်သိုင်းသမားဆိုတာ ခင်ဗျားမေ့နေပြီလား။ ကျုပ်က သူတို့တွေ နန်းတွင်းမှာရှုပ်ရှုပ်ယှက်ယှက်လုပ်နေတာကို ဘယ်သဘောတူနိုင်ပါ့မလဲ"

"ဒါပေမယ့် ဒီတစ်ခါတော့ မင်းအနေနဲ့ခွင့်လွှတ်မှာ သေချာတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းကလဲ ဒီလိုထိပ်သီးဓားသမားနှစ်ယောက်ရဲ့ ဓားပြိုင်ပွဲကို လက်လွှတ်ခံချင်မှာမဟုတ်ပါဘူး"

ချင်းရှက်က သက်ပြင်းချ၍....

"အင်း... ဒီလူဟာ တကယ်ပဲ သူများတွေရဲ့ အကြောင်းကို သိတာပဲ"

လုရှောင်ဖုန့်ကလည်း သက်ပြင်းချလျက်....

"ဟုတ်တယ်... သူသိတာ မနည်းလှဘူး"

လုချင်းဖုန်းက ရယ်ကျဲကျဲဖြင့်....

"ငါ ဘယ်နဲ့လုပ် ဒီလောက်များများကိုသိနေတယ်ဆိုတာ မင်း သိရဲ့လား"

လုရှောင်ဖုန့်က ခေါင်းခါရင်း ဖြေလိုက်သည်။

"မသိဘူး"

လုချင်းဖုန်းက ပြုံး၍....

"တကယ်တော့ ဒါတွေဟာ လျှို့ဝှက်မှုမှမဟုတ်ဘဲ... နေပြည်တော်ထဲမှာ ဘာလျှို့ဝှက်ချက်မှ မထားနိုင်ပါဘူး၊ တစ်နည်းမဟုတ်တစ်နည်းနဲ့ အဲဒီလျှို့ဝှက်ချက်တွေဟာ ပေါက်ကြားသွားရတာပဲ"

လုရှောင်ဖုန့်က....

"ဒါကြောင့် ငါလာမယ်ဆိုတာ မင်းတို့သိနေရတာပေါ့ ဟုတ်လား"

လုချင်းဖုန်းက ဝင်ဖြေလိုက်သည်။

"မင်းက လီရက်ပေရဲ့သူငယ်ချင်းဆိုတာ ငါသိထားတာကိုး"

မုသောက်ရသေ့က ရုတ်တရက် ဝင်၍ပြောလိုက်ပြန်သည်။

"ငါတို့က မင်းကိုရှာဖို့သွားတာ မင်းနဲ့မတွေ့ရပဲ သက်သေလိုက်ပြီး လုပ်လိုက်ရသေးတယ်"



လုရှောင်ဖုန့်က....

"ရိုးသားဘုန်းဘုန်းကို မမြင်ရပါလား"

မုသောက်ရသေ့က....

"သူ့ကို ငါတို့ခေါ်ထားပါတယ်... မင်းက သူ့ကိုတွေ့ချင်နေမှန်း ငါတို့သိပါတယ်"

လုရှောင်ဖုန့်က လုချင်းဖုန်းကိုကြည့်ပြီး မေးလိုက်သည်။

"မင်း ဘာဖြစ်လို့ လီရက်ပေရဲ့နယ်မြေကိုဝယ်ရတာလဲ"

လုချင်းဖုန်းက ပြုံး၍....

"ဒါကတော့ ငွေတွက်ခြေနဲ့ငါပေါ့ကွာ"

သူတို့အားလုံး အိမ်ထဲသို့ဝင်လိုက်ကြ၏။

အိမ်ထဲတွင် သူတို့ ထက်စောပြီး ရောက်နေသောလူတစ်စုက ထိုင်လျက်ရှိနေ၏။

ထိုင်နေပုံက စာသင်ခန်းတွင် လိမ္မာစွာ ထိုင်နေကြသော ကျောင်းသားများနှင့် တူနေ၏။

ဤသူများကို လုရှောင်ဖုန့်က တွေ့ခဲ့ဖူးပြီး သူတို့တစ်တွေသည် မနေ့က လီရက်ပေနှင့်အတူ လမ်းလျှောက်ထွက်ခဲ့သောသူများ ဖြစ်ကြ၏။

ယခုမူ သူတို့သည် လုချင်းဖုန်း၏လူများ ဖြစ်သွားကြပြီ။

လုရှောင်ဖုန့်သည် ယင်းလူစုထဲတွင် မနေ့ညကတွေ့ခဲ့သော ကန်းကျောက်ကို တွေ့လိုက်ရ၏။

သူသည် ကန်းကျောက်ကို မြင်းဖြူအကြောင်းစုံစမ်းထားခိုင်းခဲ့၏။ ကန်းကျောက်က စုံစမ်းနိုင်ခဲ့ခြင်းရှိမရှိ သူမသိပေ။

လူသေသည် ဘယ်လိုသေခဲ့သလဲ။ မြင်းဖြူသည် ဘယ်အရပ်က ရောက်လာတာလဲ။

လုရှောင်ဖုန့်က ကန်းကျောက်ကိုမေးချင်၏။ သို့သော် သူ မေး၍မဖြစ်သေးချေ။

အပြင်လူများက သူ့အနားမှာ ဝိုင်းဝိုင်းလည်နေသည် မဟုတ်ပါလား။ ထို့ကြောင့် သူကမေးရန် အခွင့်မသာပါ။

သို့သော် လုရှောင်ဖုန့်သည်လူတစ်မျိုးဖြစ်၏။ သူလုပ်ဆောင်စရာရှိသည်များကို ချက်ချင်းလက်ငင်းလုပ်လိုက်ရမှ ကျေနပ်သူဖြစ်သည်။

ယခုလည်း သူသည် ရုတ်တရက် ခုန်ထွက်လာပြီး တစ်ချက် တည်း ကန်းကျောက်၏ ရင်ဝအင်္ကျီစကိုဆွဲကိုင်ကာ ခက်ထန်စွာ မေး တော့သည်။

"ကဲ... မင်း ဒီနေ့ ဘယ်ကိုထွက်ပြေးချင်သေးသလဲ ပြောစမ်း"

မထင်မှတ်သော ရန်းရင်းဆန်ခတ်မှုကြောင့် အားလုံးမျက်စိ



မျက်နှာပျက်သွားကြ၏။

ဘယ်သူကမှ ဤပြဿနာ၏ရင်းမြစ်ကို မသိချေ။

ကန်းကျောက်ခမျာ မျက်နှာတစ်ခုလုံးဖြူရော်သွား၏။ သူကိုယ်တိုင်လည်း လုရှောင်ဖုန့်၏အပြုအမူကို နားမလည်ချေ။

လုချင်းဖုန်းက ဝင်ရောက်ဖျန်ဖြေချင်၏။ နောက်ပြီး မုသောက်ရသေ့လည်း ဝင်ပြီးဖျောင်းဖျချင်၏။

သို့သော် လုရှောင်ဖုန့်၏ ခက်ထန်သောမျက်နှာကို မြင်ရသောအခါ သူတို့အားလုံး နောက်တွန့်သွားကြသည်။

"ဒီလူနဲ့ကျုပ်စာရင်း ရှင်းစရာရှိတယ်... ကျုပ်အရင်ရှင်းပြီးမှ ပြန်လာပြီး အရက်သောက်မယ်၊ တကယ်လို့ ကျုပ်ကိုတားမယ်ဆိုရင်"

သူက ဆက်မပြောချေ။ ပြောစရာလဲ မလိုတော့ပေ။ အားလုံးနားလည်သွားကြပြီ ဖြစ်သည်။

ဘယ်သူကမှ ကန်းကျောက်လိုလူမျိုးအတွက်နှင့်လုရှောင်ဖုန့်၏ရန်ငြိုးဖွဲ့ခြင်းကို မခံလိုကြပေ။

လုရှောင်ဖုန့်ကမူ ခပ်တည်တည်ပင် ကန်းကျောက်၏ အင်္ကျီစကိုဆွဲ၍ ခေါ်သွားလေတော့သည်။

ကန်းကျောက်က နဖူးမှချွေးများကိုသုတ်လိုက်၏။

အခုမှပင် သူက လုရှောင်ဖုန့်၏လှည့်ကွက်များကို နားလည်သွား၏။

တကယ်တော့ လုရှောင်ဖုန့်သည် သူ့ကို မြင်းဖြူအကြောင်းနှင့် လူသေဘယ်ကရောက်လာသည်ကို စုံစမ်းထားခိုင်းခြင်းအတွက် အခု သူ့ကို အပြင်ထုတ်၍ အဖြေမေးနေခြင်းဖြစ်ကြောင်း သူသိလိုက်၏။

ဤကိစ္စကိုကန်းကျောက် အလုံးစုံ စုံစမ်းခဲ့ပြီးဖြစ်လေသည်။

အချိန်....။ ကိုးလဆယ့်လေးရက် နံနက်ပိုင်း....။

နေရောင်အောက်တွင် နေပြည်တော်တစ်ခုလုံး အရောင်တဖိတ်ဖိတ် တောက်ပလျက်ရှိနေ၏။

သို့သော် ဒီလိုတောက်ပသော နန်းတော်၏အနောက်ဘက်တွင်မူ မှောင်မည်းပြီး ပေရေနေသောနေရာတစ်ခု ရှိလိမ့်မည်ဟု ဘယ်သူမျှ တွေးထင်မိမည်မဟုတ်ပေ။

လုရှောင်ဖုန့်လည်း လုံးဝမထင်မိချေ။

ယင်းနေရာသည် သစ်သားအဆောင်လေးတစ်ခုဖြစ်ပြီး နံရံများမှာ ဆီချေးများဖြင့် ပေကျံနေ၏။ အညှော်နံ့ အရက်နံ့မျိုးစုံတို့ကို



လေနှင့်အတူ ရှူရှိုက်နိုင်၏။

ထို့ပြင် ထူးဆန်းသော အနံ့အသက်တစ်မျိုး ရှိနေသေး၏။

ဒီအနံ့အသက်မျိုးကို လုရှောင်ဖုန့်တစ်ယောက် တစ်ခါမျှ ရှူ ရှိုက်ဖူးခြင်း မရှိခဲ့ပေ။

ဤနေရာသို့ ကန်းကျောက်က နန်းတွင်းရှိ အပျိုတော်များအား ထိန်းသိမ်းသော ယောကျ်ားတစ်ဦး၏အကူအညီဖြင့် လုရှောင်ဖုန့်ကို ခေါ်ဆောင်လာခြင်း ဖြစ်၏။

ကန်းကျောက်က လုရှောင်ဖုန့်အား သွားရှင်းပြလိုက်၏။

"ဒီနေရာဟာ နန်းတော်အတွင်းမှာရှိတဲ့ ယောကျ်ားအပျိုထိန်းတွေ အားလုံးစုဝေးတဲ့နေရာပဲ၊ သူတို့က အပြင်လောကကိုထွက်ဖို့ မလွယ်လှဘူး၊ ဒါကြောင့် အချိန်ရတိုင်း သူတို့ဒီကိုလာပြီး အချိန်ဖြုန်းကြတာပဲ၊ ဒီနေရာမှာ ဘာမဆိုရနိုင်တယ်"

ယောကျ်ားအပျိုထိန်းများသည် တကယ်တော့ ငယ်စဉ်ကတည်းက သင်းသတ်ခြင်းခံရသောယောကျ်ားများဖြစ်၏။

ခင်းတို့သည် ဘုရင့်နန်းဆောင်တွင်းရှိ အပျိုများကို ထိန်းသိမ်းစောင့်ရှောက်ကြရာတွင် ပြဿနာမပေါ်စေရန် ဘုရင်ကြီးက သူတို့အား သင်းသတ်ထား ခြင်းဖြစ်သည်။

ထို့ကြောင့် သူတို့၏စိတ်မှာ ယောကျ်ားစိတ်လုံးဝမရှိချေ။

"ကျုပ် စုံစမ်းသိရှိသလောက်တော့ ဟိုမြင်းဖြူဟာ ဒီအ

ဆောင်အနီးတစ်ဝိုက်က ထွက်လာတာပဲ"

ကန်းကျောက်က လုရှောင်ဖုန့်အား သူစုံစမ်းခဲ့သမျှကိုရှင်းပြနေသည်။

"ဒါနဲ့ တို့ဘယ်လိုဝင်ကြမလဲ"

လုရှောင်ဖုန့်က ကန်းကျောက်အား လှမ်းမေးလိုက်သည်။

"ဒီအပျိုထိန်းထဲမှာ အန်းဖုဆိုတဲ့လူနဲ့ကျူပ်ခင်တယ်၊ သူ့ကို အကူအညီတောင်းပြီး ကျွန်တော်တို့ဝင်ကြမယ်"

"ဒီလိုဆိုရင် တို့ ဘာလို့ဆက်စောင့်နေကြတာလဲ သွားကြစို့"

"ဒါပေမယ့် ကျူပ်တစ်ခုတော့ ကြိုတင်ပြောထားပါရစေ"

"ဘာများလဲ"

"ဒီအပျိုထိန်းတွေရဲ့ စိတ်နေသဘောထားဟာ ထူးဆန်းရုံမကဘူး၊ သူတို့ရဲ့ကိုယ်ကထွက်လာတဲ့ ကိုယ်နံ့ဟာလဲ အလွန်ဆိုးဝါးတယ်နော်"

"ဘာဖြစ်လို့လဲ"

"သူတို့က ရေမချိုးဘူးလေ"

"ဘာလဲ... မင်း ငါ့ကိုအောင့်အီးပြီး သည်းခံခိုင်းတာလား"

"ဟုတ်တယ်... ဘာဖြစ်လို့လဲဆိုတော့ သူတို့ကယောကျ်ားမဟုတ် မိန်းမမဟုတ်တဲ့သတ္တဝါတွေကိုး၊ ဒါကြောင့် သူတို့က ခင်ဗျားကို တစ်စုံတစ်ခုလုပ်ခဲ့မိရင် ခင်ဗျားသည်းခံလိုက်ပါ"


လုရှောင်ဖုန့်က သဘောကျဟန်ဖြင့် ရယ်ရင်း....

"မင်း စိတ်ချပါ.. စီးမင်းချွေးရုက်ကိုသာရှာလို့ တွေ့နိုင်မယ်ဆိုရင် ဟိုအပျိုထိန်း ငါ့ခေါင်းပေါ် တက်ပြီး ခွစီးတာတောင် ငါ စိတ်မဆိုးပါဘူး"

လုရှောင်ဖုန့်သည် ထိုစကားကိုပြောစဉ်ကတော့ ရယ်နေသေး၏။

ယခုမူ သူမရယ်နိုင်တော့ပေ။ နည်းနည်းလေးမှ မရယ်နိုင်တော့ပေ။

အကြောင်းကား ထိုအန်းဖုဆိုသော ယောကျ်ားအပျိုထိန်းက လုရှောင်ဖုန့်၏ခေါင်းပေါ်သို့ တက်မစီးသော်လည်း သူသည် တစ်ချိန်လုံး လုရှောင်ဖုန့်၏လက်ကိုဆုပ်ကိုင်ပြီး ပွတ်သပ်နေ၏။

ထို့ပြင် လုရှောင်ဖုန့်၏နှုတ်ခမ်းမွှေးကိုလည်း တယုတယ ပွတ်သပ်လိုက်သေး၏။

လုရှောင်ဖုန့်၏တစ်ကိုယ်လုံးမှာ ကြက်သီးမွေးညင်းများတ ဖြန်းဖြန်း ထသွားမိသည်။

သူသည် ယင်းနေရာမှထွက်ပြေးချင်သော စိတ်ကို မနည်းချုပ်တီးနေရရှာသည်။

(၅၆)

လုရှောင်ဖုန့်သည် မနေ့ညက စားခဲ့သမျှသောအစားများကို ပင် အန်ထုတ်လိုက်ချင်၏။

သို့သော် သူမအန်မိအောင် အောင့်အီးထားလိုက်၏။

အန်းဖုမှာမူ သူ၏လက်ကို ဆွဲကိုင်ပွတ်သပ်ရုံ မကျေနပ် သေးဘဲ သူ၏လက်ကိုပင် နမ်းရှုံ့ချင်နေပုံရ၏။

သူ၏နှုတ်ခမ်းမွေးကို အန်းဖုက တယုတယ ပွတ်သပ်ရုံမ က တခြားနေရာများသို့ပင် နယ်ကျူးပြီး ပွတ်သပ်ကိုင်တွယ်နေချင်ပုံ ရ၏။



လုရှောင်ဖုန့်၏ တွန့်ဆုတ်ဆုတ် အမူအရာကိုတွေ့ရသော အခါ ကန်းကျောက်က ရယ်ချင်နေ၏။

သို့သော် သူသည် မရယ်မိအောင် အောင့်ထားလိုက်ရ၏။

သို့ဖြင့် သူတို့သည် သစ်သားဆောင်ထဲသို့ ရောက်လာကြ ၏။

ထိုစဉ် အပြင်ဘက်မှ အသက်အနည်းငယ်ကြီးပုံရသော ယောကျ်ားအပျိုထိန်းတစ်ဦး ဝင်လာ၏။

ထိုသူကိုတွေ့ရသောအခါ အန်းဖုသည် ချက်ချင်းပင် လု ရှောင်ဖုန့်၏လက်ကိုလွှတ်၍ ထိုလူ့ထံသို့ လျှောက်သွားလေသည်။

အပျိုထိန်းများ လမ်းလျှောက်သွားသောပုံမှာ အလွန်ရယ် ချင်စရာကောင်းလှ၏။

ပေါင်နှစ်ဖက်ကို ဘေးသို့ကားလျက် တင်ပါးကိုယိမ်းကာ နွဲ့ကာဖြင့် လျှောက်တတ်ကြသည်။

ယခုဝင်လာသော ယောကျ်ားအပျိုထိန်း၏ပုံမှာ ပို၍ထူး ဆန်းနေလေသည်။

အန်းဖုသည် ယင်းလူဆီသို့သွားပြီးနောက် ချက်ချင်းပင်ပြန်လှည့်လာပြီး လုရှောင်ဖုန့်အား ရှင်းပြလိုက်သည်။

"ဟိုလူဟာ ငါတို့ရဲ့အုပ်ချုပ်ရေးမှူး ဆရာကြီးဝမ်ကျုံးကွမ်းပဲ သူပြန်လာတာနဲ့ အစ်ကိုကြီး မားကိုးက ဖဲဝိုင်းစတော့မယ်၊ နင်သွားကစားလိုက်ပါလား"

လုရှောင်ဖုန့်က အားတင်း၍ပြုံးလိုက်ရင်း....

"အတော်ကြာမှ ငါကစားတော့မယ်... အခု မင်းကို ငါတစ်ခုအကူအညီတောင်းချင်တယ်"

"ပြောလေ"

အန်းဖုက ပြောရင်း လုရှောင်ဖုန့်၏လက်ကိုဆွဲထားပြန်၏။ သူကဆက်လက်၍ ပြီတီတီမျက်နှာပေးမျိုးဖြင့်....

"နင့်အတွက်ဆို ဘာကိစ္စပဲဖြစ်ဖြစ် ငါကူညီမှာပေ့ါ"

"ဒီလိုဆိုရင် မင်းတစ်ခု သွားစုံစမ်းကြည့်ပါ... ဒီရက်အတွင်းမှာ ဒီထဲကို သူစိမ်းတွေလာဖူးသလားလို့"

"ရပါတယ်... ငါ အခုပဲ သွားစုံစမ်းပေးလိုက်မယ်"

သူသည်ပြောရင်း လုရှောင်ဖုန့်၏လက်ကို တစ်ချက်ကိုင်ညှစ်လိုက်ပြီးမှ ထွက်သွားလေသည်။

လုရှောင်ဖုန့်က ထိုအခါကျမှ ကန်းကျောက်ဘက်သို့လှည့်



၍....

"ငါ ပြောရဲတယ်... စီးမင်းချွေးရှက်ဟာ ဘယ်နည်းနဲ့မှဒီလိုနေရာကိုလာပြီး တိမ်းရှောင်နေမှာမဟုတ်ဘူး"

"ဒီနေရာဟာ သူများတွေ လုံးဝမထင်မိနိုင်တဲ့ နေရာပဲလို့ သူ သိထားလို့ သူ ဒီမှာတမင်သက်သက် လာရှောင်နေတာကော မဖြစ်နိုင်ဘူးလား"

"ငါ ဒီမရောက်ခင်တုန်းကတော့ ဒီလိုပဲထင်ခဲ့မိတယ်၊ ဒါပေမယ့် အခုတော့ ငါ ဒီကိုရောက်လာတော့မှ ငါထင်တာတွေမှားကြောင်း ငါ သိရပြီ၊ ဒီလိုနေရာမျိုး သူ့ကိုမပြောနဲ့ ငါ့လိုလူမျိုးတောင်မှ တစ်ရက်သာနေလိုက်ရရင် ရူးသွားနိုင်စရာအကြောင်းရှိတယ်"

"ဒါပေမယ့် ဒီမြင်းဖြူဟာ တကယ်ပဲ ဒီတစ်ဝိုက်က ထွက်လာတာပဲ"

လုရှောင်ဖုန့်က တစ်ချက်စဉ်းစား၍....

"ကျန်းရင်းဖုန်းကလဲ ဒီမှာပဲအသတ်ခံရတာဖြစ်လိမ့်မယ်"

လုရှောင်ဖုန့်က ဆက်၍....

"ဒါပေမယ့် တကယ်လို့ စီးမင်းချွေးရှက် ဒီမှာမရှိရင် ကျန်းရင်းဖုန်းဟာ ဘယ်သူ့လက်ချက်နဲ့သေရတာလဲ၊ ဘယ်သူကကော ဒီ လောက်မြန်တဲ့ဓားကွက်မျိုးကို အသုံးပြုနိုင်လို့လဲ"

ကန်းကျောက်က မဖြေနိုင်တော့ပေ။

ထိုစဉ်အန်းဖု ပြန်ရောက်လာ၏။ သူက လုရှောင်ဖုန့်သိချင်သောသတင်းကိုစုံစမ်းပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။

"တစ်နေ့ညက အစ်ကိုကြီးမားကိုးက လူရွယ်တစ်ယောက်ကိုခေါ်လာတယ်တဲ့"

လုရှောင်ဖုန့်က ယင်းသတင်းကြောင့် အားတက်သွားပြီး....

"သူ့နာမည်က ကျန်းရင်းဖုန်းလား"

"ဒါတော့ ငါ မသိဘူး"

"အခု သူကော"

"မသိဘူး"

"ဒါနဲ့မားကိုးရဲ့ ဖဲဝိုင်းက ဘယ်မှာလဲ"

လုရှောင်ဖုန့်ကမေးရင်း မတ်တတ်ရပ်လိုက်ပြီး....

"ငါ့လက်က ဖြုန်းခနဲယားလာပြီ... တစ်လက်နှစ်လက်လောက် ကစားလိုက်ချင်တယ်"

"ရပါတယ်... ငါ မင်းကိုခေါ်သွားမယ်လေ"

သူကပြောရင်း လုရှောင်ဖုန့်၏လက်ကိုဆွဲလိုက်ပြီး ပြုံးပြုံးရွှင်ရွှင်ဖြင့်....

"မင်းမှာ ပိုက်ဆံပါလာသလား... မလောက်ရင် ငါ မင်းကို



ချေးပေးမယ်လေ"

မားကိုးမှာ ယောကျ်ားအစစ်ဖြစ်၍ အပျိုထိန်းမဟုတ်ပါ။

လူကောင်မှာ ကြီးမားတောင့်တင်းပြီး တစ်ကိုယ်လုံး ကြွက်သားများဖြင့် ပြည့်နှက်လျက်ရှိနေ၏။

သူ့မျက်နှာတွင် လူတကာကိုအထင်သေးပြီး ဘဝင်မြင့်သော အမူအရာမျိုး အမြဲတမ်း ပေါ်လွင်လျက် ရှိနေ၏။

အခုလို ယောကျ်ားမဟုတ် မိန်းမမဟုတ်သော အပျိုထိန်းများ၏ကြားတွင် သူက ကြက်မလေးများကြား၌ ထီးထီးမားမားရပ်တည်လျက်ရှိနေသော ကြက်ဖကြီးနှင့် တူနေလေတော့သည်။

ထိုအပျိုထိန်းများက မားကိုးကိုကြည့်ကြသော အမူအရာမှာလည်း ဇနီးသည်က မိမိ၏လင်ယောကျ်ားကို ရိုသေလေးစားသော အမူအရာဖြင့် ကြည့်နေသလိုပင် ပုံဆောင်လျက်ရှိနေပါ၏။

စားပွဲဝိုင်း၌ အပျိုထိန်းဆယ်ယောက်ခန့်ကဝိုင်း၍ လောင်းကြေးထိုးနေကြ၏။

တစ်ယောက်တစ်ပေါက်နှင့် အသံများ ညီးညီးညံညံ ဆူညံလျက်ရှိနေ၏။

ဒိုင်လုပ်သူမှာ မားကိုးဖြစ်လေသည်။ သူက ဝင့်ကြွားစွာဖြင့် အပျိုထိန်းများကြားတွင် ထိုင်နေ၏။

ကန်းကျောက်က တံခါးဝထိသာလိုက်လာခဲ့ပြီး ချက်ချင်းပြန်လှည့်သွား၏။

"ကျုပ် တခြားနေရာမှာ သွားစုံစမ်းလိုက်ဦးမယ်... တော်ကြာမှ ပြန်လာခဲ့မယ်"

သူက သူ့အပေါ် ပြဿနာတက်လာမည်စိုး၍ ချက်ချင်းလစ်သွားခြင်းဖြစ်၏။



အန်းဖုက လုရှောင်ဖုန့်ကိုခေါ်၍ဝင်သွား၏။ အထဲသို့ ရောက်သည်နှင့်သူက အသံကိုမြှင့်၍....

"အပေါင်းအသင်းတို့ ငါတို့ကိုနေရာပေးကြစမ်းပါဦး၊ ငါ့ရဲ့အချစ်ဆုံးညီလေးက ဖဲဝိုင်းထဲဝင်ပြီး ကစားချင်လို့တဲ့"

လုရှောင်ဖုန့်ကို တစ်ချက်ကြည့်လိုက်သည်နှင့် မားကိုး၏ မျက်လုံးမှာ ပြူးကျယ်သွား၏။

သူ့အကြည့်သည် ရှုတည်တည်နိုင်လှ၏။ ကြက်ဖကြီးတစ်ကောင်က မိမိ၏နယ်ပယ်သို့ အခြားကြက်ဖတစ် ကောင်ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်နှယ်။

သူသည် လုရှောင်ဖုန့်ကို သေချာစွာ အကဲခတ်လိုက်ပြီးနောက် အေးစက်သောအသံဖြင့်....

"မင်းဝင်ပြီး ကစားချင်လို့လား... အကြီးကစားမှာလား အသေးကစားမှာလား၊ နောက်ပြီး အစစ်ကစားမှာလား၊ အတုကစားမှာလား"

အပျိုထိန်းများက မားကိုး၏အပြောကြောင့် ဟားတိုက်ရယ်လိုက်ကြ၏။ ရယ်သံမှာ ကြက်ဖများ၏တွန်မြည်သံနှင့် တူလှ၏။

လုရှောင်ဖုန့်မှာ ထိုရယ်သံကြားလိုက်ရသောအခါ ကြက်

သီးမွေးညင်းပင် ထလာမိ၏။

"ကျုပ် မကြီးမသေးဘဲ ကစားမယ်"

မားကိုးက ခနဲ့ပြုံးတစ်ချက်ပြုံး၍....

"မင်းမှာ ဘယ်လောက်ပါတယ်ဆိုတာ အရင်ထုတ်ပြဦးမှ ပေါ့"

လုရှောင်ဖုန့်က တစ်ချက်ရယ်လိုက်ပြီးနောက် အိတ်ထဲမှ တွန့်ကြေနေသော ငွေစက္ကူတစ်ရွက်ကိုထုတ်၍ ခုံပေါ် သို့တင်လိုက်သည်။

"ဒီလောက်နဲ့လောက်ပြီလား"

လုရှောင်ဖုန့်၏အပြုအမူကြောင့် အားလုံးဝိုင်းဟားကြပြန်၏။ အန်းဖုခမျာ မျက်နှာငယ်သွားရှာ၏။

သူတို့စိတ်ထဲတွင် ယင်းစက္ကူစုတ်သည် တန်ဖိုးမရှိသော စက္ကူစုတ်ဟု ထင်မှတ်နေဟန်တူသည်။

ထိုစဉ် အပျိုထိန်းထဲမှ တစ်ယောက်က ထိုတွန့်ကြေနေသော ငွေစက္ကူကို ဖြန့်ကြည့်လိုက်လေသည်။

ရုတ်တရက် ထိုအပျိုထိန်းမှာ မျက်လုံးပြူးကြောင်သွားသည်ကို တွေ့ရလေသည်။ ပါးစပ်မှလည်း လွတ်ခနဲ အော်လိုက်မိသည်။



"တစ်သောင်း"

ထိုတွန့်ကြေနေသောငွေစက္ကူမှာ နေပြည်တော်၏ နာမည်အကြီးဆုံး ဘဏ်တိုက်မှထုတ်ပေးလိုက်သော တစ်သောင်းတန်ချက်လက်မှတ် ဖြစ်နေလေသည်။

ထိုချက်လက်မှတ်နှင့်သွားထုတ်လျှင် လက်ငင်းငွေတစ်သောင်းရနိုင်၏။

အန်းဖုမှာ ယခုမှရယ်နိုင်ပြုံးနိုင်လာ၏။ သူက ရင်ကိုကော့၍....

"ငါပြောသားပဲ... ငါ့ညီလေးဟာ ပေါ့သေးသေးထဲက မဟုတ်ပါဘူးလို့"

ထိုငွေစက္ကူချက်လက်မှတ်ကိုတွေ့ရသောအခါ မားကိုးသည် အလိုလိုငြိမ်ကျသွား၏။

သူက အားတင်း၍ ပြုံးလျက်....

"ဒီလောက်တန်ဖိုးကြီးတဲ့ငွေစက္ကူကို ဘယ်နဲ့လုပ် ငါဖျက်နိုင်မှာလဲ"

"ဖျက်စရာ မလိုပါဘူးလေ"

လုရှောင်ဖုန့်က တည်ငြိမ်စွာဖြင့်....

"ကျုပ်က တစ်လက်တည်းပဲထိုးမှာပါ"

"တစ်လက်တည်းနဲ့ ငွေတစ်သောင်းထိုးမယ်"

မားကိုး၏မျက်နှာမှာ ချွေးပြန်လာပြန်၏။ သူက စကားကို ထစ်ထစ်ငေါ့ငေါ့ဖြင့်....

"ကျုပ်တို့ ဒီမှာက ဒီလောက်ကြေးကြီးကြီး မကစားဘူး"

"ကျုပ် သိပါတယ်... ကျုပ် ခင်ဗျားကို အနိုင်ကစားပြီးရင် ငွေမယူပါဘူး၊ မစိုးရိမ်ပါနဲ့... ကျုပ်စကားနှစ်ခွန်းပဲ ခင်ဗျားဆီက တောင်းမှာပါ"

"တကယ်လို့ မင်းရှုံးရင်ကော"

"ကျုပ်ရှုံးရင်တော့ ဒီတစ်သောင်းတန်ချက်လက်မှတ်ဟာ မင်းပိုင်ပြီပေါ့ကွာ"

မားကိုး၏မျက်လုံးအရောင်မှာ တောက်ပလာပြန်၏။ သူက ချက်ချင်းပင်....

"ဒါနဲ့မင်းက ဘာစကားလိုချင်လို့လဲ"

လုရှောင်ဖုန့်က သူ့ကိုတစ်ချက်စိုက်ကြည့်ပြီး တစ်လုံးချင်း ပြောချလိုက်သည်။

"တစ်နေ့ညက မင်း ဒီကိုခေါ်လာတဲ့လူဟာ ကျန်းရင်းဖုန်း ဆိုတဲ့လူ မဟုတ်လား၊ သူက ဘယ်လိုကြောင့်သေသွားရတာလဲ"

မားကိုး၏မျက်နှာမှာ ချက်ချင်းပျက်သွား၏။ အပျိုထိန်း



များ ၏မျက်နှာတွေလည်း ပျက်သွားကြ၏။

ထိုစဉ် ရုတ်တရက် လူတစ်ယောက်က အေးစက်စွာဖြင့် အော်ပြောလိုက်သည်။

"ဒီကောင်က ဖဲကစားတာမဟုတ်ဘူး... သက်သက်လာ နှောင့်ယှက်တာ... သူ့ကိုဝိုင်းရိုက်ထုတ်ကြပေ့"

ထိုစကားကို ပြောလိုက်သောသူ၏အသံမှာ သေးသွယ်စူးရှ ပြီး အဘွားကြီးအသံနှင့်တူနေ၏။

ထိုသူမှာ တခြားမဟုတ်ပေ။ အပျိုထိန်းတို့၏ခေါင်းဆောင် ဝမ်ကျုံးကွမ်း ဖြစ်နေလေသည်။

မားကိုးက အရင်ဦးဆုံး ခုန်အုပ်တိုက်ခိုက်လာ၏။ အပျို ထိန်းများကလည်း နောက်မှလိုက်လာကြပြီး ကုတ်ဖဲ့ဆွဲဖြဲကြရန် တာ စူနေကြ၏။

လုရှောင်ဖုန့်က သူတို့၏အဆွဲကိုတော့ မခံပေ။

သို့သော် ဒီလိုယောကျ်ားမဟုတ် မိန်းမမဟုတ်သောလူမျိုး ကိုလည်း သူက ရက်ရက်စက်စက်ပြန်ပြီး မတိုက်ခိုက်လို။

သူက မားကိုးကို အရင်ချုပ်ထားနိုင်လျှင် ကျန်လူများက မလှုပ်ရဲတော့ဟုတွက်ထား၍ မားကိုးကို အရင်တိုက်ခိုက်လေသည်။

မားကိုးကလည်း မခေလှပေ။ သူထိုးလိုက်သောလက်သီး

များမှာ လေသံတဟူးဟူး အော်မြည်နေ၏။

သို့သော် သူက လုရှောင်ဖုန့်နှင့် တွေ့နေခြင်းဖြစ်သဖြင့် သူ့လက်သီးတွဲများမှာ အရာမရောက်ချေ။

လုရှောင်ဖုန့်၏ပွတ်ကာသီကာ အရှောင်အတိမ်းကလေးများကြောင့် သူ အခက်တွေ့နေသည်။

ရုတ်တရက် လုရှောင်ဖုန့်က ဘယ်လက်ဖြင့် အသာလေး သူ့လက်ကိုဆွဲယမ်းလိုက်ပြီး ရင်ဝကို တစ်ချက်အသာလေး ရိုက်ထည့်လိုက်၏။

မားကိုး၏ ကျွဲရိုင်းကဲ့သို့သော ခန္ဓာကိုယ်မှာ နောက်သို့ယိုင်ထွက်လဲကျသွားတော့၏။

မားကိုးက နောက်သို့လန်ကျသွားသောအခါ တခြားလူ၏ကိုယ်ပေါ်သို့ ဖိပြီး ကျသွား၏။

သူက ပြန်ထလာသောအခါတွင် သူ၏မျက်နှာမှာ သွေးလုံးဝမရှိတော့ဘဲ ဖြူရော်လျက်ရှိနေ၏။

နှုတ်ခမ်းထောင့်တွင်လဲ သွေးများ ယိုစီးထွက်လာသည်ကို အံ့သြစွာ တွေ့ရလေသည်။

လုရှောင်ဖုန့်မှာ ရုတ်တရက် ကြောင်သွား၏။ စောစောက သူရိုက်လိုက်သောလက်ဝါးစောင်းမှာ အားပျော့ပျော့နှင့်ရိုက်လိုက်



ခြင်းသာ ဖြစ်၏။

ဘယ်နည်းနှင့်မှ ဒီလိုသွေးထွက်သံယိုမှုဖြစ်လာနိုင်စရာအကြောင်းမရှိပေ။

အခုလက်ရှိအခြေအနေအတိုင်းဆိုလျှင် ဆိုးဝါးလှ၏။

မားကိုး၏လည်မျိုထဲမှ....

"အား... အီး"

အသံများ ထွက်ပေါ်လာပြီး မျက်လုံးပြူးထွက်နေ၏။

လုရှောင်ဖုန့်က အခုမှသတိပြုလိုက်မိ၏။ လက်စသတ်တော့ မားကိုး၏နံကြားတွင် ဓားတစ်ချောင်းစိုက်ဝင်လျက်ရှိနေသောကြောင့် ဖြစ်သည်။

မည်သူမဆို ဓားကို ထိုနေရာတွင် အဆုံးထိထိုးစိုက်ခံရလျှင် အသက်ရှင်နိုင်စရာအကြောင်းမရှိတော့ပေ။

အခန်းထဲ၌ လူတွေရှုပ်ထွေးနေသဖြင့် မည်သူ့လက်ချက်ဖြစ်ကြောင်း လုရှောင်ဖုန့်က မသိချေ။

သူက ချက်ချင်း မားကိုးထံသို့ပြေးသွားပြီး ဓားမြှောင်ကိုဆွဲနှုတ်လိုက်၏။

ထိုအခါ သွေးများပန်းထွက်လာပြီး မားကိုးလဲကျသွားလေသည်။

လဲကျသွားစဉ် သူသည် စကားတစ်ခွန်းကို လေသံသဲ့သဲ့ဖြင့် ပြောလိုက်၏။

သို့သော်အသံမှာ လုံးထွေးနေ၍ ကောင်းစွာ မကြားလိုက်ရချေ။

အပျိုထိန်းများက ထိတ်လန့်စွာအော်၍ အပြင်သို့ထွက်ပြေးသွားကြ၏။

"လာကြပါဦး... ဒီမှာလူသတ်နေပါတယ်၊ လူသတ်သမားအထဲမှာ ရှိနေပါတယ်"

လုရှောင်ဖုန့်က အပျိုထိန်းများကိုမကြောက်သော်လည်း သူက စာရင်းမရှုပ်ချင်ပေ။

ထို့ကြောင့် သူသည် ထိုနေရာမှ လျင်မြန်စွာ လစ်ပြေးတော့သည်။

'ဝုန်း'ခနဲ ခေါင်မိုးမှာပေါက်ထွက်သွားပြီး သူသည်လည်း အပြင်သို့ပေါ့ပါးစွာ ခုန်ထွက်သွားတော့သည်။

အပြင်သို့ရောက်သောအခါ လေးဖက်လေးတန်မှလူများ သူ့ထံသို့ပြေးလာနေသည်ကို တွေ့လိုက်ရ၏။

တချို့က ဓားကိုင်ထားပြီး တချို့က တုတ်တွေကိုင်ထားလေသည်။



လုရှောင်ဖုန့်အား အပြတ်ရှင်းရန် ပြေးလာကြခြင်းပင်ဖြစ်ပါ၏။

လုရှောင်ဖုန့်အဖို့ ထွက်ပေါက်မှာ ဝင်းထရံကြီးကိုခုန်ကျော်ရန်သာ ရှိတော့၏။

သို့သော် နေပြည်တော်ဝင်းထရံမှာ ပေငါးဆယ်ခန့် မြင့်၏။

ကိုယ်ဖော့ပညာ အမြင့်ဆုံးအဆင့်ထိရောက်သူပင် ဒီမျှလောက်မြင့်သော ဝင်းထရံကို တစ်ချက်တည်းနှင့် ခုန်ကျော်၍ မရချေ။

ဒီတော့ လုရှောင်ဖုန့်က အပြေးအလွှား အဖြေရှာကြည့်၏။

သူ့လက်ထဲတွင် ကိုင်ထားသောဓားကို လုရှောင်ဖုန့်က တစ် ချက်ငုံ့ကြည့်လိုက်ပြီး အကြံတစ်ခုလက်ခနဲ သူ့ဦးနှောက်တွင် ရုတ်တ ရက် ပေါ်လာသည်။

သူက ပေလေးဆယ်ခန့်သာ ကိုယ်ဖော့ပြီးခုန်နိုင်၍ ဓားမြှောင်ဖြင့် နံရံကိုထိုးစိုက်လိုက်၏။

သူ့ကိုယ်မှာနံရံတွင် တွဲလောင်းကပ်ပါနေ၏။ ပြီးနောက် ရုတ်တရက် လွှားခနဲ သူ့ကိုယ်မှာ နောက်ကျွမ်း ပစ်၍ခုန်ပျံသွားပြီး နံရံပေါ်သို့ရောက်သွား၏။

ဝင်းထရံပေါ်သို့ ခြေချခါနီးတွင် ရုတ်တရက် လူတစ်

ယောက်၏ ကြိမ်းမောင်းသံ ပေါ်ထွက်လာသည်။

"မင်း ဘယ်ပြေးချင်သေးလဲ၊ ဒီတစ်ခါ မင်း ပြေးလို့မလွတ်တော့ပါဘူး"

လုရှောင်ဖုန့်သည် အသံကိုသာကြားရပြီး ပြောသူကိုမူ ရှာမတွေ့ပေ။

လေထဲတွင်တစ်ပတ်ကျွမ်းထိုးပြီး ထရံပေါ်သို့ခြေချလိုက်သောအချိန်တွင်မှ ပြောလာသူကိုတွေ့လိုက်ရလေသည်။

နန်းတော်ကြီး၏ဝင်းထရံအနံမှာ ကျယ်လှ၏။ နှစ်ကိုက်ခန့်ရှိသည်။

ထိုဝင်းထရံပေါ်တွင် ဘုန်းကြီးတစ်ပါးက နေပူစာလှုံရင်း အကျီကိုချွတ်ကာ လက်ထဲတွင်ကိုင်ထား၏။

ထိုသူမှာ ရှီးရှီးဘုန်းဘုန်းဖြစ်နေ၏။

"ရှီးသားဘုန်းဘုန်း"

လုရှောင်ဖုန့်မှက လွှတ်ခနဲ အော်ခေါ်လိုက်၏။

ရှီးသားဘုန်းဘုန်းက သဘောကျဟန်ဖြင့် ရယ်မော၍...



"မလန့်ပါနဲ့မကြောက်ပါနဲ့... ဘုန်းဘုန်းဖမ်းတာက မင်းကို မဟုတ်ပါဘူး၊ ဒီအကောင်လေးတွေပါ"

ရှီးသားဘုန်းဘုန်းက အကျီကြားမှ သန်းကောင်လေးတစ်ကောင်ကို လက်ချောင်းနှစ်ခုဖြင့် ညှပ်၍ဖမ်းလိုက်ပြီး ရယ်မောလိုက်ရင်း...

"ငါ့ရဲ့ လက်ချောင်းနှစ်ချောင်းညှပ်တဲ့ပညာက မင်းကိုမမီပေမယ့် ဒီလောကမှာ ဘယ်သန်းကောင်မှ ငါ့လက်ချောင်းကြားကနေပြီးတော့ မလွတ်နိုင်ပါဘူး"

လုရှောင်ဖုန့်က စကားလမ်းကြောင်းပြောင်း၍...

"ဘုန်းကြီးက ဘာဖြစ်လို့ ဒီကိုရောက်လာရတာလဲ"

"ဘုန်းကြီးလဲ မြင်းဖြူတစ်ကောင်ရဲ့ အကြောင်းနဲ့ လူသေကောင်ရဲ့ အကြောင်းစုံစမ်းချင်လို့ ဒီကိုရောက်လာတာပါ"

"ဒီလိုဆိုရင် ကျန်းရင်းဖုန်းဟာ တကယ်ပဲ ဒီမှာသေခဲ့တာပေါ့"

"မင်း ဒီကိစ္စကိုစုံစမ်းလို့ရပြီလား"

လုရှောင်ဖုန့်က ခေါင်းညိတ်လိုက်ပြီး...

"သူသေရတာက ဒီထဲက မားကိုးဆိုတဲ့လူနဲ့ သိပ်ပတ်သက်နေတယ်"

"မင်း မားကိုးကိုမေးပြီးပြီလား"

"သူ့ကိုမေးမယ်လုပ်တုန်းမှာ သူ အသတ်ခံရတယ်"

"ဘယ်သူက သူ့ကိုသတ်လိုက်တယ်ဆိုတာ မင်းမသိလိုက်ဘူးလား"

"ကျွန်တော်သိတာ တစ်ခုရှိတယ်... သူသေရတာက ဝမ်းကျုံးကွမ်းလို့ခေါ်တဲ့ ယောကျ်ားအပျိုထိန်းခေါင်းဆောင်နဲ့ သိပ်ကိုပတ်သက်နေတယ်လို့ ထင်တယ်"

"ဝမ်းကျုံးကွမ်းကကော ဘယ်လိုလူစားမျိုးလဲ"

"ယောကျာ်းမဟုတ် မိန်းမမဟုတ်တဲ့လူပေါ့"

"သူတို့ကကော ဘာဖြစ်လို့ ကျန်းရင်းဖုန်းကိုသတ်ရတာလဲ"

"သူတို့က ကျန်းရင်းဖုန်းကိုသတ်ပါတယ်လို့ ကျွန်တော် မပြောသေးပါဘူး"

"ဒီလိုဆိုရင် ဘယ်သူသတ်တာလဲ"

"ဘယ်သူပဲသတ်သတ် စီးမင်းချွေးရှက်သတ်တာတော့ မဟုတ်နိုင်ဘူးလို့ ကျွန်တော်ပြောရဲတယ်"

"ဘာကြောင့် ဒီလောက်တောင် အသေအချာပြောနိုင်ရတာလဲ"



"စီးမင်းချွေးရှက်လိုလူမျိုးက ဒီလိုနေရာမျိုးမှာ ဘယ်နည်းနဲ့မှ နေနိုင်မှာမဟုတ်ဘူး ခင်ဗျ"

လုရှောင်ဖုန့်က ဆက်မပြောတော့ဘဲထွက်ခွာရန် ဟန်ပြင်လိုက်၏။

သို့သော် သူက သည်နေရာမှထွက်ခွာ၍မရတော့မှန်း ချက်ချင်းသိသွားလေသည်။

အကြောင်းကား သူက ရှေ့ဘက်သို့လျှောက်သွားစဉ် သူနှင့်မျက်နှာချင်းဆိုင် မြို့ရိုးပေါ်မှ လူနှစ်ယောက်က ပခုံးချင်းယှဉ်၍ ဖြည်းညင်းစွာ သူ့ထံသို့လျှောက်လာနေသည်ကို တွေ့ရ၏။

အခြားဘက်မှလည်း လူ ၂ ယောက်လျှောက်လာနေ၏။ မြို့ရိုးအတွင်းဘက်သို့ ပြန်ခုန်ဆင်းရန်ကလည်း မဖြစ်။ မြို့ရိုးအပြင်သို့ ခုန်ထွက်လျှင်လည်း အပြင်ဘက်၌လေးမြားတပ်သားများက စီတန်းလျက် အသင့်ဖြစ်နေသည်ကိုတွေ့လိုက်ရလေသည်။

လုရှောင်ဖုန့်က သက်ပြင်းချလိုက်တော့၏။

ရှေ့ဘက်မြို့ရိုးမှ လျှောက်လာသောလူနှစ်ယောက်တွင်

တစ်ယောက်မှာ မျက်နှာသွင်ပြင်တည်ငြိမ်လှပြီး နောက်တစ်ယောက်မှာမူ မျက်နှာဖြူဖတ်ဖြူရော်ဖြစ်နေ၏။

အခြားတစ်ဘက်မှ လျှောက်လာသောလူနှစ်ဦးတွင် တစ်ယောက်က သိမ်းငှက်ကဲ့သို့မျက်လုံးရှိပြီး နောက်တစ်ဦးမှာမူ ပေရှင်ကွမ်းအဆောင်တွင် လုရှောင်ဖုန့်ကို စားဖြင့်ထိုးခဲ့ဖူးသော နန်းတွင်းထိပ်သီးသိုင်းသမားတစ်မိုးအောက် ဓားချင်းရက်ဖြစ်နေလေသည်။

သူတို့လေးဦးစလုံး၏ အမူအရာမှာ တည်ကြည်ခန့်ညားပြီး ဝတ်ဆင်ထားသော အဝတ်အစားတို့ကလည်း တောက်တောက်ပြောင်ပြောင် ရှိလှသည်။

"နန်းတွင်းထိပ်သီးသိုင်းသမားကြီးလေးယောက်စလုံး ရောက်လာပြီ... ဘာဆက်လုပ်ရင် ကောင်းမလဲ ဘုန်းကြီးရဲ့"

လုရှောင်ဖုန့်က ရိုးရိုးဘုန်းဘုန်းအား လှမ်းပြီး အကြံဉာဏ်တောင်းခံလိုက်သည်။

ရိုးသားဘုန်းဘုန်းက သဘာဝကျကျပြောရယ်ရင်း....

"တော်သေးတယ်လို့ ဆိုရမယ်... ဘုန်းကြီးက လူမသတ်ခဲ့တော့ ဘုန်းကြီးအနေနဲ့ဘာမှကြောက်စရာမရှိဘူး"

ပြောရင်း သူက ရယ်၍နေရာမှ ထခုန်လိုက်ပြီး ရုတ်တရက်အော်မေးလိုက်၏။



"မင်းတို့ထဲက ဘယ်သူဟာ တိမ်ပျံဓားခေါ်ကျိုရွှင်လဲ"

မျက်နှာသွင်ပြင်တည်ငြိမ်သော လူကြီးက....

"ငါပဲ"

"သိမ်းဘုရင်တူဖန်းဆိုတာကော"

သိမ်းငှက်မျက်လုံးကဲ့သို့ရှိသောလူက....

"ငါပဲ"

ထိုစဉ်တစ်မိုးအောက်ဓားချင်းရက်က ဝင်၍....

"ချွင်ကျိုရွှင်ရဲ့ဘေးကလူကတော့ ကြယ်ပျံတင်းအောက်တဲ့၊ ငါကတော့ ချင်းရက်တဲ့"

ရိုးသားဘုန်းဘုန်းက လုရှောင်ဖုန့်ဘက်သို့လှည့်၍ လက်ညှိုးထိုးပြီး....

"ဒီလူဟာ မရိုးသားဘူး... မင်းတို့ကိစ္စရှိရင် သူ့ကိုပဲ အရင်မေးပါ၊ ဘုန်းကြီးနဲ့တော့ ဘာမှမဆိုင်ဘူးနော်"

တင်းအောက်က အေးစက်သောလေသံဖြင့်....

"ငါတို့ရှာနေတဲ့လူက သူပဲ"

လုရှောင်ဖုန့်က ပြုံး၍....

"ငါ့ကိုရှာတာက အရက်တိုက်ချင်လို့များလား"

တူဖန်းက အေးစက်စွာဖြင့်....

"မင်းက နန်းတွင်းထဲကိုလဲ အခွင့်မရဘဲဝင်လာသေးတယ် လူကိုလဲ ဓားနဲ့ထိုးသတ်သွားသေးတယ်၊ ဒါတောင် မင်းက အရက်ထပ်သောက်ချင်သေးတယ်ဆိုတော့"

(ပထမပိုင်း) ပြီး၏။

(ဒုတိယပိုင်း-ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

သစ္စာမွန်